မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂) အမှတ် (၂၆၀)

Established in 1914

Myanma Alinn Daily

၁၃၇၄ ခုနှစ်၊ နယုန်လဆန်း ၁၄ ရက်

၂၀၁၃ ခုနှစ်၊ ဇွန် ၂၂ ရက်၊ စနေနေ့။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

ထစ်ချုန်းမိုး

၂၂-၆-၂၀၁၃

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ချီလီသမ္မတနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဇွန် ၂၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ချီလီသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ လူးဝစ် ဖာနန်ဒိုဒါနုစ် ချာပဲန်တီယာသည် ယနေ့ နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်သို့သွားရောက်၍ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

တက်ရောက်

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်နှင့်သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသူရိန်သန့်ဇင်တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ချီလီသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ လူးဝစ် ဖာနန်ဒိုဒါနုစ် ချာပဲန်တီယာ နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်၌ သံအမတ်ခန့်အပ်လွှာကို ပေးအပ်ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

ရန်ကုန်မြို့အတွက် တစ်နေ့ရေဂါလန် သန်း ၄၀ ထုတ်လုပ်မည့် လဝွန်းပြင်စီမံကိန်း

ရန်ကုန် ဇွန် ၂၁

ရန်ကုန်မြို့က လူဦးရေ သိပ်သည်းထူထပ်လာသည်။ ပြောင်းရွှေ့အခြေချနေထိုင်လာမှုလည်း များပြားလာလျက်ရှိရာ လူမှုဘဝနေထိုင်မှု၏ အခြေခံလိုအပ်ချက်များလည်း ဖြည့်ဆည်းပေးရန်လိုအပ်လာသည်။ ထိုလိုအပ်ချက်များအနက် ရန်ကုန်မြို့နေ ပြည်သူများအတွက် သောက်သုံးရေသန့်များ ဖြန့်ဖြူးပေးနိုင်ရန် လဝွန်းပြင်ရေပေးဝေရေးစီမံကိန်းကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ဆောင်ရွက်နေပြီဖြစ်သည်။

လဝွန်းပြင်ရေပေးဝေရေးစီမံကိန်းလုပ်ငန်းခွင်ကို တွေ့ရစဉ်။

သတင်းမှတ်စု-မောင်မောင်မြင့်ဆွေ

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

"ရန်ကုန်မြို့တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်းမှာရှိတဲ့ သောက်သုံးရေ အရနည်းနေတဲ့ ပြည်သူတွေနဲ့၊ သောက်သုံးရေ လုံးဝမရရှိသေးတဲ့ ပြည်သူတွေအတွက် အခုလို လဝွန်းပြင်ရေပေးဝေရေးစီမံကိန်းကို ဆောင်ရွက်နေခြင်းဖြစ်ပါတယ်" ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)မှ လက်ထောက်ဌာနမှူး ဦးသက်လွင်က ပြောကြားသည်။

လဝွန်းပြင်ရေပေးဝေရေးစီမံကိန်းမှာ ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း) အမှတ်(၂)လမ်းနှင့် မြို့ပတ်လမ်းထောင့်ရှိ သုံးခွကျေးရွာ မစိုချောင်းအနီး

စာမျက်နှာ ၈ ကော်လံ ၁ *

ယနေ့ မာတိကာ

အမေရိကန်နှင့် ဂျော်ဒန်ပူးတွဲစစ်ရေးလေ့ကျင့်မှုစတင် — စာမျက်နှာ - ၄

သက်ကြီးပိုင်းများ အစာစားပြီး လမ်းလျှောက်ခြင်းဖြင့် ဆီးချိုရောဂါအန္တရာယ် သက်သာစေနိုင် — စာမျက်နှာ - ၅

လျှပ်စစ်ဓာတ်အားကို တရားမျှတစွာ ဝယ်ယူသုံးစွဲတတ်ကြစေလို — ဆောင်းပါး — စာမျက်နှာ - ၆

ယာဉ်အိုယာဉ်ဟောင်းအပ်နှံဖျက်သိမ်း၍ အစားထိုး တင်သွင်း — စာမျက်နှာ - ၈

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ဝိုင်းဝန်းဖေးမကူညီကြမည်

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကို တည်ဆောက်ရာတွင် လူ့စွမ်းအားအရင်းအမြစ်များကို အပြည့်အဝ အသုံးချရေးသည် အဓိကကျသည်။ ကိုယ်အင်္ဂါချို့ယွင်းမှု တစ်ခုခုကြောင့် မသန်စွမ်းသူဘဝသို့ ရောက်ရှိရသူများသည် ယနေ့အချိန်တွင် မစွမ်းဆောင်နိုင်သူများ မဟုတ်ကြတော့ဘဲ လူသားတစ်ဦး၏ စွမ်းဆောင်ရည်ကို ဘက်ပေါင်းစုံမှ အသုံးချနိုင်သည့် နည်းလမ်းများကို ရှာဖွေအသုံးပြုလာကြပြီ ဖြစ်သည်။ မသန်စွမ်းသူတို့တွင် ရှိသည့် ကာယ၊ ဉာဏစွမ်းဆောင်ရည်များကို အပြည့်အဝအသုံးချပြီး နိုင်ငံတော်သစ်တည်ဆောက်ရေးတွင် တစ်ဖက်တစ်လမ်းက ပါဝင်နေကြပြီ ဖြစ်သည်။

မျက်မှောက်ကာလတွင် မသန်စွမ်းမှုနှင့် မသန်စွမ်းသူများ၏ အရေးကိစ္စများကို မူဘောင်အသစ်၊ အမြင်အသစ်များနှင့် သိရှိနားလည် သဘောပေါက်ရန် ကြိုးပမ်းဆောင်ရွက်လာကြပြီ ဖြစ်သည်။ တစ်ချိန်က မသန်စွမ်းသူများအပေါ် မသိနားမလည်ခြင်း၊ လျစ်လျူရှုခြင်း၊ အယူသီးခြင်းနှင့် ကြောက်ရွံ့စိုးရိမ်ခြင်းတို့ဖြင့် ပစ်ပယ်ခဲ့ကြမှုကြောင့် မသန်စွမ်းသူတို့မှာ အထီးကျန်ဘဝရောက်ခဲ့ရသည်။ ယခုအခါတွင်မူ မသန်စွမ်းသူများ၏ အရေးကိစ္စသည် ကမ္ဘာ့ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာက အထူးအာရုံစိုက်လာသောကိစ္စတစ်ရပ် ဖြစ်လာခဲ့သည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂ (က)တွင် "နိုင်ငံတော်က မသန်စွမ်းသူများကို ကြည့်ရှုစောင့်ရှောက်ရမည်" ဟု ပြဋ္ဌာန်းထားပြီးဖြစ်သကဲ့သို့ ၂၀၁၁ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် ကုလသမဂ္ဂ မသန်းစွမ်းသူအခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်တွင် မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး ဖြစ်သည်။ မြန်မာနိုင်ငံသည် ကုလသမဂ္ဂမသန်စွမ်းသူအခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံ ဖြစ်သည်နှင့်အညီ နိုင်ငံတစ်ဝန်းရှိ မသန်စွမ်းသူများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်နိုင်ရန်၊ ပြုစုစောင့်ရှောက်နိုင်ရန်၊ လူသားတိုင်းခံစားခွင့်ရှိသော အခြေခံအခွင့်အရေးများ ရရှိစေရန်နှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်စေခြင်းဖြင့် လူနေမှုဘဝကို ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ပြီး မသန်စွမ်းသူများ၏ အခွင့်အရေးများ ဥပဒေကို ရေးဆွဲလျက်ရှိသည်။

လူမှုဝန်ထမ်းဦးစီးဌာနက အမြင်အာရုံချို့ယွင်းသူများအတွက် ရန်ကုန် ကြည့်မြင်တိုင်နှင့် စစ်ကိုင်းမြို့တို့တွင် မျက်မမြင်ကျောင်းကိုလည်းကောင်း၊ အကြားအာရုံချို့ယွင်းသူတို့အတွက် မန္တလေး နားမကြားသောကလေးများကျောင်းကိုလည်းကောင်း ဖွင့်လှစ်ထားသည်။ကိုယ်အင်္ဂါမသန်စွမ်းသူတို့အတွက် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်တွင် မသန်စွမ်းသက်ကြီးသင်တန်းကျောင်း၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်းနှင့် မသန်စွမ်းကလေးများ ပြုစုစောင့်ရှောက်ရေးဂေဟာတို့ကို ဖွင့်လှစ်ကာ မသန်စွမ်းသူများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ပေးလျက်ရှိသည်။ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများကလည်း မျက်မမြင်ကျောင်း၊ မေရီချက်(ပ်)မင်း နားမကြားသောကလေးများကျောင်းတို့ကို ဖွင့်လှစ်၍ မသန်စွမ်းသူတို့ကို ပြုစုပျိုးထောင်ပေးလျက်ရှိသည်။

မသန်စွမ်းသူများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပြည်တွင်းလူမှုရေးအဖွဲ့အစည်းများနှင့် ပူပေါင်းဆောင်ရွက်လျက်ရှိရာ ပြည်သူများကလည်း မသန်စွမ်းသူများအပေါ်ထားရှိသည့်ခံယူချက်များကို အမြင်သစ်နှင့်ရှုမြင်ပေး၍ မသန်စွမ်းသူများအရေးကိစ္စကို လူ့အဖွဲ့အစည်းတစ်ရပ်လုံးနှင့်ဆိုင်သော အရေးကိစ္စတစ်ရပ်အဖြစ် လက်ခံဆောင်ရွက်ပေးသင့်ပေသည်။ ဗြဟ္မစိုရ်တရားလေးပါး လက်ကိုင်ထားကာ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရန် မသန်စွမ်းသူများအပေါ် ဝိုင်းဝန်းဖေးမ လက်တွဲသွားကြရမည် ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

ပြည်နယ်ဝန်ကြီးများမှ ကျောင်းသား ကျောင်းသူများအား လူသုံးကုန်နှင့် အလှူငွေများထောက်ပံ့

ဖန်းမော် ဇွန် ၂၁

ကချင်ပြည်နယ် အစိုးရအဖွဲ့၊ လူမှုရေး ဝန်ကြီး ဒေါ်ဘောက်ဂျာနှင့် စည်ပင်ဝန်ကြီး ဦးအလေးပါးတို့သည် နယ်မြေအခြေအနေအရ ခေတ္တတိမ်းရှောင်လာသော ကျောင်းသား ကျောင်းသူများအား ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို ဇွန် ၁၇ ရက် နံနက် ၈ နာရီက ဗန်းမော်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ လူမှုရေး ဝန်ကြီးက အမှာစကားပြောကြားပြီး ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့် လုပ်ငန်းရှင်များက ဗန်းမော်ခရိုင်အတွင်း နေထိုင်သည့် ကယ်ဆယ်ရေးစခန်းများမှ ကျောင်းသား ကျောင်းသူများအတွက် လူသုံးကုန်ပစ္စည်းနှင့် အလှူငွေများကို ထောက်ပံ့ပေးအပ်ခဲ့ရာ ဗန်းမော်၊ မိုးမောက်၊ မန်စီ၊ ရွှေကူမြို့နယ်အတွင်းရှိ ကယ်ဆယ်ရေးစခန်းများမှ ကျောင်းသား ကျောင်းသူများအတွက် ထောက်ပံ့ရေးပစ္စည်းများနှင့် အလှူငွေများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းဦးနှင့် ဒုတိယဦးစီးမှူး ဦးထွန်းသန့်ဇင်မျိုးတို့က လက်ခံယူကြသည်။

စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များဖြစ်သော ဦးထွန်းရှိန်၊ ဦးကျော်ဆွေ၊ ဦးထွန်းကြိုင်၊ ကချင်ပြည်နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကြည်သာ၊ ဗန်းမော်ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်တို့က ကယ်ဆယ်ရေးစခန်းများရှိ ကျောင်းသား ကျောင်းသူများအတွက် ထောက်ပံ့ရေးပစ္စည်းများနှင့် အလှူငွေများ ပေးအပ်ကြရာ ကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများက လက်ခံယူကြသည်။

ထို့နောက် လူမှုရေးဝန်ကြီးက ဒေါ့ဖုန်းယန်မြို့နယ်ခွဲ ကယ်ဆယ်ရေးစခန်းများရှိ ကျောင်းသား ကျောင်းသူများ၊ ဗန်းမော်ခရိုင် ကချင်ရိုးရာ စာပေနှင့် ယဉ်ကျေးမှုကော်မတီက ဆောင်ရွက်လျက်ရှိသည့် ကျောင်းသား ကျောင်းသူများအတွက် ပေးအပ်လှူဒါန်းခဲ့ပြီး ဟိန်းအောင်စက်သုံးဆီရောင်းဝယ်ရေးက မြို့နယ်ကယ်ဆယ်ရေးစခန်းများ၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် ငွေကျပ် ငါးသိန်း၊ ကောင်းလွင်ဆောက်လုပ်ရေးကုမ္ပဏီက သုံးမိုင်ရွှေပြည်သာ အမကကျောင်းပြုပြင်ဆင်စရိတ် ငွေကျပ် ၁၀ သိန်းတို့ကို ပေးအပ်လှူဒါန်းခဲ့သည်။ ဗန်းမော်ခရိုင်အတွင်း ဌာနဆိုင်ရာများနှင့် ရပ်မိရပ်ဖများက လှူဒါန်းငွေကျပ် ၁၃၂၃၂၅၀ တို့ကို ကယ်ဆယ်ရေးစခန်းများရှိ ကျောင်းသား ကျောင်းသူများအား ထောက်ပံ့ပေးအပ်ခဲ့သည်။

ဝမ်းမြောက်စကားပြော

ကချင်ပြည်နယ် အစိုးရအဖွဲ့မှ ပစ္စည်းများနှင့် ထောက်ပံ့ပေးအပ်ငွေကျပ် ၃၁၆၇၆၀၀၀ နှင့် ဌာနဆိုင်ရာနှင့် လုပ်ငန်းရှင်များက ပေးအပ်လှူဒါန်းငွေကျပ် ၂၈၂၃၂၅၀ စုစုပေါင်း ငွေကျပ် ၃၄၄၉၉၂၅၀ တို့ကို ထောက်ပံ့လှူဒါန်း ပေးအပ်ခဲ့သည့်အတွက် သိက္ခာတော်ရ ဆရာဦးတူးဂျာက ကျေးဇူးတင် ဝမ်းမြောက်စကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **ဆီမီးခုံ -နန်းရီ**

ထင်သာမြင်သာ ပြုပြင်စရာ

မှို့ပင်ခြောက် အမြန်ခုတ်လှဲပေးဖို့လို

ကြည့်မြင်တိုင်မြို့နယ် ဘောဂရပ်ကွက်ထိပ် ဗားကရာလမ်း အထက(၁) ကျောင်းဘေးရှိ မှို့ပင်ကြီးသည် အလွန်ပင်မြင့်မားပြီးတဖြည်းဖြည်းနှင့်ခြောက်လိုက်လာသည့်အပြင် ပင်စည်တွင် ခြကိုက်သည့်သဏ္ဌာန်များကို တွေ့မြင်ရသည်။ ပြီးခဲ့သော နှစ်ပတ်အတွင်းကလည်း ထိပ်ဖျားပိုင်းကိုင်းများ ပြတ်ကျလာခဲ့ပါသည်။ လူသူရှင်းချိန်မို့ ထိခိုက်မှုတော့ မဖြစ်ခဲ့ပါ။

ယခုအခါ တစ်ပင်လုံးအရွက်များ လုံးဝဆိတ်သုဉ်းသွားပြီး ခြောက်လိုက်လာခဲ့ပါသည်။ အပင်၌ ခြကိုက်သည့်သဏ္ဌာန်များ တစ်ပင်လုံးနီးပါးဖြစ်နေသည်ကို တွေ့နေရသည့်အတွက် ပြိုလဲတော့မည့် အနေအထားတွင် ရှိနေသည်။**(ယာပုံ)**

တစ်ဆင့်တင်ပြ

အပင်အနီး၌ ဆိုက်ကားဂိတ်ရှိနေခြင်း၊ အပင်ရင်းနှင့် ဝန်းကျင်၌ဈေးဆိုင်များရှိနေခြင်း၊ နံနက်ခင်း ဈေးသွားဈေးပြန် အလွန်များပြားခြင်းနှင့် ကျောင်းတက်ကျောင်းဆင်းချိန်၌ ကျောင်းသား ကျောင်းသူနှင့် ကျောင်းသားမိဘများ အမြဲရှိနေသည့်အတွက် ရုတ်တရက်ပြိုလဲလာပါက အသက်အန္တရာယ်ပါ စိုးရိမ်ရသည့် အခြေအနေကြောင့် သက်ဆိုင်ရာမှ အမြန်ဆုံးလာရောက် ခုတ်လှဲပေးနိုင်ရန် မျှော်လင့်နေကြောင်း ထင်သာမြင်သာပြုပြင်စရာကဏ္ဍမှတစ်ဆင့် တင်ပြလိုက်ရပါသည်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

နိုင်ငံအဝန်း သစ်တော စွမ်းဖြင့် စိမ်းလန်း စေရမည်

အသက်ကယ်ဝတ်စုံ ဆောင်ထားကြရန် နှိုးဆော်

ယခုအခါ မိုးရာသီကာလ ရောက်ရှိနေပြီဖြစ်၍ပင်လယ်ကမ်းရိုးတန်းများနှင့် မြစ်/ချောင်းကမ်း ဘေးများတွင် နေထိုင်သော ပြည်သူများသည် ရုတ်တရက် ရေကြီး ရေလျှံမှုကြောင့် ရေနစ်မြုပ်မှု ဘေးအန္တရာယ်များ ကြုံတွေ့နိုင်သည့်အပြင် ပင်လယ်၊ မြစ်/ချောင်းများတွင် သွားလာနေသော ရေယာဉ်များလည်း ရေယာဉ်နစ်မြုပ်မှု ကြုံတွေ့နိုင်သဖြင့် အသက်ဆုံးရှုံးမှုမရှိစေရန် အိမ်တိုင်း၊ ရေယာဉ်တိုင်းတွင် အသက်ကယ်ဝတ်စုံ (Life Jackets) လုံလောက်စွာ ဆောင်ထားကြပါရန် နှိုးဆော်အပ်ပါသည်။

မီးသတ်ဦးစီးဌာန

ပြည်တွင်းသတင်း

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ အိန္ဒိယနိုင်ငံသံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဇွန် ၂၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး အဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာဂေါတမ် မူခိုပါဒါယသည် ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော်သို့သွားရောက်၍ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသူရိန်သန့်ဇင်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဂေါတမ်မူခိုပါဒါယအား တွေ့ဆုံစဉ်။ (သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲဆုရသူများစာရင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဇွန် ၂၁

၂၀၁၃ ခုနှစ် ဇွန်လ ၂၆ ရက်နေ့ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ ကွန်ပျူတာ ပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲများအတွက် ပြိုင်ပွဲဝင်စာမူများနှင့် လက်ရာများကို အကဲဖြတ်ရွေးချယ်ရေးအဖွဲ့များက စိစစ်ရွေးချယ်ပြီး ဆုရသူများ စာရင်းကို ဇွန် ၁၉ ရက်က ထုတ်ပြန်ကြေညာခဲ့သည်။

ဝတ္ထုတိုပြိုင်ပွဲတွင် မလှနွယ်ဦး(လုံမငြိမ်းချမ်း)၏ "ပြိုးနေသော အလင်းရောင်"က ပထမ၊ ဒေါ်မြင့်မြင့်သန်း(မေကျော့-ပြန်ဆက်)၏ "ဆူး"က ဒုတိယ၊ ဒေါ်ခင်အုန်းမြင့်(နန္ဒာခင် သက္ကလ)၏ "မူးယစ်ကင်းစင် ထာဝရသံလွင်"က တတိယဆုကိုလည်းကောင်း၊ အထူးဆုများအဖြစ် ဒေါ်သန္တာထွန်း၏ "မှောင်မိုက်မှသည်လင်းအရုဏ်ဦးဆီသို့"၊ ဦးစံရွှေမင်း(ကျော်ဖြိုးလွင်)၏ "မြင့်မိုရ်ရွှေတောင်လုံး တုံးမှတ်လို့ခုနစ်စမ်းချင်တယ်"နှင့် မသီတာညိန်း(မုံရွာသူသီတာညိန်း)၏ "မူးယစ်ဆေးဝါးတို့ရှောင်ရှား အေးချမ်းသာယာဒီကမ္ဘာ"တို့ကလည်းကောင်း။

ဆောင်းပါးပြိုင်ပွဲတွင် ဒေါ်ခင်ဝတ်ရည်(ဝတ်ရည်ခင်-ပဲခူး)၏ "ကျန်းမာပျော်ရွှင် မူးယစ်စင်သည့် လူဘောင်ဘဝဖြစ်လာဖို့ တစ်ကမ္ဘာလုံး ဝိုင်းဝန်းဆောင်ရွက်စို့"က ပထမ၊ ဦးဇော်လင်း(လင်းထက်)၏ "မူးယစ်ကင်းဖို့ အားလုံးလက်တွဲ တိုက်ဖျက်စို့"က ဒုတိယ၊ ဒေါ်ခင်ချိုထွေး(ခင်ချို-ပင်လုံမြေ)၏ "မူးယစ်ဆန့်ကျင် အောင်ပွဲဆင်" က တတိယဆုကိုလည်းကောင်း၊ အထူးဆုများအဖြစ် ဦးမျိုးလွင်(မြမျိုးလွင်-ကလော)၏ "တိမ်စင်ကင်းလို့လမင်းသာစေချင်"၊ ဦးထင်ကျော်(နိုင်မျိုးသစ္စာ-နမ္မတူ)၏ "တိုင်းရင်းသားလူမျိုးစုတို့၏ မူးယစ်ဆေးဝါးပပျောက်ရေးအတွက် ဆောင်ရွက်ချက်များ"နှင့် အောင်မြင့်(သစ်လုပ်ငန်း)၏ "တန်ဖိုးရှိလှ လူငယ်ဘဝ မူးယစ်ကင်းစင်ကျန်းမာမှု"တို့ကလည်းကောင်း။

ကဗျာပြိုင်ပွဲတွင် ဦးမြင့်ငွေ(ချမ်းမြဆောင်း-ကလော)၏ "အဖိုးတန်စွလူငယ်ဘဝ မူးယစ်ကင်းစင်ကျန်းမာမှု"က ပထမ၊ ဦးခင်မောင်ထွန်း (မင်းသွေးနွယ် ဇီးကုန်း)၏ "အောင်ပွဲတွေခံ အောင်လံတွေလွှင့် သမိုင်းဂုဏ်ဆင့်လျက်လက်ချင်းဆက်"က ဒုတိယ၊ မလင်းလဲ့ဖြိုး(လင်းလဲ့-ကျေးတောမြေ)၏ "မူးယစ်ဆန့်ကျင် အောင်ပွဲဆင်"က တတိယဆုကိုလည်းကောင်း၊ အထူးဆုများအဖြစ် ဦးမြင့်ဆန်း(ဇလွန် မောင်စိမ်းအောင်)၏ "တန်ဖိုးရှိလှ လူငယ်ဘဝ မူးယစ်ကင်းစင်ကျန်းမာမှု"၊ ဦးမြင့်ချို(ဘုန်းမြင့်ချို-သာယာဝတီ)၏ "မင်းဘဝ မင်းမိသားစု မင်းပတ်ဝန်းကျင်လုံခြုံဖို့ မူးယစ်ဆေးကို ရှောင်ရှားစို့" နှင့် ဦးသိန်းမြင့်(မောင်သီတာ-အသုတ်)၏ "မူးယစ်ဆန့်ကျင် အောင်ပွဲဆင်" တို့ကလည်းကောင်း။

တေးသီချင်းပြိုင်ပွဲတွင် ဦးအုန်းသန်း(မိုးသစ်ဦး)၏ "အန္တရာယ်ဆေးတို့ဝေးဝေးရှောင်"က ပထမ၊ ဥမ္မာမြတ်၏ "တို့ကမ္ဘာလူသား"က ဒုတိယ၊ ဦးဝေလင်း(ဝေလင်း-သုခုမ)၏ "ကမ္ဘာတစ်ဝှမ်း ငြိမ်းချမ်းပါစေ"က တတိယဆုကိုလည်းကောင်း၊ အထူးဆုများအဖြစ် ဒေါက်တာယဉ်ယဉ်ငွေး၏ "မူးယစ်ပန်းတွေပျက်သုဉ်းနွမ်း ပန်းတိုင်သစ်သို့လှမ်း"၊ မမြင့်မြင့်စိုး(စိုးစိုး-မြန်မာစာ)၏ "တိုက်ဖျက်ရှောင်ရှား မူးယစ်ဆေးဝါး"နှင့် မောင်သူရ(ရဲတပ်ဖွဲ့-ခေတ်ပေါ်)၏ "တိုက်ဖျက်ပစ်ကြ မူးယစ်ဆေး"တို့ကလည်းကောင်း။

ဓာတ်ပုံပြိုင်ပွဲတွင် ငွေအောင်ဝင်း(မောင်ငယ်-ကမ္ဘောဇ)က ပထမ၊ အေးလွင်ဦး(ရွှေပန်းချီ) ရမည်းသင်းက ဒုတိယ၊ အောင်ကျော်ထွန်း(ပုသိမ်ကြီး)က တတိယဆုကိုလည်းကောင်း၊ အထူးဆုများအဖြစ် အောင်ကျော်ထွန်း(ပုသိမ်ကြီး)နှင့် အေးလွင်ဦး(ရွှေပန်းချီ) ရမည်းသင်းတို့ကလည်းကောင်း။

ကွန်ပျူတာပိုစတာပြိုင်ပွဲတွင် စိုင်းမော့စ်ခမ်းလုံ ဧရာဝတီတိုင်းဒေသကြီးက ပထမ၊ မောင်စိုင်းစိုးလှိုင်(ကျိုင်းတုံ)က ဒုတိယနှင့် မောင်ကျော်သူအောင် ကချင်ပြည်နယ်က တတိယဆုကိုလည်းကောင်း၊ အထူးဆုများအဖြစ် ဦးမြင့်ဆွေ ဧရာဝတီတိုင်းဒေသကြီး၊ မောင်သန်းထိုက်ဦး ကချင်ပြည်နယ်နှင့် မောင်အောင်ကျော်ပြည့်(တောင်ကြီး၊ ရှမ်းပြည်နယ်)တို့ကလည်းကောင်း။

ပန်းချီမူလတန်းအဆင့်ပြိုင်ပွဲတွင် မောင်သူရိန်ဝင်း အထက(၂) ကြည့်မြင်တိုင်က ပထမ၊ မောင်ကျော်ခန့်သူ အထက(၂) စမ်းချောင်းက ဒုတိယနှင့် မောင်ပိုင်ပိုင် ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်းက တတိယဆုကိုလည်းကောင်း၊ အထူးဆုများအဖြစ် မောင်လွင်မင်းသူ အထက(၉) မော်လမြိုင်၊ မဆုရှုပါထွန်း အမက(၁၇) မရမ်းကုန်းနှင့် မောင်ဘုန်းလက်ရုံး အမက(၁) နတ်ကြီးကုန်း မိုးကောင်းမြို့တို့ကလည်းကောင်း။

ပန်းချီအလယ်တန်းအဆင့်ပြိုင်ပွဲတွင် မောင်မင်းသုခ အထက(၄) အလုံက ပထမ၊ နော်ဆာကညောစိန်ဒွေး အထက(၁) လမ်းမတော်က ဒုတိယနှင့် မကေဇင်ဝတ်ရည် အထက(၂) ကမာရွတ်က တတိယဆုကိုလည်းကောင်း၊ အထူးဆုများအဖြစ် မနော်ခရစ္စတင်း အထက(၂) လသာ၊ စောအာယု အထက(လှာကာ)ဘားအံနှင့် ရှိုင်းဝဏ္ဏကျော် အထက(၂) မြဝတီတို့ကလည်းကောင်း။

ပန်းချီအထက်တန်းအဆင့်ပြိုင်ပွဲတွင် မယဉ်လက်သက်ဝေ အထက ကျောက်တံတားက ပထမ၊ မဆွေယွန်းနန္ဒီ အထက(၂) စမ်းချောင်းက ဒုတိယနှင့် မောင်ဘုန်းမြတ်မင်း အထက(၂) ပုသိမ်က တတိယဆုကိုလည်းကောင်း၊ အထူးဆုများအဖြစ် မနှင်းထက်ထက်နိုင်ဝင့် အထက(၄) တာမွေ၊ မခင်စုစုဟန် အလက(၄)ထခွဲ (လှိုင်)နှင့် စိုင်းနေနေဝင်း အထက(၆) လားရှိုးတို့ကလည်းကောင်း။

ကာတွန်းမူလတန်းအဆင့်ပြိုင်ပွဲတွင် မောင်ဟန်မင်းသန့် အမက(၄) ဆူးလေကုန်းကျောင်း မုံရွာက ပထမ၊ မထက်သဥ္ဇာဖြိုး အလက(၁) ပုသိမ်က ဒုတိယနှင့် မမြတ်ဖုန်းခင် အမက(အလယ်ရပ်) မိုးကောင်းက တတိယဆုကိုလည်းကောင်း၊ အထူးဆုများအဖြစ် မောင်ဖူးသစ်ကို အထက(၂)လသာ၊ မမေသူမြတ်နိုး အထက(၂) လသာနှင့် မသင်းဆုစန္ဒီ အလက(၂)တောင်ငူတို့ကလည်းကောင်း။

ကာတွန်းအလယ်တန်းအဆင့်ပြိုင်ပွဲတွင် မကျော့သဥ္ဇာလင်း အထက(၁) မုံရွာက ပထမ၊ မောင်ကြယ်စင် အလက(၂) တောင်ငူက ဒုတိယနှင့် မောင်ဇွဲရန်နိုင် အထက(၄) အလုံက တတိယဆုကိုလည်းကောင်း၊ အထူးဆုများအဖြစ် မနော်ခရစ္စတင်း အထက(၂)လသာ၊ မနန်းသိမ့်ခမ်းကိုကို အထက(၁) တောင်ငူနှင့် မဆုထူးမြတ်ဆင့် အထက(၁) ဒဂုံတို့ကလည်းကောင်း။

ကာတွန်းအထက်တန်းအဆင့်ပြိုင်ပွဲတွင် မနန္ဒာခိုင်မင်း လေ့ကျင့်ရေးအလက တောင်ငူက ပထမ၊ မယဉ်လက်သက်ဝေ အထက ကျောက်တံတားက ဒုတိယနှင့် မခင်စုစုဟန် အလက(၄)ထခွဲ (လှိုင်)က တတိယဆုကိုလည်းကောင်း၊ အထူးဆုများအဖြစ် မောင်ထက်ဝေယံထွဋ် အထက(၄) မင်္ဂလာတောင်ညွန့်၊ မအင်ကြင်းသန္တာခိုင် အထက(၂) လသာနှင့် မခိုင်ယဉ်နွယ် အထက(၂) လသာတို့ကလည်းကောင်း။

ပိုစတာမူလတန်းအဆင့်ပြိုင်ပွဲတွင် မဆုမြတ်ဖြိုး အမက(၁၆) မြောက်ဒဂုံက ပထမ၊ မောင်ဇေယျာလင်းထက် အထက(၁)မိုးညှင်းက ဒုတိယနှင့် မောင်မြတ်ဘုန်းသော် အလက(၁) ဒဂုံတို့က တတိယဆုကိုလည်းကောင်း၊ အထူးဆုများအဖြစ် မောင်ဟန်မင်းသန့် အမက(၄) ဆူးလေကုန်းကျောင်း မုံရွာ၊ မချယ်ရီစံ အထက(၆) လားရှိုးနှင့် မဆုပြည့်မာလာ အမက(၃၀) လှိုင်တို့ကလည်းကောင်း။

ပိုစတာအလယ်တန်းအဆင့်ပြိုင်ပွဲတွင် မနော်ခရစ္စတင်း အထက(၂) လသာက ပထမ၊ မဆုထူးမြတ်ဆင့် အထက(၁) ဒဂုံက ဒုတိယနှင့် မအန်ဂျယ်လင်း အထက(၂) လသာက တတိယဆုကိုလည်းကောင်း၊ အထူးဆုများအဖြစ် မမြမဉ္ဇူ အထက(၆) ပုသိမ်၊ မမိုးစက်ချို အထက(၃) မကွေးနှင့် မခင်သဇင်ညွန့် အလက(၁) ဒဂုံတို့ကလည်းကောင်း။

ပိုစတာအထက်တန်းအဆင့်ပြိုင်ပွဲတွင် မယဉ်လက်သက်ဝေ အထက ကျောက်တံတားက ပထမ၊ မနှင်းထက်ထက်နိုင်ဝင့် အထက(၄)တာမွေက ဒုတိယနှင့် မောင်ကောင်းဆက် အလက(၅)ထခွဲ လားရှိုးက တတိယဆုကိုလည်းကောင်း၊ အထူးဆုများအဖြစ် မောင်ကျော်လင်းသူ အထက(၄) မင်္ဂလာတောင်ညွန့်၊ မောင်ကျော်စိုးဟန် အထက(၃) ပဲခူးနှင့် မအိန္ဒြေမောင် အထက(၂) လှိုင်တို့ကလည်းကောင်း။

ကွန်ပျူတာပန်းချီအလယ်တန်းအဆင့်ပြိုင်ပွဲတွင် မောင်မျိုးဇော်ဦး အထက(၆) ပုသိမ်က ပထမ၊ မောင်မင်းခန့်မောင်မောင် အလက(၁) ပုသိမ်က ဒုတိယနှင့် မအိမ့်သက်ဆု အထက(၁) ပန်းဘဲတန်းက တတိယဆုကိုလည်းကောင်း၊ အထူးဆုများအဖြစ် မောင်ကောင်းဆက် အလက(၁၂) အင်းစိန်၊ မမိုးစက်ချို အထက(၃) မကွေးနှင့် မောင်သန့်လင်းထက် ကိုယ်ပိုင်အထက်တန်းကျောင်း သဃ်န်းကျွန်းမြို့နယ်တို့ကလည်းကောင်း။

ကွန်ပျူတာပန်းချီအထက်တန်းအဆင့်ပြိုင်ပွဲတွင် မောင်သူရပိုင်စိုး အထက(၆) ပုသိမ်က ပထမ၊ မောင်ကျော်သက်စိုး အထက(၆) ပုသိမ်က ဒုတိယနှင့် မခင်ထက်ထက်ကျော် အထက(၂) စစ်တွေက တတိယဆုကိုလည်းကောင်း၊ အထူးဆုများအဖြစ် မောင်ဝေယံရီမောင် အထက(၆) ပုသိမ်၊ မောင်လွင်မင်းဦး အထက(၂) ဗဟန်းနှင့် မဟံသာသာ အထက(၁) ပန်းဘဲတန်းတို့ကလည်းကောင်း အသီးသီးရရှိကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတကာသတင်း

ဆိုမာလီရှိ ကုလသမဂ္ဂရုံးတိုက်ခိုက်ခံရ ကုလအကြီးအကဲများ ဝေဖန်အပြစ်တင်

မိုဂါဒစ်ရှူး ဇွန် ၂၁

ဆိုမာလီနိုင်ငံ မြို့တော်မိုဂါဒစ်ရှူးရှိ ကုလသမဂ္ဂရုံးဝင်းတိုက်ခိုက်ခံရကြောင်း ကြားသိလိုက်ရပြီးနောက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက နာကြည်းဒေါသဖြစ်ရသည်ဟု ပြောကြားခဲ့သည်။

နယူးယောက်မြို့ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ ဆွေးနွေးပြောကြားရာတွင် အတွင်းရေးမှူးချုပ်ဘန်ကီမွန်း၏ ပြောကြားချက်ကို လက်ထောက်အတွင်းရေးမှူးချုပ် ဂျန်အီလီယာဆင်ကလည်း ထပ်လောင်းထောက်ခံခဲ့သည်။

အီလီယာဆင်က ဆိုမာလီနိုင်ငံငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးတည်တံ့စေရေး ကုလသမဂ္ဂအနေဖြင့် သန္နိဋ္ဌာန်ချထားကြောင်းဆိုသည်။

"အဲဒီနေ့ နံနက်ပိုင်းက မိုဂါဒစ်ရှူးမှာရှိတဲ့ ကုလသမဂ္ဂရုံးဝင်းကို ခံပြင်းနာကြည်းဖွယ်တိုက်ခိုက်ခံရတာနဲ့ ပတ်သက်ပြီး အတွင်းရေးမှူးချုပ်နဲ့ ကျွန်တော်တို့ အလွန်ဝမ်းနည်းတုန်လှုပ်ခဲ့ရပါတယ်" ဟု ၎င်းက ပြောကြားခဲ့သည်။

ဇွန် ၁၉ ရက်က အစ္စလာမ္မစ်စစ်သွေးကြွများ ဝင်ရောက်တိုက်ခိုက်ခဲ့မှုတွင် အနည်းဆုံး လူ ၂၀ သေဆုံးခဲ့သည်။ ကုလသမဂ္ဂဖွံ့ဖြိုးရေးစီမံကိန်းရုံး အခြေစိုက်ရာရုံးဝင်း အပြင်ဘက်တွင် ကားဗုံးဖောက်ခွဲပစ်ပြီးနောက် လက်နက်ကိုင်သူပုန်များက ရုံးဝင်းအတွင်း ဝင်ရောက်ကာ လုံခြုံရေးအစောင့်များနှင့် အပြန်အလှန်ပစ်ခတ်ခဲ့ကြခြင်းဖြစ်သည်။ **(ဆင်ဟွာ)**

လက်ထောက်အတွင်းရေးမှူးချုပ် ဂျန်အီလီယာဆင်

Aqaba ကမ်းခြေမြို့၌ ပူးတွဲစစ်ရေးလေ့ကျင့်မှုတွင် အထူးတပ်ဖွဲ့ဝင်များ ပါဝင်လေ့ကျင့်နေမှုကို တွေ့ရစဉ်။

အမေရိကန်နှင့် ဂျော်ဒန်ပူးတွဲစစ်ရေးလေ့ကျင့်မှုစတင်

ဝါရှင်တန် ဇွန် ၂၁

အမေရိကန်နှင့် ဂျော်ဒန်တပ်ဖွဲ့ဝင်များသည် ဆီးရီးယားနယ်စပ်အနီး သဲကန္တာရများအတွင်း ပူးတွဲစစ်ရေးလေ့ကျင့်နေကြပြီဖြစ်ကြောင်း ဇွန် ၂၀ ရက်က ပရက်စ်တီဗွီသတင်းတွင် ဖော်ပြသည်။

အဆိုပါ နှစ်နိုင်ငံသည် ဇွန် ၂၀ ရက်မှစတင်ကာ ၁၂ ရက်ကြာ ပူးတွဲစစ်ရေးလေ့ကျင့်သွားမည်ဟု ဆိုသည်။ ယင်းစစ်ရေးလေ့ကျင့်မှုအတွင်း နိုင်ငံပေါင်း ၁၉ နိုင်ငံမှ တပ်ဖွဲ့ဝင် ၈၀၀၀ခန့် ပါဝင်သည်။ အမေရိကန်တပ်ဖွဲ့ဝင်များအနေဖြင့် စစ်ရေးလေ့ကျင့်မှုအစီအစဉ်ပြီးသည်နှင့် ဂျော်ဒန်မှ ထွက်ခွာလိမ့်မည်ဟု ဝါရှင်တန်က ပြောကြားသည်။ အမေရိကန်က ဇွန် ၉ရက်ကစပြီး ဂျော်ဒန်သို့ တပ်ဖွဲ့ဝင်များ စေလွှတ်ခဲ့သည်။ ရုရှားမှ စိုးရိမ်ပူပန်နေသော်လည်း ဒုံးကျည်များနှင့် တိုက်လေယာဉ်များ ကိုင်တွယ်အသုံးပြုနိုင်ရန် အမေရိကန်က ၎င်း၏တပ်ဖွဲ့ဝင်များ စေလွှတ်ခဲ့ခြင်းဖြစ်သည်။ **(ပရက်စ်တီဗွီ)**

အီရန်သမ္မတသစ်၏ နျူကလီးယားအစီအစဉ်သဘောထား ရုရှားအစိုးရက ကြိုဆိုထောက်ခံကြောင်း ပြောကြား

မော်စကို ဇွန် ၂၁

အီရန်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရသော ဟက်ဆန်ရိုဟာနီ၏ အီရန်နျူကလီးယားအစီအစဉ်နှင့် ပတ်သက်၍ အပြုသဘောဆောင် ကြိုးပမ်းသွားရန် ချဉ်းကပ်မှုကို မော်စကိုကကြိုဆိုကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗ်ရော့ဗ်က ပြောကြားလိုက်သည်ဟု ဇွန် ၂၁ ရက်က ပရက်စ်တီဗွီသတင်းတွင် ဖော်ပြသည်။

"မစ္စတာ ရိုဟားနီဟာ လာမယ့် ဩဂုတ်လဆန်းပိုင်းမှာ အီရန်သမ္မတအဖြစ် တာဝန်ယူရမှာပါ။ သူဟာ တကယ်ပဲ အီရန်နျူကလီးယား ပြဿနာနဲ့ ပတ်သက်ပြီး နိုးကြားတဲ့အသိ၊ တက်ကြွဖျတ်လတ်တဲ့ ထိုးထွင်းကြံဆတတ်သူ တစ်ယောက်ဖြစ်ပါတယ်၊ ကျွန်တော်တို့ ဒါကိုကြိုဆိုပါတယ်" ဟု လက်ဗ်ရော့ဗ်က ဇွန် ၂၀ ရက်က ရိုဆီယာ ၂၄ ရုပ်မြင်သံကြားချန်နယ်တွင် ပြောကြားသည်။

"လက်ရှိသမ္မတ မာမွတ်အမာဒီနီဂျက်ရဲ့ လက်ထက်မှာ အီရန်နျူကလီးယားအခြေအနေဟာ စိုးရိမ်ပူပန်စရာဖြစ်ပါတယ်" လို့လည်း ၎င်းက ထပ်လောင်းပြောကြားသည်။

အမေရိကန်၊ အစ္စရေးအစိုးရနှင့် အခြားသော မဟာမိတ်အချို့က အီရန်နျူကလီးယားအစီအစဉ်ကို ကန့်ကွက်လျက်ရှိသည်။ အကြောင်းမှာ အီရန်နိုင်ငံအနေဖြင့် နျူကလီးယား လက်နက်ထုတ်လုပ်လာမည်ကို စိုးရိမ်မိသောကြောင့်ဖြစ်သည်။ သို့သော်လည်း အီရန်သည် နျူကလီးယားမပြန့်ပွားရေးစာချုပ် လက်မှတ်ရေးထိုးထားသော နိုင်ငံလည်းဖြစ်၊ အိုင်အေအီးအေအဖွဲ့ဝင်နိုင်ငံလည်းဖြစ်ခြင်းကြောင့် ထိုသို့စွပ်စွဲမှုများအပေါ် အီရန်က ပြင်းပြင်းထန်ထန် ကန့်ကွက်လျက်ရှိသည်။ **(ပရက်စ်တီဗွီ)**

အာဖဂန်ပြည်သူလေးဦး ခေါင်းဖြတ်ကွပ်မျက်ခံရ

ပါဝမ် ဇွန် ၂၁

အာဖဂန်နစ္စတန်နိုင်ငံ ပါဝမ်ပြည်နယ်မြောက်ပိုင်း၌ တာလီဘန်စစ်သွေးကြွများက အရပ်သားနှစ်ဦး အပါအဝင် လူလေးဦးအား ခေါင်းဖြတ်ကွပ်မျက်လိုက်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

"တာလီဘန်စစ်သွေးကြွများက အာဖဂန်ထောက်လှမ်းရေးအရာရှိတစ်ဦးကို သူ့မိသားစုဝင်တစ်ဦးနဲ့အတူ ခေါင်းဖြတ်ကွပ်မျက်လိုက်ပါတယ်၊ ပြီးတော့ ရဲအရာရှိတစ်ဦးနဲ့အတူ သူ့ညီကိုလည်း ခေါင်းဖြတ်သတ်ပစ်လိုက်ကြပါတယ်" ဟု ပြည်နယ်အုပ်ချုပ်ရေးမှူး ဘာဆာဆလမ်ဂျိုင်း၏ ဇွန် ၂၀ ရက်က ထုတ်ပြန်ချက်တွင် ပြောကြားသည်။

တာလီဘန်စစ်သွေးကြွများအနေဖြင့် အဆိုပါအသတ်ခံရသူများအား ခေါင်းဖြတ်ကွပ်မျက်ခြင်းမပြုမီ ပြန်ပေးဆွဲသွားခဲ့ကြောင်း အာဖဂန်တာဝန်ရှိသူများက ပြောသည်။

ထိုသို့ ခေါင်းဖြတ်သတ်ပြီး နာရီပိုင်းအကြာ အဆိုပါ ပြည်နယ်၌ ရာနှင့်ချီသောပြည်သူများက တာလီဘန်ဆန့်ကျင်ရေးဆန္ဒပြမှုများ ပြုလုပ်ခဲ့ကြသည်။တာလီဘန်စစ်သွေးကြွများသည် ယခင်ကလည်း အာဖဂန်နှင့်အမေရိကန်တပ်ဖွဲ့ဝင်များအား သူလျှိုလုပ်ပေးနေသူများကို ခေါင်းဖြတ်သတ်ဖြတ်လေ့ရှိခြင်းကြောင့် ပြည်သူများက အပြစ်ပြောဆိုလျက်ရှိသည်။ **(ပရက်စ်တီဗွီ)**

အိန္ဒိယနိုင်ငံ၌ အဆောက်အအုံပြိုကျ သေဆုံးသူ ကိုးဦးထက်မနည်း ရှိလာ

မွမ်ဘိုင်း ဇွန် ၂၁

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့စွန်ပိုင်း၌ အဆောက်အအုံတစ်လုံးပြိုကျခဲ့ရာ အနည်းဆုံး ကိုးဦးသေဆုံးကြောင်း ဇွန် ၂၁ ရက် ဘီဘီစီသတင်းတစ်ပုဒ်တွင် ရေးသားထားသည်။

မွမ်ဘိုင်းမြို့မှ မိုင် ၂၀ ကွာ သာနီပြည်နယ်ရှိ အဆိုပါ သုံးထပ်အဆောက်အအုံပြိုကျမှုထဲ၌ လူများစွာတို့ ပိတ်မိနေပြီး ကယ်ဆယ်ရေးများ လုပ်ဆောင်နေဆဲဟု သိရသည်။

၎င်းအဆောက်အအုံပြိုကျရသည့် အကြောင်းအရင်းကိုမူ မသိရသေးသော်လည်း အိန္ဒိယနိုင်ငံ၌ အဆောက်အအုံပြိုကျမှုများမှာ အဖြစ်များလေ့ရှိကာ တည်ဆောက်ရေးလုပ်ငန်းအားနည်းချက်ကြောင့်လည်း ဖြစ်သည်ဟု သိရသည်။ အဆိုပါပြည်နယ်၌ ပြီးခဲ့သည့် ဧပြီလက ၇၄ ဦးသေဆုံးခဲ့သော အခြားအဆောက်အအုံတစ်ခုပြိုကျမှုဖြစ်ပွားခဲ့သည်။ ယခုလအစောပိုင်းကလည်း ငါးထပ်အဆောက်အအုံတစ်ခုပြိုကျခဲ့ပြီး လေးဦးသေဆုံးခဲ့ရသည်။ ၂၀၁၀ ခုနှစ်က နယူးဒေလီမြို့၌ အလားတူဖြစ်စဉ်တွင်မူ ၆၉ ဦး သေဆုံးခဲ့သည်ဟုသိရသည်။ **(ဘီဘီစီ)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (၂၂)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေး

ဖိတ်ကြားစာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ (၂၂)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် ကုန်သည်စက်မှုအသင်းချုပ် အသင်းသားအားလုံး တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်-

ရက်စွဲ - ၁၄-၇-၂၀၁၃ ရက် (တနင်္ဂနွေနေ့)
အချိန် - ၀၉း၀၀နာရီ (၀၈း၃၀ နာရီအရောက်နေရာယူပါရန်)
နေရာ - အမျိုးသားဇာတ်ရုံ၊ မြို့မကျောင်းလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

အစည်းအဝေးဖိတ်စာ၊ အလုပ်အမှုဆောင်အဖွဲ့၏ နှစ်ပတ်လည် အစီရင်ခံစာနှင့်နှစ်ချုပ်ငွေစာရင်းရှင်းတမ်းတို့ကို အသင်းသားများထံ ဆက်လက်ပေးပို့မည်ဖြစ်ပြီး အသင်းချုပ် Website www.umfcci.net တွင်လည်း တင်ထားမည်ဖြစ်ပါသည်။

အထက်ပါအစည်းအဝေးနှင့်ပတ်သက်၍ သိရှိလိုသည်များကို ကုန်သည်စက်မှုအသင်းချုပ်ရုံးတည်ရှိရာ အမှတ် ၂၉၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၂၁၄၃၄၄ မှ ၂၁၄၃၄၉အထိနှင့် ဖက်စ်-၂၁၄၄၈၄တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်းနှင့် နေရာထိုင်ခင်းအဆင်ပြေစွာ ကြိုတင်စီစဉ်နိုင်ရန်အတွက် တက်ရောက်ကြမည့် အသင်းသားများ၏ အမည်စာရင်းကို ၁၂-၇-၂၀၁၃ရက် (သောကြာနေ့) ၁၂း၀၀နာရီအတွင်း ကြိုတင်စာရင်းပေးသွင်းကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့

ပထမဆုံးအမျိုးသမီးလိုက်ပါသည့် တရုတ်ရေငုပ်သင်္ဘော လေးကြိမ်မြောက် ရေအောက်စူးစမ်းမှုလုပ်ဆောင်

ပေကျင်း ဇွန် ၂၁

တရုတ်နိုင်ငံ၏ ဂျီယောက်လုံ (Jiaolong) ရေငုပ်သင်္ဘောသည် တောင်တရုတ်ပင်လယ်အတွင်း ၎င်း၏လေးကြိမ်ဆက်တိုက် ရေအောက်ငုပ်လျှိုးစူးစမ်းလေ့လာမှုလုပ်ငန်းကို လုပ်ဆောင်ခဲ့ကြောင်း ဇွန် ၂၁ ရက်က ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

ယင်းဂျီယောက်လုံရေငုပ်သင်္ဘောသည် အဆိုပါ ရေအောက်စူးစမ်းလေ့လာမှုလုပ်ငန်းကို ဇွန် ၂၀ ရက် နံနက်ပိုင်းက စတင်ခဲ့ပြီး ပင်လယ်ရေအောက်မှ ငွေ့ရည်နမူနာများကို သွားရောက်ယူရန် ရည်ရွယ်ခြင်းဖြစ်သည်ဟု ဆိုသည်။ တောင်ဂီတက္ကသိုလ်မှ ပါမောက္ခ ရန်ကွမ်ဟွိုင်းသည် ယင်းရေငုပ်သင်္ဘောတွင် လိုက်ပါသွားသည့် ပထမဆုံးအမျိုးသမီးခရီးသည် ဖြစ်လာခဲ့သည်။

ဝတ်ဆင်ခဲ့

ရန်၏ အဓိကကျသော လေ့လာမှုသည် ပင်လယ်နှင့်ဆိုင်သော သက်ရှိတို့အကြောင်း၊ ဘူမိဗေဒနှင့်ဆိုင်သောအကြောင်းနှင့် ပင်လယ်ရေပြင်ရှိ အနည်ထိုင်ခြင်းများအတွက် ဖြစ်သည်ဟုဆိုသည်။ သူမအနေဖြင့် တည်ငြိမ်လျှပ်စစ်စီးဝင်မှု ရှောင်ရှားရန်နှင့် သတိပေးမှုရရှိရန် ချည်ထည်အဝတ်အစားစစ်စစ်ကို ဝတ်ဆင်ခဲ့သည်ဟု ဆိုသည်။

ထို့အပြင် ရန်သည် ရေအောက်စူးစမ်းမှုလုပ်ငန်းအတွင်း အရေးကြီးသော အချက်အလက်များ ရှာဖွေတွေ့ရှိမှုကို မှတ်တမ်းတင်ရယူရန် မှတ်တမ်းတင်ကိရိယာတစ်ခုကိုလည်း ယူဆောင်သွားခဲ့သည်။ သူမ၏ ရေအောက်ငုပ်လျှိုးစူးစမ်းလေ့လာမှုမှာ ခြောက်နာရီကြာမည်ဟု မျှော်မှန်းထားခဲ့သည်။ **(ဆင်ဟွာ)**

မောင်မွေး ရေးသားသည်



အမေရိကန် – မြောက်ကိုရီးယား အဆင့်မြင့်တွေ့ဆုံဆွေးနွေးပွဲ

မောင်မဟာ

ကိုရီးယားကျွန်းဆွယ်မှာ ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်ရေးတွေရရှိဖို့ သံသယမိုးတိမ်တွေ အုံ့မှိုင်းဝေဆိုင်းနေဆဲရှိချိန်မှာ မြောက်ကိုရီးယားတို့က အမေရိကန်တို့နဲ့ အဆင့်မြင့် တွေ့ဆုံဆွေးနွေးမှုတွေပြုလုပ်လိုတယ်လို့ ထုတ်ဖော်ပြောကြားလိုက်ပါတယ်။

တောင်ကိုရီးယားတို့နဲ့ တွေ့ဆုံဆွေးနွေးပွဲ ဖျက်သိမ်းပြီးတဲ့နောက်မှာ မြောက်ကိုရီးယားတို့က အခုလို အဆိုပြုချက် ကမ်းလှမ်းခြင်းဖြစ်တယ်လို့ မြောက်ကိုရီးယားအမျိုးသား စစ်ကော်မရှင်က ထုတ်ပြန်တဲ့ အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

ကိုရီးယားကျွန်းဆွယ်မှာ ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်ရေးတွေရရှိဖို့အတွက် အမေရိကန်တို့နဲ့ သံသယကင်းကင်း ဆွေးနွေးမှုတွေ ပြုလုပ်လိုပါတယ်လို့ မြောက်ကိုရီးယားတို့က ဆိုနေပါတယ်။ တကယ်တော့ အမေရိကန်နဲ့ မြောက်ကိုရီးယားတို့ဟာ လွန်ခဲ့တဲ့ ၂၀၀၉ ခုနှစ်ကတည်းက အဆင့်မြင့်တွေ့ဆုံဆွေးနွေးမှုတွေ ရပ်ဆိုင်းခဲ့ခြင်းဖြစ်ပါတယ်။

မြောက်ကိုရီးယားတို့ဟာ အခုနှစ်စောစောပိုင်းက အမေရိကန်နဲ့ တောင်ကိုရီးယားတို့ကို နျူကလီးယားတိုက်ခိုက်မှုပြုလုပ်မယ်လို့ ခြိမ်းခြောက်မှုတွေပြုလုပ်ခဲ့တဲ့အပြင် အမေရိကန်ရဲ့ မိတ်ဖက်နိုင်ငံတွေကိုလည်း ပစ်ခတ်တိုက်ခိုက်မှုတွေ ပြုလုပ်မယ်လို့ ပြောဆိုခဲ့ပေမယ့် အခုအချိန်မှာတော့ တွေ့ဆုံဆွေးနွေးမှုတွေ ပြုလုပ်ဖို့ မြောက်ကိုရီးယားတို့က စတင်ပြီး အဆိုပြုလာတာပဲဖြစ်ပါတယ်။

ဒါကလည်း မြောက်ကိုရီးယားတို့ဟာ မကြာမီကာလအတွင်းက နျူကလီးယားစမ်းသပ်မှု သုံးကြိမ်ပြုလုပ်ခဲ့တာမို့ ကုလသမဂ္ဂနဲ့ ကမ္ဘာ့နိုင်ငံအသီးသီးက ကန့်ကွက်ခဲ့တဲ့အပြင် မြောက်ကိုရီးယားရဲ့ အနီးကပ်ဆုံး မဟာမိတ်နိုင်ငံဖြစ်တဲ့ တရုတ်တို့ကလည်း ကန့်ကွက်မှု ပြုလုပ်ခဲ့တာမို့ အခုလို အမေရိကန်တို့နဲ့ အဆင့်မြင့်တွေ့ဆုံဆွေးနွေးမှုတွေပြုလုပ်ဖို့ ဖြစ်ပေါ်လာစေတဲ့ အချက်တစ်ချက်ဖြစ်ပါတယ်။

ဒါ့အပြင် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်ရဲ့ အထူးကိုယ်စားလှယ်ဟာ မကြာမီက တရုတ်နိုင်ငံကို အလည်အပတ်ခရီးသွားရောက်ခဲ့တဲ့ခရီးစဉ်မှာ တရုတ်ထိပ်တန်းခေါင်းဆောင်တွေနဲ့ တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် တောင်ကိုရီးယားနဲ့ရော အမေရိကန်တို့နဲ့ပါ တွေ့ဆုံဆွေးနွေးမှုတွေ ပြန်လည်ပြုလုပ်ဖို့ အစီအစဉ်တွေ ထွက်ပေါ်လာခဲ့တာပဲဖြစ်ပါတယ်။

မြောက်ကိုရီးယားတို့ရဲ့ နျူကလီးယားစမ်းသပ်မှုကြောင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီက အရေးယူပိတ်ဆို့မှုအသစ်ကို ချမှတ်ခဲ့တာကြောင့် မြောက်ကိုရီးယားတို့ကလည်း တုံ့ပြန်တဲ့အနေနဲ့ တောင်မြောက် ပူးတွဲထူထောင်တဲ့ ကီဆောင်စက်မှုဇုန်ကို ပိတ်ဆို့ထားခဲ့ပါတယ်။ ဒါပေမယ့် အခုသီတင်းပတ် အစောပိုင်းကပဲ တောင်ကိုရီးယားနဲ့ မြောက်ကိုရီးယား နှစ်နိုင်ငံ သဘောတူညီချက်အရ ကီဆောင်စက်မှုဇုန်ကို ပြန်လည်ဖွင့်ပေးတော့မှာဖြစ်ပါတယ်။

ဒါပေမယ့် တောင်မြောက်နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲကိုတော့ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်တွေ ပြောင်းလဲပေးဖို့နဲ့ ပတ်သက်ပြီး တွေ့ဆုံဆွေးနွေးပွဲကို ပယ်ဖျက်ခဲ့တာဖြစ်ပါတယ်။ ဒီလိုပယ်ဖျက်ခဲ့ပေမယ့်လည်း အမေရိကန်တို့နဲ့ အဆင့်မြင့် တွေ့ဆုံမှုတွေ ပြုလုပ်လိုတယ်လို့ ထုတ်ဖော်အဆိုပြုခဲ့တာ ဖြစ်ပါတယ်။

ဒီဆွေးနွေးပွဲမှာ အမေရိကန်အပါအဝင် ကမ္ဘာ့နိုင်ငံအများအပြားက မျှော်လင့်နေတဲ့ နျူကလီးယားကင်းစင်တဲ့ ကမ္ဘာကြီးဖြစ်လာစေဖို့ အရေးကြီးတဲ့ ခြေလှမ်းဖြစ်လာနိုင်တယ်လို့ မြောက်ကိုရီးယား စစ်ကော်မရှင်က ထုတ်ပြန်တဲ့ အစီရင်ခံစာမှာဖော်ပြထားပါတယ်။

အမေရိကန်ကတော့ မြောက်ကိုရီးယားတို့ရဲ့ ကမ်းလှမ်းမှုကို စိတ်ပါဝင်စားမှုမပြဘဲ အေးစက်စက်တုံ့ပြန်ထားတဲ့အတွက် အမေရိကန်-မြောက်ကိုရီးယားအဆင့်မြင့် တွေ့ဆုံဆွေးနွေးပွဲ ဘယ်လိုဘယ်ပုံဖြစ်လာမလဲဆိုတာ စောင့်ကြည့်ရမှာဖြစ်ပါတယ်။ ။

နိုင်ငံတကာသတင်း

အမေရိကန်ထောက်လှမ်းရေး မောင်းသူမဲ့ယာဉ်များအသုံးပြု

အမေရိကန်ထောက်လှမ်းရေးဗျူရို(အက်ဖ်ဘီအိုင်)က ၎င်း၏ အေဂျင်စီအနေဖြင့် ပြည်တွင်းထောက်လှမ်းရေးလုပ်ငန်းများတွင် မောင်းသူမဲ့လေယာဉ်များ အသုံးပြုနေပြီဖြစ်ကြောင်း အက်ဖ်ဘီအိုင်ညွှန်ကြားရေးမှူးက ဝန်ခံပြောကြားလိုက်သည်။ အမေရိကန်အမတ် ချော့ဂရက်စလေ၏ မေးမြန်းမှုအပေါ် ထောက်လှမ်းရေးညွှန်ကြားရေးမှူးရောဘတ်မူလာက ဇွန် ၁၉ရက်က ဆီးနိတ်ကော်မတီတွင် အမေရိကန်မြေပေါ်၌ မောင်းသူမဲ့လေယာဉ်များ အသုံးပြုထောက်လှမ်းခဲ့ကြောင်း ဝန်ခံပြောကြားလိုက်သည်။ အမေရိကန်လူမှုအသိုင်းအဝိုင်းအတွင်း ယင်းကဲ့သို့ အဆင့်မြင့်ထောက်လှမ်းရေး ကိရိယာများ အသုံးပြုခြင်းသည် အနာဂတ်တွင် ပြဿနာများ ဖြစ်လာနိုင်ကြောင်း ပြည်သူ့အခွင့်အရေး တက်ကြွလှုပ်ရှားသူများက ပြောကြားသည်။

အမေရိကန်လေတပ်စခန်း ကာဇက်စတန်ပိတ်မည်

ကာဇက်စတန်နိုင်ငံတွင် အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်တပ်ဖွဲ့ဝင်များ လွှဲပြောင်းစေလွှတ်ရေး အသုံးပြုခဲ့သည့် အမေရိကန်လေတပ်အခြေစိုက်စခန်းကို ပိတ်သိမ်းရန် ကာဇက်စတန်လွှတ်တော်အမတ်အများစုက မဲခွဲဆုံးဖြတ်ခဲ့ကြသည်။ မာနက်စ်အမည်ရှိ အဆိုပါ စစ်အခြေစိုက်စခန်းကို ၂၀၁၄ခုနှစ်တွင် ပိတ်သိမ်းသွားရန် ကာဇက်စတန်အမတ်များက ဆန္ဒမဲပေးဆုံးဖြတ်ခဲ့ကြသည်။ ယင်းသဘောတူညီချက်ကို လက်မှတ်ရေးထိုးပြီးသည်နှင့် အကျိုးသက်ရောက်မှုဖြစ်စေလိမ့်မည်ဖြစ်သည်။ ဝါရှင်တန်က အဆိုပါလေတပ်အခြေစိုက်စခန်းကို ဖွင့်လှစ်အသုံးပြုခဲ့သည့်အတွက် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ သန်း ၆၀ ကာဇက်စတန်အစိုးရကို ပေးနေရသည်။ အမေရိကန်တပ်ဖွဲ့ဝင်အားလုံးသည် အဆိုပါ လေတပ်အခြေစိုက်စခန်းကို အသုံးပြုပြီး အာဖဂန်မှ အဝင်အထွက်ပြုလုပ်ရန်သဘောတူထားသည်။ ယင်းအခြေစိုက်စခန်းသည် ကာဇက်စတန်မြို့တော် ဘစ်ကက်မြို့ပြင်၌တည်ရှိပြီး အာဖဂန်သို့ အမေရိကန်ဦးဆောင်သော တပ်ဖွဲ့ဝင်များ စေလွှတ်သည့် လေတပ်စခန်းဖြစ်သည်။

တူရကီ အီးယူဝင်ရေး ဂျာမနီကန့်ကွက်

တူရကီအစိုးရက သီတင်းပတ်နှင့်ချီ၍ အစိုးရဆန့်ကျင်ဆန္ဒပြသူများအား အင်အားသုံးဖြိုခွင်းနေချိန် တူရကီနှင့်အီးယူစတင်ဆွေးနွေးခြင်းကို ဂျာမနီနိုင်ငံက ကန့်ကွက်လိုက်သည်။ ဘရပ်ဆဲလ်မြို့၌ ဇွန် ၂၀ ရက်က အီးယူသံတမန်များ ဆွေးနွေးကြချိန် တူရကီအား အီးယူအဖွဲ့ဝင်အဖြစ် ဝင်ရောက်ရေးဆွေးနွေးခြင်းကို ဂျာမနီနိုင်ငံက ကန့်ကွက်ခဲ့ကြောင်း အမည်မဖော်လိုသူ အီးယူ သံတမန်က ပြောကြားသည်။ အီးယူ အဖွဲ့ဝင် ၂၇ နိုင်ငံက တူရကီနိုင်ငံ အီးယူအဖွဲ့ဝင်ဖြစ်ရေး ဆွေးနွေးမှုအပေါ် တစ်ခုခုဆုံးဖြတ်ချက်ချရန် သဘောတူညီကြရမည်ဖြစ်သည်။ ထိုသို့ ပိတ်ဆို့ဟန့်တားခြင်းအပေါ် အန်ကာရာအစိုးရက ဂျာမနီကို ပြစ်တင်ဝေဖန်လိုက်သည်။ ဂျာမနီဝန်ကြီးချုပ် အိန်ဂျယ်လာမာဘဲလ်အနေဖြင့် ပြည်တွင်းနိုင်ငံရေးကိစ္စကိုသာ လုပ်သင့်ကြောင်း တူရကီအရေး မပါဝင်သင့်ကြောင်း တူရကီနိုင်ငံ၏ အီးယူဝန်ကြီး အက်ဂျမန်ဘာဂျစ်က ဇွန် ၂၀ရက်တွင် သတင်းထောက်များအား ပြောကြားသည်။

မြင့်မောင်စိုး-စုစည်းသည်

သက်ကြီးပိုင်းများ အစာစားပြီး လမ်းလျှောက်ခြင်းဖြင့် ဆီးချိုရောဂါအန္တရာယ်သက်သာစေနိုင်

အသက်အရွယ် အိုမင်းသူများ အနေဖြင့် နေ့လယ်စာနှင့်ညစာစားပြီး နောက် ၁၅ မိနစ်ခန့် လမ်းလျှောက်ပေးသင့်ကြောင်း၊ ထိုသို့ လုပ်ဆောင်ပေးခြင်းအားဖြင့် ဆီးချိုရောဂါအဆင့် ၂ ကို ကာကွယ်နိုင်ကြောင်း သုတေသနတစ်ရပ်က ဖော်ထုတ်ခဲ့သည်။

အစာစားပြီးနောက်ပိုင်း ခရီးတိုလမ်းလျှောက်ခြင်းသည် အခြားအချိန်ကြာကြာ လမ်းလျှောက်ခြင်းကဲ့သို့ပင် သွေးတွင်းသကြားဓာတ်ကို ထိန်းချုပ်နိုင်ကြောင်း ဂျော့ဝါရှင်တန်တက္ကသိုလ်က သုတေသနပြုခဲ့သည်။ သွေးတွင်း သကြားဓာတ်သည် အစာစားပြီးနောက်ပိုင်း ပိုမိုတိုးမြင့်လာသဖြင့် ဆီးချိုရောဂါ အဆင့် (၂)ဖြစ်ပွားမှု မြင့်မားစေသည်။ ထို့ကြောင့် အစာစားပြီး နားနားနေနေနေခြင်းသည် အပြုအမူလုပ်ဆောင်မှုများတွင် အဆိုးရွားဆုံးဖြစ်ကြောင်း သုတေသနအဖွဲ့က ပြောကြားသည်။

လေ့ကျင့်ခန်းအမျိုးမျိုးတို့သည် မဆိုစလောက်ကွဲပြားမှုများရှိသော်လည်း မည်သည့်ကိုယ်လက်လှုပ်ရှားမှုမျိုးမဆို အကျိုးကျေးဇူးရှိပါကြောင်း ပညာရှင်တစ်စုကလည်း ဆိုသည်။ အစာစားပြီးနောက်ပိုင်း သွေးတွင်းသကြားဓာတ် တစ်ဟုန်ထိုး မြင့်မားချိန် ကျန်းမာရေးဆိုးကျိုးသက်ရောက်စေမည့် အချိန်အပိုင်းအခြားအတွင်း အချိန်တို လေ့ကျင့်ခန်း ပြုလုပ်မှုကို အမေရိကန်ပညာရှင်များက ပထမဦးဆုံး စမ်းသပ်ခဲ့ခြင်းဖြစ်သည်။

သုတေသနစမ်းသပ်မှုအရ ဖြည်းဖြည်းနှင့်မှန်မှန် ခြေလှမ်းမှန်မှန်ဖြင့် ၄၅ မိနစ်ခန့် လမ်းလျှောက်ပေးခြင်းကဲ့သို့ပင် တစ်နေ့ထမင်းသုံးနပ်စားပြီးတိုင်း ၁၅မိနစ်ကြာမျှ လမ်းလျှောက်ပေးခြင်းသည်လည်း သွေးတွင်းရှိ သကြားဓာတ်ကို လျော့ကျစေနိုင်ကြောင်း သိရသည်။

သို့သော်လည်း အစာစားသုံးပြီးနောက် လမ်းလျှောက်ခြင်းက လက်ငင်းအကျိုးကျေးဇူး ပိုများကြောင်း၊ သက်ကြီးရွယ်အိုများတွင် အစားစားပြီးချိန် လမ်းလျှောက်ခြင်းကျေးဇူးကြောင့် သွေးတွင်းသကြားဓာတ်ဖြစ်ထွန်းမှုကို အမှန်တကယ် လျော့ပါးစေကြောင်း သုတေသီများက ပြောကြားသည်။

အကောင်းဆုံး လမ်းလျှောက်ရမည့်အချိန်သည် ညနေစာစားပြီးချိန်ဖြစ်ပြီး သွေးတွင်းသကြားဓာတ်သည် ယင်းအချိန်တွင် ပိုမိုမြင့်မားသဖြင့် ညနေစာစားပြီးသည်နှင့် လမ်းလျှောက်လေ့ကျင့်ခန်း ပြုလုပ်သင့်ကြောင်း အကြံပြုတင်ပြခဲ့သည်။

မောင်သံဆင့်–ရေးသည်

အင်္ဂါဂြိုဟ်လေထုအတွင်း အောက်ဆီဂျင်ကြွယ်ဝစွာ ဖြစ်တည်ခဲ့

အင်္ဂါဂြိုဟ်လေထုအတွင်း လွန်ခဲ့သည့် နှစ်ပေါင်း လေးဘီလီယံခန့်က အောက်ဆီဂျင်ကြွယ်ဝစွာ ပါဝင်ခဲ့ကြောင်း၊ ကမ္ဘာမြေတွင် ဓာတ်ငွေ့နှင့် လေထုများ ဖွဲ့စည်းဖြစ်ပေါ်မှု မတိုင်မီကပင် အင်္ဂါဂြိုဟ်လေထုသည် အောက်ဆီဂျင်ကြွယ်ဝစွာ ရှိနေခြင်းဖြစ်ကြောင်း ဗြိတိန်နိုင်ငံမှ အာကာသရေးရာ သုတေသနပညာရှင် ဒေါက်တာဘာနက်ဝုဒ်က ပြောကြားသည်။

အင်္ဂါဂြိုဟ်မှ ပွဲထွက်လာသော ဥက္ကာခဲအပိုင်းအစများ၊ အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်ရှိ ကျောက်တုံးများကို နာဆာက စေလွှတ်ထားသော စက်ရုပ်လှေ့လာရေးယာဉ်က လေ့လာသုတေသနပြုမှုများအရ လွန်ခဲ့သော နှစ်ပေါင်းများစွာက အင်္ဂါဂြိုဟ်လေထုအတွင်း၌ အောက်ဆီဂျင်များ ကြွယ်ဝစွာ ဖြစ်တည်ခဲ့သည်ကို ဖော်ပြနေသည်ဟု ဆို၏။

ကမ္ဘာမြေပေါ်တွင် တွေ့ရှိရသော အင်္ဂါဂြိုဟ်မှ ကျဆင်းလာသည့် ဥက္ကာခဲများ၏ ဖွဲ့စည်းဖြစ်တည်မှုတွင် ဓာတုပစ္စည်းများနှင့်အတူ အောက်ဆီဂျင်ပါဝင်မှုများ တွေ့ရှိသည်ဟု ၎င်းက ပြောကြားသည်။ တစ်ဖန် အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်ရှိ မီးတောင်ထိပ်တစ်ခုမှ ကျောက်တုံးတစ်တုံးကို စပရစ် လေ့လာရေးယာဉ်က စူးစမ်းသုတေသနပြုခဲ့ရာတွင် အထက်ပါအတိုင်း အောက်ဆီဂျင်ပါဝင်မှုများ တွေ့ရှိခဲ့ရခြင်းဖြစ်သည်။

တွေ့ရှိ

ထိုသို့တွေ့ရှိမှုသည် အင်္ဂါဂြိုဟ်မှ ပွဲထွက်လာသော ဥက္ကာခဲအပိုင်းအစများတွင်ရှိသော အောက်ဆီဂျင် ပါဝင်မှုထက် ယခုအင်္ဂါဂြိုဟ်ပေါ်တွင် တွေ့ရှိရသော ကျောက်တုံးများ၌ အောက်ဆီဂျင်ပါဝင်မှုသည် ငါးဆခန့် ပိုမိုများပြားလျက်ရှိရာ အင်္ဂါဂြိုဟ်ပေါ်တွင် သက်ရှိများနေထိုင်မှု အထောက်အထားကို သိရှိနိုင်မည်ဖြစ်သည်။

အာကာဟိန်း–ရေးသည်

VICTORIA UNIVERSITY COLLEGE

“တွေးဆ၊ ပြင်ဆင် ပညာသင်” “ပြည်တွင်းပြည်ပ ပညာသင်ယူမှုဆိုင်ရာဟောပြောပွဲ”

- “ဘဝတစ်ခုလုံးအတွက် အရေးကြီးသောရွေးချယ်မှု” ဖြစ်သည့်အထူးပြုဘာသာရပ်ရွေးချယ်ခြင်း၊ ပညာ Knowledge နှင့် ကျွမ်းကျင်မှု Skills ရရှိစေရန် သင်ကြားပို့ချနိုင်စွမ်းရှိသော ပြည်တွင်းနှင့် ပြည်ပကျောင်းများ ရွေးချယ်ခြင်း အကြံပြုချက်များ။
- တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအတွက် ဘာသာရပ်နှင့် တက္ကသိုလ်၊ ကောလိပ်ရွေးချယ်ခြင်းနှင့် ကြိုတင်ပြင်ဆင်ခြင်း။
တက္ကသိုလ်ဝင်စာမေးပွဲ မအောင်မြင်သေးသူများအတွက် စာသင်နှစ်စ - နှစ်ဆုံး Timetable နှင့် စနစ်တကျပြင်ဆင်လေ့လာခြင်း (Timetable ပေးအပ်မည်)။
- ကျောင်းသား၊ ကျောင်းသူများမိဘများ မပျက်မကွက် တက်ရောက်သင့်သောပညာရေးဟောပြောပွဲ၊ ပညာရေးစိတ်ပါဝင်စားသူတိုင်း (အခမဲ့) တက်ရောက်နိုင်ပါသည်။

ဟောပြောမည့်သူ - ဒေါက်တာနေ နှင့် ပါမောက္ခတစ်ဦး
ကျင်းပမည့်နေ့ - ၂၃ . ၆ . ၂၀၁၃ (တနင်္ဂနွေနေ့) ကျင်းပမည့်အချိန် - နေ့လည် (၁ း ၀၀) နာရီ
ကျင်းပမည့်နေရာ - Traders Hotel - Ball Room (One)၊ ရန်ကုန်မြို့၊ ဖုန်း - ၃၈၃၁၃၂ ၃၈၃၁၃၃၊ ၀၉၅၁၀၄၇၇၈

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

လျှပ်စစ်ဓာတ်အားကို တရားမျှတစွာ ဝယ်ယူသုံးစွဲတတ်ကြစေလို

လျှပ်စစ်ဝန်ထမ်းတစ်ဦး

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်လေးခရိုင်နှင့် ယင်းခရိုင်များအတွင်းရှိ မြို့နယ်ပေါင်း ၄၅မြို့နယ်တွင် နေထိုင်ကြသော ပြည်သူများသို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ကွပ်ကဲမှုလက်အောက်ရှိ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ ဝန်ကြီးဌာနကိုယ်စား တာဝန်ယူဓာတ်အားဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။

ယင်းသို့ ဖြန့်ဖြူးရောင်းချပေးနိုင်ရန် လိုအပ်သောလျှပ်စစ်ဓာတ်အားကို မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ဓာတ်အားတစ်ယူနစ်လျှင် ၄၀ကျပ်နှုန်းဖြင့် ဝယ်ယူရပါသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဓာတ်အားသုံးစွဲသူဦးရေ ၉၅၅၁၄၉ဦးရှိသည့်အနက် အိမ်သုံးမီတာဖြင့် သုံးစွဲသူဦးရေ ၈၉၈၈၈၃ ဦးသို့ ဓာတ်အားတစ်ယူနစ်လျှင် ၃၅ကျပ်နှုန်းဖြင့် ပြန်လည်ရောင်းချပေးလျက်ရှိရာ တစ်ယူနစ်ရောင်းချတိုင်း ငါးကျပ် အရှုံးဖြစ်ပေါ်လျက်ရှိပါသည်။ ဤအရှုံးများကို တစ်ယူနစ် ၇၅ကျပ်နှုန်းရောင်းချရသည့် စက်မှုလုပ်ငန်း၊ စီးပွားရေးလုပ်ငန်းများမှလည်းကောင်း၊ နိုင်ငံတော်မှ ရန်ပုံငွေပံ့ပိုးမှုဖြင့်လည်းကောင်း ဖြည့်ဆည်းပေးပြီး ပြည်သူများသက်သာချောင်ချိရေးကို ဦးတည်ဆောင်ရွက်ပေးလျက်ရှိပါသည်။

သို့ရာတွင် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့သည် နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းတစ်ရပ်ဖြစ်၍ အများပြည်သူအပေါ် မည်သို့ပင် သက်ညှာထောက်ထားနိုင်ပါသော်လည်း နိုင်ငံတော်၏ ဘဏ္ဍာငွေ လေလွင့်ဆုံးရှုံးမှုမဖြစ်စေရေးအတွက် ဓာတ်အားခများ မှန်ကန်ပြည့်ဝစွာ ကောက်ခံရရှိနိုင်ရေးကို တာဝန်တစ်ရပ်ဖြင့် ဆောင်ရွက်ရပါသည်။ တစ်ဖက်တွင်လည်း ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်ဖြင့် နိုင်ငံတော်အစိုးရက သတ်မှတ်ပြဋ္ဌာန်းပေးသော ဘဏ္ဍာငွေအရ၊ အသုံးဆိုင်ရာ ဥပဒေနှင့်အညီ လျာထားသတ်မှတ်ထားသော ဝင်ငွေရရှိရေးကို ဦးတည်ဆောင်ရွက်ရန်လည်း တာဝန်ရှိပေသည်။

ယင်းတာဝန်များကို အောင်မြင်ပြီးမြောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ဝယ်ယူရသည့်ဓာတ်အားကို ရာခိုင်နှုန်းပြည့်နီးပါး ပြန်လည်ရောင်းချနိုင်ရေးသည် အရေးကြီးသော အချက်တစ်ရပ်ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ဓာတ်အားဖြန့်ဖြူးရောင်းချရာတွင် ဓာတ်အားလေလွင့်ပျောက်ဆုံးမှု (Unit Loss) လျော့နည်းကျဆင်းရေးကို ဆောင်ရွက်ရန်ဖြစ်ပါသည်။ ဓာတ်အားလေလွင့်ပျောက်ဆုံးမှုတွင် အောက်ပါအတိုင်း နှစ်ပိုင်းခွဲ၍ တွေ့ရပါသည်-

(က) နည်းပညာရပ်ဆိုင်ရာပျောက်ဆုံးမှု(Technical Loss)

(ခ) နည်းပညာကြောင့်မဟုတ်သော ပျောက်ဆုံးမှု(Non -Technical Loss)

နည်းပညာရပ်ဆိုင်ရာ ပျောက်ဆုံးမှုတွင် ထရန်စဖော်မာများ၌လည်းကောင်း၊ ဓာတ်အားလိုင်းများ၌လည်းကောင်း လျှပ်စစ်ဓာတ်အားစီးဆင်းရာမှ ပေါ်ပေါက်သော အပူစွမ်းအင်ကြောင့် ဓာတ်အားလျော့နည်းပျောက်ဆုံးခြင်းတို့ ပါဝင်ပါသည်။ အရွယ်အစားသေးငယ်သော လိုင်းကြိုးများကို ပို၍ကြီးသောကြိုးများဖြင့်လဲလှယ်ခြင်း၊ ဓာတ်အားလိုင်းကြိုးတစ်လျှောက် သစ်ပင်သစ်ကိုင်းများ ထိစပ်မှုမရှိရေး၊ ခုတ်ထွင်ရှင်းလင်းခြင်း၊ ဓာတ်အားဖြတ်ခလုတ်နှင့်ဒဏ်ခံကြိုးများ ဆက်သွယ်မှုကောင်းမွန်စေရန်ဆောင်ရွက်ခြင်း၊ ထရန်စဖော်မာများ ဝန်ပိုမဖြစ်ရေး စီမံဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများဖြင့် ဆောင်ရွက်ရပါသည်။

နည်းပညာကြောင့်မဟုတ်သော ပျောက်ဆုံးမှုတွင် အဓိကအချက်မှာ လူကြောင့် ဖြစ်ပါသည်။ လျှပ်စစ်ဓာတ်အားသုံးစွဲမှုကို တိုင်းတာသော မီတာများတွင် ဤပျောက်ဆုံးမှု ပေါ်ပေါက်ခဲ့ပါသည်။ မိမိနေအိမ်ပရဝဏ်တွင် တပ်ဆင်ထားသော လျှပ်စစ်သံလိုက်စနစ်သုံး (Analog)မီတာများအား မသမာသောနည်းလမ်းဖြင့် အလည်နှေးအောင် ပြုလုပ်ခြင်း၊ မီတာတွင် ခတ်ထားသော ဆီးလ်သော့များကိုဖြုတ်၍ တက်နေသောယူနစ်ဂဏန်းများကို ပုံမှန်ပြန်လည်လျှော့ချခြင်း၊ မီတာဖတ်စာရေးများက မီတာအားလုံးကို ပုံမှန်ဖတ်ရှုခြင်းမပြုဘဲ စိတ်မှန်းဖြင့်ဖော်ပြခြင်း စသည့်နည်းလမ်းများ ပြုလုပ်ခြင်းကြောင့် ဓာတ်အားယူနစ်သုံးစွဲမှု ပမာဏအတိုင်း မှန်ကန်စွာ ဖတ်ရှုနိုင်ခြင်းမရှိ၍ လျော့နည်းပျောက်ဆုံးမှု ပေါ်ပေါက်ရခြင်းဖြစ်ပါသည်။ ထို့အပြင် အဆိုပါလျှပ်စစ်သံလိုက်စနစ်သုံး (Analog) မီတာများ၏ အားနည်းချက်တစ်ရပ်မှာ ဗို့အား Voltage ကျဆင်းလျှင်လည်းကောင်း၊ မီတာများဟောင်းနွမ်းအိုမင်းလာလျှင်လည်းကောင်း၊ ဓာတ်အားသုံးစွဲလျက် ရှိပင်ရှိငြားသော်လည်း မီတာတွင် တက်သင့်သည့် ယူနစ်ပမာဏအထိ မတက်နိုင်ခြင်းဖြစ်သည်။

ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့၏ သတ်မှတ်လျာထားသော နိုင်ငံတော်ဘဏ္ဍာငွေရရှိရေးအတွက် ဖော်ပြပါမီတာများကြောင့် ဓာတ်အားလျော့နည်းပျောက်ဆုံးမှုကို လျှော့ချနိုင်ရန် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် အခြားတိုးတက်သော နိုင်ငံများနည်းတူ လက်ရှိလျှပ်စစ်သံလိုက်စနစ်သုံး (Analog) မီတာများ၏နေရာ၌ အီလက်ထရွန်နစ်စနစ်သုံး Digital မီတာများကို အစားထိုးတပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။ ဤစနစ်တွင် Digital မီတာများကို ဓာတ်တိုင်အမြင့်တွင် စုပေါင်းတပ်ဆင်ပြီးမှ သုံးစွဲမည့်နေအိမ်သို့ ဆက်သွယ်ဓာတ်အားပေးပါသည်။ Digital မီတာတပ်ဆင်မှုကြောင့် အောက်ပါအကျိုးကျေးဇူးများ ရရှိခဲ့ပါသည်-

(က) ဓာတ်တိုင်အမြင့်တွင် တပ်ဆင်ထားရှိ၍ မိမိဝန်ထမ်းအပါအဝင် မည်သူတစ်ဦးတစ်ယောက်မျှ မသမာမှု မပြုနိုင်ခြင်း။

(ခ) မီတာဖတ်စာရေးမှ မျက်စိဖြင့်ဖတ်ရှုရန်မလိုဘဲ(Wireless) စနစ်သုံး Electronic Hand Held Unit (HHU)ဖြင့် မြေပြင်မှ အလွယ်တကူလျင်မြန်စွာဖတ်ရှုနိုင်ခြင်း၊

(ဂ) ယခင်ဓာတ်အားသုံးစွဲသူ ၈၀၀ မှ ၁၀၀၀ အထိ မီတာများကို ဖတ်ရှုနိုင်ရန် မီတာစာရေးတစ်ဦးခန့်ထားပေးရန် လိုအပ်သော်လည်း ယခု (Digital)မှာမူ မီတာစာရေးတစ်ဦးက တစ်ရက်တည်းတွင် မီတာ ၄၀၀၀မှ ၅၀၀၀အထိ အလွယ်တကူ ဖတ်ရှုနိုင်သဖြင့် ဝန်ထမ်းဦးရေလျှော့ချနိုင်ပြီး နိုင်ငံတော်ဘဏ္ဍာငွေသုံးစွဲမှု လျှော့ချနိုင်ခြင်း၊

(ဃ) အီလက်ထရွန်နစ်စနစ်သုံး Digital မီတာဖြစ်၍ ဗို့အား (Voltage)ကျဆင်းသော်လည်း သုံးစွဲသည့် ဓာတ်အားပမာဏကို မှန်ကန်စွာ ဖတ်ရှုပေးနိုင်ခြင်း၊

ရန်ကုန်တိုင်းဒေသကြီး၏ ခရိုင်လေးခုတွင် အခြားခရိုင်များ၌ ဓာတ်အားပျောက်ဆုံးမှုသည် ၁၀ ရာခိုင်နှုန်း မှ ၂၀ ရာခိုင်နှုန်းအတွင်း ရှိနေသော်လည်း တောင်ပိုင်းခရိုင်တွင်မူ အထက်ဖော်ပြပါ အားနည်းချက်များကြောင့် ၃၀ ရာခိုင်နှုန်းအထက်သို့ ရောက်ရှိနေကြောင်း မှတ်တမ်းများအရ တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ Digital မီတာများ လဲလှယ်တပ်ဆင်မှုကို တောင်ပိုင်းခရိုင်၏ မြို့နယ်များတွင် စတင်ဆောင်ရွက်ခဲ့ပါသည်။ တစ်ချိန်တည်းတွင် အရှေ့ပိုင်းခရိုင်၌လည်း စတင်လဲလှယ်လျက်ရှိပြီး တိုင်းဒေသကြီးတစ်ခုလုံးတွင် ဆက်လက်လဲလှယ်သွားမည်ဖြစ်ပါသည်။

Digital မီတာများကို နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်စက်ရုံများမှ ထုတ်လုပ်ပြီး မီတာတစ်လုံးချင်းစီကို လျှပ်စစ်ဓာတ်ခွဲခန်းတွင် တိကျမှန်ကန်စွာ စစ်ဆေးပြီးမှသာ ဓာတ်အားသုံးစွဲသူများအတွက် တပ်ဆင်ပေးလျက်ရှိပါသည်။ မီတာယူနစ်တက်ခြင်းအတွက် သံသယဖြစ်ဖွယ်မရှိကြောင်း ဖော်ပြလိုပါသည်။

ကမ္ဘာပေါ်ရှိ အခြားနိုင်ငံများတွင် သောက်သုံးရေ ဈေးနှုန်းကြီးမြင့်မှု၊ လျှပ်စစ်ဓာတ်အား ဈေးနှုန်းကြီးမြင့်မှုများကြောင့် မိမိလိုသလောက်သာ ချွေတာသုံးစွဲသည့် အလေ့အထများ ရှိပြီးဖြစ်ပါသည်။ မြန်မာနိုင်ငံမှ ဓာတ်အားသုံးစွဲသူ ပြည်သူများအနေဖြင့် နိုင်ငံတော်၏ပံ့ပိုးမှုဖြင့် ဈေးနှုန်းချိုသာသော လျှပ်စစ်မီးကို သုံးစွဲနိုင်လျက်ရှိသော်လည်း လျှပ်စစ်ဓာတ်အားတစ်ကျပ်ဖိုးသုံးလျှင် ငွေတစ်ကျပ်ပေးသွင်းရမည်ဖြစ်၍ မိမိပေးရသော ဓာတ်အားခ များပြားခြင်းမရှိစေရန် လိုသလောက်သာ ချွေတာသုံးစွဲသည့် အလေ့အထကို အခြားနိုင်ငံများမှ အတုယူလိုက်နာကျင့်သုံးစေလိုကြောင်း အကြံပြုတိုက်တွန်းအပ်ပါသည်။

နိုင်ငံတော်ဘဏ္ဍာငွေသုံးစွဲ၍ လုပ်ငန်းလည်ပတ်ဆောင်ရွက်ရသော စီးပွားရေးအဖွဲ့အစည်းတစ်ခုဖြစ်သည့် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့အနေနှင့်မူ ရသင့်ရထိုက်သော နိုင်ငံတော်ဘဏ္ဍာငွေ ပြည့်ဝမှန်ကန်စွာရရှိရေး၊ ဘဏ္ဍာငွေသုံးစွဲမှု လျှော့ချနိုင်ရေးကို ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဥပဒေနှင့်အညီ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။ ။

❐ မိမိပေးရသော ဓာတ်အားခ များပြားခြင်း မရှိစေရန် လိုသလောက်သာ ချွေတာသုံးစွဲသည့် အလေ့အထကို အခြားနိုင်ငံများမှ အတုယူ လိုက်နာကျင့်သုံးစေလို

ကလေးများတွင် သွေးလန့်ခြင်းလက္ခဏာများ ခံစားရပါက မပေါ့ဆရန်လိုအပ်

နေပြည်တော် ဇွန် ၂၁

မြန်မာနိုင်ငံ တစ်ဝန်းလုံး၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်းများ အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိပြီး ဒေသခံများ၏ ပူးပေါင်းဆောင်ရွက်မှုသည်လည်း များစွာလိုအပ်နေကြောင်း ကျန်းမာရေးဦးစီးဌာနမှ သိရသည်။



“ကမ္ဘာတစ်ဝန်းလုံးမှာ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားတတ်ပါတယ်။ မြန်မာနိုင်ငံမှာလည်း အဖြစ်များနေပြီး ကြိုတင်ကာကွယ်မှုတွေကို မိုးမကျမီကတည်းက ပြင်ဆင်ပြုလုပ်ခဲ့ပါတယ်။ မိုးဦးကျ အခုလိုအချိန်မှာ အေဒီးစ်ခြင်ကိုက်ရာကနေ တစ်ဆင့်ဖြစ်ပွားတတ်ပြီး အသက် ၁၅နှစ်အောက် ကလေးငယ်တွေမှာ အများဆုံးဖြစ်ပွားတဲ့အတွက် အသက်အန္တရာယ်ကိုပါ ထိခိုက်နိုင်တယ်”ဟု ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်တစ်ဦးက ပြောကြားသည်။

ကျန်းမာရေးဝန်ကြီးဌာနအနေနှင့် ရုပ်သံနှင့် သတင်းစာများတွင် သွေးလွန်တုပ်ကွေးရောဂါကို သတိပေးနှိုးဆော်ထားပြီး အဆိုပါရောဂါကြောင့် ယခုနှစ်ဆန်းမှ ဧပြီလအတွင်း ရောဂါဖြစ်ပွားမှုနှုန်း မြင့်တက်ခဲ့ခြင်းကြောင့် ယခု မိုးဦးကျရာသီ၌ ပိုမိုဖြစ်ပွားနိုင်ကြောင်း သွေးလွန်တုပ်ကွေး ကာကွယ်တားဆီးရေးလုပ်ငန်းများ ဆောင်ရွက်နေသူ ဆရာဝန်တစ်ဦးက ပြောပြသည်။

ရန်ကုန် ကလေးဆေးရုံကြီးရှိ ဆေးရုံအုပ်ကြီး ဒေါက်တာသန်းထိုက်က “ကလေးတွေဖျားရင် မပေါ့ဆသင့်ပါဘူး။ သွေးလွန်တုပ်ကွေးမှာ အဓိကကတော့ သွေးလန့်တာဖြစ်ပါတယ်။ သွေးလန့်တဲ့ ရောဂါလက္ခဏာတွေကို သာမန်လူတွေ မသိနိုင်ပါဘူး။ သွေးလန့်နေတဲ့ကလေးကို မသိဘဲထားလိုက်ရင် အခြေအနေဆိုးလာပြီး သေဆုံးနိုင်ပါတယ်။ မိဘအုပ်ထိန်းသူတွေအနေနဲ့ အကောင်းဆုံးကာကွယ်နိုင်ဖို့အတွက် ခြင်မကိုက်အောင် ကလေးကို လုံလုံခြုံခြုံဝတ်စားပေးကြရပါမယ်။ ခြင်ပြေးစေတဲ့ အန္တရာယ်ကင်းတဲ့ ဆေးတစ်ခုခုကို ဆောင်ထားသင့်ပါတယ်။ အဓိကကတော့ ကိုယ့်ပတ်ဝန်းကျင်မှာ သွေးလွန်တုပ်ကွေးနဲ့ ရှော့ခ်ဖြစ်တဲ့ ကလေးမျိုးရှိမယ်ဆိုရင် အလွန်ကို ဂရုစိုက်ပေးဖို့လိုအပ်ပါတယ်”ဟု ပြောကြားသည်။

သွေးလန့်ခြင်းဟု သတ်မှတ်ထားသည့် ရောဂါလက္ခဏာများမှာ ကလေးဖျား၍ အပူချိန်အလွန်မြင့်တက်လာခြင်း၊ အပူချိန်မြင့်တက်ရာမှ ရုတ်တရက်အပူချိန်ကျဆင်းသွားပြီး ကလေးတစ်ကိုယ်လုံးအထူးသဖြင့် လက်ဖျား၊ ခြေဖျား၊ တံတောင်ဆစ်၊ ဒူးအောက်တို့ အေးစက်လာခြင်း၊ မရွှင်လန်းတော့ဘဲ နွမ်းချည့်ကာမှိန်းလာခြင်း၊ ဝမ်းမည်းသွားခြင်း၊ ကော်ဖီရောင်အရည်များ အန်ခြင်း၊ ဝမ်းဗိုက်နာကျင်ခြင်းနှင့် နှာခေါင်းသွေးလျှံခြင်းတို့ ဖြစ်ပွားပြီး အဆိုပါ အကြောင်းအရာများထဲမှ တစ်ခုခုနှင့် တိုက်ဆိုင်ဖြစ်ပွားခြင်းကို သွေးလန့်ခြင်းဟု ခေါ်ဝေါ်ကြပြီး ဖြစ်ပွားပါက နီးစပ်ရာ ဆေးရုံသို့ အမြန်ဆုံးရောက်ရှိရန် လိုအပ်ကြောင်း ဒေါက်တာသန်းထိုက်က ရှင်းပြသည်။

နေပြည်တော်အပါအဝင် မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်တို့တွင် အများဆုံးဖြစ်ပွားပြီး လက်ရှိတွင် အရေးပေါ်အခြေအနေအဖြစ် ကာကွယ်တားဆီးရေးလုပ်ငန်းများ နိုင်ငံနှင့်အဝန်း ဆောင်ရွက်လျက်ရှိပြီး ကျန်းမာရေးဝန်ကြီးဌာနနှင့် NGO အသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများ၊ လုပ်အားပေးလူငယ်များ ပူးပေါင်းဆောင်ရွက်ကာ ဖုံး၊ သွန်၊ လဲ၊ စစ်နှင့် ပိုးလောက်လမ်း နှိမ်နင်းရေး၊ ခြင်ကောင်များအား ဆေးဖျန်းခြင်း စသည်တို့အပြင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသည့် ကလေးငယ်များအား အချိန်မီအရည်အသွေးပြည့်ဝစွာကုသနိုင်ရေးအတွက် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူ့ဆေးရုံများ၌ လိုအပ်သည့်ဆေးများ၊ ရောဂါကုသ၊ စောင့်ကြည့်ရေးဆိုင်ရာ ပညာပေး အစီအစဉ်များ ဆောင်ရွက်လျက်ရှိကြောင်း ကျန်းမာရေးဦးစီးဌာနမှ သတင်းရရှိသည်။

ပြောကြား

“ကလေးက မူကြိုထားရတယ်။ အိမ်မှာတော့ ဂရုစိုက်နိုင်ပေမယ့် မူကြိုမှာတော့ သစ်ပင်တွေပေါလို့ ခြင်တွေလည်းများတယ်နဲ့တူပါတယ်။ ကျွန်မကလေးကဖျားတာ ငါးရက်အထိ ကြာသွားတယ်။ ကလေးက အလွန်ကိုဖျော့ပြီး အားလည်းနည်းနေတဲ့ပုံပဲ။ မဖြစ်တော့ဘူးထင်တာနဲ့ ဆေးရုံတင်ရတာ။ သွေးလွန်တုပ်ကွေးရောဂါ မှန်းသိပြီး တစ်ပတ်လောက် အပြင်းအထန်ကုသမှုခံယူရပါတယ်။ အချိန်အနည်းငယ်သာ နောက်ကျပြီးမှ ရောက်ခဲ့မယ်ဆိုရင် ကလေးအသက်ဆုံးရှုံးနိုင်တယ်လို့ ဆရာဝန်က ပြောပြမှ အလွန်စိတ်ပူခဲ့ရတယ်။ ရောဂါလက္ခဏာအနေနဲ့ ကလေးက ဖျားနေရာကနေ ရုတ်တရက် အပူကျပြီး တစ်ကိုယ်လုံး အေးစက်လာတာပါပဲ။ သွေးလွန်တုပ်ကွေးကြောင့် သေဆုံးတဲ့ ကလေးအချို့ကိုလည်း ဆေးရုံမှာ တွေ့ရတယ်”ဟု နေပြည်တော် ကုံ့ကော်အိမ်ရာမှ ကလေးမိခင် ဝန်ထမ်းတစ်ဦးဖြစ်သူ ဒေါ်ညိုမာလွင်က သူ့အတွေ့အကြုံကို ပြောကြားသည်။

ခင်ရတနာ

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး နတ်မောက်၌ဆောင်ရွက်

နတ်မောက် ဇွန် ၂၁

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် လေးအိမ်ကျေးရွာအုပ်စုအတွင်း၌ လေးအိမ်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးညီညီ ဦးဆောင်သည့် ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့ခံများနှင့် ကျေးလက်ကျန်းမာရေးဌာနမှ တာဝန်ရှိသူများ စုပေါင်းအဖွဲ့သည် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး လှုံ့ဆော်လှုပ်ရှားမှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး လေးအိမ်ဘုတာစုရှိလမ်းများအလိုက် တစ်အိမ်တက်ဆင်း ပိုးလောက်လမ်းနှိမ်နင်းရေး၊ ဆေးခတ်ခြင်း၊ သွေးလွန်တုပ်ကွေးအကြောင်း သိကောင်းစရာများ ဟောပြောပို့ချခြင်းနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

နေလင်း(ပညာရေး)

စာပေမြင့်မှ လူမျိုးတင့်မည်

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

နေပြည်တော် ဇွန် ၂၁

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၇ ရက် နံနက် ၉ နာရီခွဲက ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန လျှိုပိတ်ဆည် နှစ်ရှည်စိုက်ပျိုးရေးခြံ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်တက်ရောက်၍ စိန်တစ်လုံးသရက်ပင်ကို စိုက်ပျိုးပေးသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် ဝန်ထမ်းများက စိန်တစ်လုံးသရက်ပင် ၁၀၀၀၊ ကျွန်းပင် ၂၀၀၊ ပျဉ်းကတိုးပင် ၁၀၀၊ မဟော်ဂနီပင် ၁၀၀၊ မဲဇလီ ၇၅ ပင်၊ ခရေ ၇၅ ပင်နှင့် ကံ့ကော်ပင် ၅၀ စုစုပေါင်းအပင် ၁၆၀၀ ကို စိုက်ပျိုးကြကာ ယခင်နှစ်က စိုက်ပျိုးခဲ့သည့် စိန်တစ်လုံး သရက်ပင်များ၊ ရတနာတန်းဝင် နှစ်ရှည်ပင်များနှင့် အရိပ်ရ လေကာပင်များကို မြေဩဇာကျွေးခြင်း၊ မြေတောင်မြှောက်ခြင်းများ ပြုလုပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တိုင်းဒေသကြီးဥပဒေအရာရှိနှင့် တရားလွှတ်တော်ရှေ့နေများတွေ့ဆုံ

ပဲခူး ဇွန် ၂၁

ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ်ရုံးသို့ ပြောင်းရွှေ့ရောက်ရှိလာသော တိုင်းဒေသကြီး ဥပဒေအရာရှိနှင့် တရားလွှတ်တော်ရှေ့နေများ မိတ်ဆက်တွေ့ဆုံပွဲကို ဇွန် ၁၉ရက် မွန်းလွဲ ၂ နာရီက ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင်နှင့်ပဲခူးမြို့နယ်တို့မှ ဥပဒေအရာရှိများ၊ ပဲခူးမြို့နယ်မှ တရားလွှတ်တော်ရှေ့နေများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ပဲခူးတိုင်းဒေသကြီး ဥပဒေအရာရှိ ဦးဇော်လင်းမောင်က နှုတ်ခွန်းဆက် စကားပြောကြားပြီး တရားစီရင်ရေးကဏ္ဍတွင် ရှေ့နေများနှင့်ဥပဒေအရာရှိများ စည်းလုံးစွာဖြင့် ပူးပေါင်းဆောင်ရွက်ကြရန်ကိစ္စများကို အကျယ်တဝင့်ဆွေးနွေးကြသည်။ **(အောက်ဝဲပုံ)** ထို့နောက် ဥပဒေပညာပြန့်ပွားရေးအတွက် ပဲခူးတိုင်းဒေသကြီး ခရိုင်လေးခုမှ ဥပဒေအရာရှိများက ဥပဒေဆိုင်ရာ စာတမ်းလေးစောင်ကိုရေးသားပြုစုပြီး စာတမ်းဖတ်ပွဲကို ဇွန်၂၉ရက်တွင် ပဲခူးမြို့တော်ခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ်ဥပဒေရုံး)**

ကလေးသီတဂူမျက်စိဆေးရုံတွင် လာရောက်ကုသသူများပြား

ကလေး ဇွန် ၂၁

သီတဂူဆရာတော်ကြီး တည်ထောင်ထားသော စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့သီတဂူမျက်စိဆေးရုံတွင် မျက်စိဝေဒနာရှင်များ အထူးများပြားစွာ လာရောက်ကုသလျက်ရှိကြောင်းသိရသည်။

ကလေးသီတဂူ မျက်စိဆေးရုံအနေဖြင့် မဟာသန္တာရုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပုညသေဠ၏ ကြီးကြပ်မှုဖြင့် ဇွန် ၁၃ ရက်မှစပြီး မျက်စိခွဲစိတ်ကုသမှုများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုအကြိမ်တွင် ဇွန် ၂၀ ရက်အထိ မျက်စိစမ်းသပ်ရန်အတွက် မှတ်ပုံတင်လူနာ ၂၂၀၅ ဦးရှိကြောင်း မှတ်ပုံတင်ဌာနတွင် လုပ်အားပေးနေသူ တစ်ဦးထံမှသိရသည်။ ကလေးသီတဂူမျက်စိဆေးရုံ၏ မျက်စိခွဲစိတ်ကုသမှုမှာ ယခုအကြိမ်သည် အဌမအကြိမ်ဖြစ်ပြီး လူနာများပိုမိုများပြားစွာ လာရောက်ကုသကြကြောင်းနှင့် သီတဂူဆရာတော်ကြီး ကိုယ်တိုင်လူနာများကို လာရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

လရိပ်ပြာ(ကလေးကိုယ်ပွား)

ဂေါက်ကွင်းသုံးပစ္စည်းများ ပေးအပ်

ရန်ကုန် ဇွန် ၂၁

မြန်မာဂေါက်ကွင်းများ အဆင့်အတန်းမြင့်မားရန် ရည်ရွယ်၍ R & A က လှူဒါန်းသော ဂေါက်ကွင်းသုံးစက်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ဇွန် ၁၇ ရက် နံနက်ပိုင်းက ရန်ကုန်ဂေါက်ကလပ် ၌ ကျင်းပရာ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဌ ဦးမင်းသိန်းက အမှာစကားပြောကြားပြီး တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးမျိုးထွန်းက မြန်မာနိုင်ငံဂေါက်ကွင်းများတွင် လိုအပ်လျက်ရှိသော ဂေါက်ကွင်းသုံးစက်ပစ္စည်းများ လှူဒါန်းရသည့် အကြောင်းကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးအောင်လှဟန်က မြန်မာဂေါက်သီးရိုက်အသင်း၊ ရန်ကုန်ဂေါက်ကလပ်အသင်း၊ ပြင်ဦးလွင်မြန်မာဂေါက်သီးရိုက်အသင်း၊ ငန်းတေးဂေါက်ကွင်း (မော်လမြိုင်)၊ မြေလတ်ဂေါက်ကွင်း (မြင်းခြံ)တို့မှ တာန်ဝန်ရှိသူများအား ဂေါက်ကွင်းသုံး စက်ပစ္စည်းများကို ပေးအပ်သည်။ ထို့နောက် မြန်မာဂေါက်သီးရိုက်အသင်း Captain ဦးစိုးဝင်းက ကျေးဇူးတင်စကားပြောကြားပြီး မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်ဒုတိယဥက္ကဌဦးမင်းသိန်း၊ အထွေထွေအတွင်းရေးမှူး ဦးအောင်လှဟန်၊ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးမျိုးထွန်း၊ ဂေါက်ကွင်းသုံး စက်ပစ္စည်းများလက်ခံရရှိကြသော ဂေါက်ကွင်းတာဝန်ရှိသူများ စုပေါင်းဓာတ်ပုံရိုက်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မြန်ပြည်တစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့်

မြန်မာနိုင်ငံ လက်လီရောင်းချခြင်းလုပ်ငန်းဆိုင်ရာ ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဇွန် ၂၁

မြန်မာနိုင်ငံ၏ နိုင်ငံရေးနှင့်စီးပွားရေးအခင်းအကျင်းပြောင်းလဲလာသည်နှင့်အမျှ ပြည်ပရင်းနှီးမြှုပ်နှံမှုများ စတင်ဝင်ရောက်လာပြီး လက်လီဆိုင်လုပ်ငန်းများသည် ရင်းနှီးမြှုပ်နှံသူတို့၏ မျက်စိကျစရာ နယ်ပယ်တစ်ခုဖြစ်လာကာ ပြည်တွင်းလုပ်ငန်းများအတွက် အခွင့်အလမ်းနှင့်ပြိုင်ဆိုင်မှုများ ပိုမိုမြင့်မားလျက်ရှိရာ လက်လီလုပ်ငန်းများအတွက် အကျိုးရှိစေမည့် လုပ်ငန်းတစ်ရပ်အနေဖြင့် လက်လီလုပ်ငန်းလုပ်ကိုင်နေသူအချင်းချင်း ရင်းနှီးမှုပိုမိုရရှိကာ ကိုယ်ပိုင်အတွေ့အကြုံများ၊ အသိပညာ၊ ဗဟုသုတများ မျှဝေနိုင်ရန် ဟောပြောပွဲနှင့် ဆွေးနွေးပွဲများမှ ရရှိလာသော အချက်အလက်များကို ပြန်လည်အသုံးချပြီး သက်ဆိုင်ရာလုပ်ငန်းအလိုက် ပိုမိုလျင်မြန်စွာ တိုးတက်အောင်မြင်အောင်ဆောင်ရွက်နိုင်ရန်ရည်ရွယ်လျက် လက်လီလုပ်ငန်းဆိုင်ရာ ဟောပြောပွဲနှင့် ဆွေးနွေးပွဲများကို ဇူလိုင်လ ၂၇ ရက်၊ ဩဂုတ်လ ၂၄ ရက်နှင့် စက်တင်ဘာလ ၂၈ ရက်တို့တွင် မြန်မာနိုင်ငံ လက်လီရောင်းချသူများအသင်း (Myanmar Retailers Association) တည်ရှိရာ UMFCCI ၌ကျင်းပသွားမည်ဖြစ်သည်။

ဇူလိုင် ၂၇ ရက်တွင် "လက်လီလုပ်ငန်းမိတ်ဆက် " (Introduction to Retail Industry) ခေါင်းစဉ်ဖြင့် လက်လီရောင်းချခြင်းလုပ်ငန်းဆိုင်ရာ စာရင်းအင်းအချက်အလက်များကိုလည်းကောင်း၊ လုပ်ငန်းစိန်ခေါ်မှု၊ စားသုံးသူအခွင့်အရေးနှင့် ရောင်းချသူအခွင့်အရေးများပါဝင်သော လက်လီလုပ်ငန်းဆိုင်ရာ ပကတိအခြေအနေနှင့် အနာဂတ်ကာလတွင် ပြောင်းလဲလာနိုင်သည့်အခြေအနေများ၊ နိုင်ငံတကာတွင် လက်လီရောင်းချခြင်းနှင့် ပတ်သက်သော တိုးတက်ပြောင်းလဲမှုများကို အဖွဲ့လိုက်ဆွေးနွေးတင်ပြချက်များဖြင့် ဟောပြောဆွေးနွေးသွားမည်ဖြစ်သည်။

"လက်လီလုပ်ငန်း တိုးတက်အောင်မြင်အောင် မည်သို့လုပ်ဆောင်ရမည်နည်း" (How to Run Retail Business Efficiently) ခေါင်းစဉ်ဖြင့် အရောင်းစာရင်းထိန်းသိမ်းခြင်း၊ လက်ကျန်စီမံခန့်ခွဲမှုစသည့် လက်လီလုပ်ငန်းဆိုင်ရာ နည်းစနစ်များ၊ နေရာအထားအသို၊ ကုန်ပစ္စည်းအခင်းအကျင်းစီမံခန့်ခွဲခြင်း၊ ကုန်ပစ္စည်းသယ်ယူပို့ဆောင်ရေးဆိုင်ရာ စီမံခန့်ခွဲမှုများကို ဩဂုတ် ၂၄ ရက်တွင် ဒုတိယအကြိမ်အဖြစ် ဟောပြောဆွေးနွေးသွားမည်ဖြစ်သည်။

တတိယအကြိမ်တွင် "လက်လီလုပ်ငန်းတိုးတက်အောင်မြင်အောင် မည်သို့လုပ်ဆောင်မည်နည်း" (How you can grow your Retail Business) ခေါင်းစဉ်ဖြင့် ဆိုင်ခွဲများတိုးချဲ့ဖွင့်လှစ်ရန်စီမံခြင်း၊ ငွေကြေးအရင်းအနှီးရရှိနိုင်သည့်အခွင့်အလမ်းများနှင့် ငွေစာရင်းစီမံခန့်ခွဲမှု၊ ခြားနားသောဝန်ဆောင်မှုများစသည့် အချက်အလက်များကိုပါ ဟောပြောဆွေးနွေးသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံ လက်လီအရောင်းဆိုင်များ၏ အကျိုးစီးပွားကို တစ်ဖက်တစ်လမ်းမှ ကူညီပံ့ပိုးပေးနိုင်ရန်၊ နိုင်ငံတော်နှင့် ပြည်တွင်းပြည်ပအဖွဲ့အစည်းများအား ဆက်သွယ်ဆောင်ရွက်မှုများတွင် မြန်မာလက်လီဆိုင်များအားလုံးကို ကိုယ်စားပြုနိုင်သော အသင်းအဖြစ် တည်ထောင်နိုင်ရန်၊ စားသုံးသူများ၏ အကျိုးကို ရှေ့တန်းတင်ပြီး စားသုံးသူများ စိတ်ကျေနပ်မည့်အကောင်းဆုံးဆောင်ရွက်ချက်များ လက်တွေ့ကျင့်သုံးလာရန်နှင့် ခေတ်မီလက်လီလုပ်ငန်းများ ဖြစ်လာစေရန်၊ လက်လီရောင်းချမှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရေး၊ လုပ်ငန်းလွယ်ကူချောမွေ့စေရေးနှင့် လုပ်ငန်းပြန့်ပွားရေးစသော ဦးတည်ချက်များဖြင့် မြန်မာနိုင်ငံ လက်လီရောင်းချသူများအသင်းကို ၂၀၁၂ ခုနှစ် အောက်တိုဘာလတွင် စတင်ဖွဲ့စည်းခဲ့ပြီး ပထမဆုံးအကြိမ်အဖြစ် ဟောပြောပွဲများ ကျင်းပမည်ဖြစ်ကြောင်း၊ သို့ဖြစ်ပါ၍ အဆိုပါဆွေးနွေးပွဲများသို့ မြန်မာနိုင်ငံ လက်လီ ရောင်းချသူများအသင်းမှ အသင်းဝင်များအပြင် လက်လီရောင်းချခြင်းလုပ်ငန်းလုပ်ကိုင်လျက်ရှိသော လုပ်ငန်းရှင်များ၊ အုပ်ချုပ်သူများနှင့် စိတ်ပါဝင်စားသူများအား တက်ရောက်ရန်ဖိတ်ခေါ်ထားကြောင်း သိရသည်။

မိုးသူဇာစိုး

ပြည်တွင်းသတင်း

မြန်မာ့အလင်း စာတည်းထံပေးစာများ

ရေစီးမြောင်းများ ပြန်လည်တူးဖော်ပေးစေလို

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ၇ အနောက်ရပ်ကွက် အောင်ချမ်းသာလမ်းမကြီး အရှေ့ဘက်ခြမ်းရှိ ၈ လမ်း၊ ၇ လမ်း၊ ၆ လမ်းနှင့် အနောက်ဘက်ခြမ်းရှိ ပတ္တမြားရပ်ကွက်၊ အိမ်ရာသစ်စသည်ဖြင့် ရပ်ကွက်၏ တောင်ဘက်ခြမ်းအပိုင်းများတွင် ရေစီးမြောင်းများသည် ရွှံ့နွံအမှိုက်များကြောင့် ပိတ်ဆို့နေပြီး ရေများမစီးဆင်းနိုင်ဘဲ နေအိမ်များ၏ အောက်တွင် ရေဝပ်လျက်ရှိပါသည်။ ထိုရေဆိုးများကြောင့် သွေးလွန်တုပ်ကွေးနှင့် ရောဂါအမျိုးမျိုး ဖြစ်ပွားနိုင်ပါသဖြင့် တိမ်ကောပိတ်ဆို့နေသည့် ရေမြောင်းများကို ပြန်လည်တူးဖော်ပေးစေလိုပါသည်။ **ရပ်ကွက်သားများ**

တိုးချဲ့ကျူးကျော်များ ကြပ်မတ်ပေးပါ

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် ၂ ရပ်ကွက် ချောင်းဝဘုန်းတော်ကြီးကျောင်းအနီး ဘုရင့်နောင်လမ်းမဘေးရှိ ရတနာမွန်အိမ်ရာ တိုက်ခန်းများ၏ အခန်းများသည် အုတ်၊ အင်္ဂတေတို့ဖြင့် နောက်ဖေးလမ်းကြားကို ကျူးကျော်ပြီး ရေမြောင်းများကို ပိတ်ဆို့ထားကြသည့်အပြင် တိုက်ခန်းရှင်အချို့သည် ရှေ့၊ ဘေး၊ ဝဲယာ လမ်းမြေများပေါ်သို့ အခိုင်အမာ ကျူးကျော်ထားကြပါသည်။ အဆိုပါ လုပ်ရပ်များကြောင့် မြေညီထပ်တိုက်ခန်းများသို့ ရေဆိုးများ ဝင်ရောက်သဖြင့် ရေချိုးခန်းနှင့် အိမ်သာများမြှင့်တင်ထားရပြီး မိုးအနည်းငယ်ရွာသည်နှင့် အိမ်ရာတစ်ခုလုံး ရေများပြည့်လျှံနေခြင်းကြောင့် သက်ဆိုင်ရာမှ ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **ရတနာမွန်ပြည်သူများ**

လမ်းမြေခြံစည်းရိုးခတ်သူများ စိစစ်ပေးစေလို

ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက် ရမည်းသင်းစုရပ် မီးရထားလမ်းအရှေ့ဘက် ကိုယ့်မင်းကိုယ့်ချင်းလမ်းနှင့် ပြည့်စုံလမ်းကြားရှိ ဝိုင်းကွက်များကို ကျူးကျော်ကာရံထားသည့်အတွက် အမှိုက်သိမ်းကား၊ မီးသတ်ကားများ ဝင်ထွက်မရနိုင်အောင် လမ်းပိတ်ဆို့မှု ဖြစ်နေခြင်းကို သက်ဆိုင်ရာမှ ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

အခက်အခဲတွေ့ကြုံရသူများ

ဒုစရိုက်လုပ်ငန်းများ တားမြစ်ပေးစေချင်

မြောက်ဥက္ကလာပမြို့နယ် (ဃ)ရပ်ကွက် ဝေပုလ္လလမ်းမကြီးထိပ်ရှိ မီးရထားပိုင်မြေနှင့် စည်ပင်သာယာပိုင်မြေပေါ်တွင် ကျူးကျော်အိမ်များ တစ်နေ့တခြား များပြားလာနေပါသည်။ ထိုကျူးကျော်အိမ်များတွင် ဒုစရိုက်လုပ်ငန်းများ ပြုလုပ်နေပါသဖြင့် ရပ်ကွက်အေးချမ်းသာယာရေးအတွက် လိုအပ်သလို အရေးယူဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ဝေပုလ္လသား

အမှုန့်ကြိတ်စက်မှထွက်သည့် အနံ့နှင့် အမှုန်များကြောင့် ကျန်းမာရေးထိခိုက်

ဓနုဖြူ အမှတ်(၄)ရပ်ကွက် ရွှေကူပိုင်းရှိ နေအိမ်တစ်အိမ်တွင် မဆလာနှင့် ငရုတ်သီးမှုန့်မျိုးစုံ နေ့ရောညပါ ကြိတ်နေပါသည်။ အဆိုပါ အမှုန့်ကြိတ်စက်မှ ထွက်လာသည့် အနံ့နှင့် အမှုန်များကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်သည့်အပြင် မီးဘေးကိုပါစိုးရိမ်ရသဖြင့် သင့်လျော်သောနေရာသို့ ပြောင်းရွှေ့ပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်အတွင်းနေထိုင်သူများ

ငါးညှီနံ့များကြောင့် ကျန်းမာရေးထိခိုက်

လှိုင်သာယာမြို့နယ် အမှတ် (၈) ရပ်ကွက် သုခိတာလမ်းအတွင်း ငါးရုံ့၊ တီလားပီးယားငါးအစိုများကို စံပြငါးဈေးမှယူ၍ ခွဲစိတ်ကာ လမ်းအတွင်း၌ အခြောက်လှန်းခြင်း၊ မဲနယ်၊ ကျောက်ချဉ်၊ ယမ်းစိမ်းများ အသုံးပြု၍ ငါးချဉ်ပြုလုပ် ပြန်လည်ရောင်းချခြင်းတို့ကြောင့် မိုးရာသီ၌ အနံ့အသက် ဆိုးရွားစွာခံစားနေရပြီး စွန့်ပစ်ရေများမှာ နှစ်ချီကြာမြင့်လာသည့်အတွက် ရပ်ကွက်နေပြည်သူများ ကျန်းမာရေးထိခိုက်မှုများ ကြုံတွေ့ရသောကြောင့် သက်ဆိုင်ရာမှထိရောက်စွာ တားဆီးဖယ်ရှားပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

အနံ့ဆိုးမခံနိုင်သူများ

အနံ့ဆိုးများကြောင့် ကျန်းမာရေးစိုးရိမ်

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ရွာဘဲရပ်ကွက်နယ်မြေ အုန်းတောရပ်ကွက် မင်္ဂလာလမ်းနှင့် မဟာဂန္ဓဝင်ကျောင်းလမ်းထောင့်ရှိ နေအိမ်ခြံဝင်းထဲတွင် ငါးပိစားသုံးကုန် သိုလှောင်ဖြန့်ဖြူးရောင်းချနေသော အိမ်တစ်အိမ်မှ အနံ့ဆိုးများထွက်ရှိနေသောကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်ရပါသဖြင့် ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

မောင်ပြည်သူ

ပြည်တွင်းသတင်း

နှစ်နိုင်ငံဆက်ဆံမှုမြှင့်တင်ရေးနှင့် အကျိုးတူကိစ္စရပ်များဆွေးနွေး

နေပြည်တော် ဇွန် ၂၁

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား မြန်မာနိုင်ငံဆိုင်ရာ ချီလီသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လူးဝစ်ဖာနန်ဒို ဒါနိုစ်ချာပဲန်တီယာနှင့် အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဂေါ်တမ်မူခိုပါဒါယတို့သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး၏ဧည့်ခန်းမ၌ သီးခြားစီလာရောက်တွေ့ဆုံကြသည်။ ထိုသို့တွေ့ဆုံရာ၌ နှစ်နိုင်ငံ ဆက်ဆံမှုမြှင့်တင်ရေးနှင့် နှစ်နိုင်ငံ အကျိုးတူကိစ္စရပ်များကို ရင်းနှီးစွာဆွေးနွေးခဲ့ကြသည်။

ယနေ့နံနက်ပိုင်းကလည်း နိုင်ငံခြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ၂၀၁၄ ခုနှစ် အာဆီယံထိပ်သီး အစည်းအဝေးများတွင် တာဝန်ထမ်းဆောင်မည့် ဆက်သွယ်ရေးအရာရှိများ သင်တန်း(၃/၂၀၂၃) သင်တန်းဆင်းပွဲကို ပြုလုပ်ခဲ့ရာ ဒုတိယဝန်ကြီး ဦးဇင်ယော်တက်ရောက်အမှာစကားပြောကြား၍ သင်တန်းဆင်းလက်မှတ်များပေးအပ်ခဲ့သည်။

ရည်ရွယ်ဖွင့်လှစ်

အဆိုပါသင်တန်းကို ဇွန် ၁၀ ရက် မှ ၂၁ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး ဝန်ကြီးဌာန(၃၀)မှ အရာထမ်း၊ အမှုထမ်းများ စွမ်းရည်မြှင့်တင်ရန် ရည်ရွယ်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွှေရတုမြန်မာ့ကျောက်မျက်ရတနာပြပွဲ သတ္တမနေ့ ဆက်လက်ကျင်းပ

နေပြည်တော် ဇွန် ၂၁

၁၉၆၄ ခုနှစ် ဒီဇင်ဘာ ၁ ရက်ကတည်းက မြန်မာ့မြေပေါ်တွင် ပထမဆုံးအကြိမ်အဖြစ် စတင်ကျင်းပခဲ့သော မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီက ကြီးမှူးကျင်းပသည့် အကြိမ် (၅၀)မြောက် ရွှေရတုမြန်မာ့ကျောက်မျက်ရတနာပြသရောင်းချပွဲကို နေပြည်တော် မဏိရတနာ ကျောက်စိမ်းခန်းမတွင် ပြပွဲသတ္တမနေ့အဖြစ် ဆက်လက်ကျင်းပသည်။

ပြည်တွင်းပြည်ပ ရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်းခန်းမအတွင်း/အပြင်နှင့် သတ်မှတ်ထားသည့် ဇရိယာများအလိုက် ခင်းကျင်းပြသထားသည့် မိမိတို့လိုလားနှစ်သက်သည့် မြန်မာ့ကျောက်စိမ်းအတွဲများကို လေ့လာမှတ်သား တင်ဒါတင်သွင်းနေကြသည့် မြင်ကွင်းကို စည်စည်ကားကားတွေ့မြင်နေရသည်။ **(အပေါ်ပုံ)**

မွန်းလွဲပိုင်းတွင် သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင်နှင့် တာဝန်ရှိသူများသည် မြန်မာ့ကျောက်မျက်ရတနာ ကျောက်စိမ်းတွဲများ ရောင်းချနေမှုနှင့် တင်ဒါတင်သွင်းနေခြင်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ယမန်နေ့က တင်ဒါတင်သွင်းခဲ့သည့် မြန်မာ့ကျောက်စိမ်းအတွဲများကို ယနေ့နံနက်ပိုင်းမှ စတင်ရောင်းချခဲ့ရာ ကျောက်စိမ်းအတွဲ စုစုပေါင်း ၁၅၅၀ တွဲရောင်းချခဲ့ရကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သတ်မှတ်ရေပမာဏအတိုင်း သိုလှောင်နိုင်မှု ရှိ/မရှိ ပြန်လည်စိစစ် မြို့ပြလုပ်ငန်းများနှင့်အတူ စက်ကိရိယာပိုင်းလည်း ဟန်ချက်ညီတည်ဆောက်

နေပြည်တော် ဇွန် ၂၁

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် ဇွန် ၁၉ ရက် မွန်းလွဲ ၁ နာရီတွင် ဖယ်ခုံမြို့ မိုးဗြဲရေလှောင်တမံ၌ ရေသိုလှောင်ထိန်းသိမ်းထားရှိမှု၊ မြေသားတမံနှင့် ရေထိန်းတံခါးများ ကြံ့ခိုင်မှု၊ ဘီလူးချောင်း ဓာတ်အားပေးစက်ရုံများသို့ ရေပို့ဆောင်ပေးနိုင်မှုတို့အား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး ဓာတ်အားပေးစက်များ တစ်နှစ်ပတ်လုံးစဉ်ဆက်မပြတ်လည်ပတ်နိုင်စေရေးအတွက် ရေကိုစနစ်တကျ သိုလှောင်ပေးပို့ရေး၊ ဒေသခံပြည်သူများ ရေလှောင်တမံနယ်မြေအတွင်း သွားလာမှုအဆင်ပြေစေရေးအတွက် လိုအပ်သည်များကူညီ ဆောင်ရွက်ပေးရေးတို့ကို မှာကြားခဲ့သည်။

မိုးဗြဲ ရေလှောင်တမံသည် အင်းလေးကန်မှ အစပြု၍ စီးဆင်းလာသောဘီလူးချောင်းအား အလျားပေ ၈၀၀၀၊ အမြင့် ၆၀ ပေ မြေသားတမံဖြင့် ရေသိုလှောင်ကာ ဘီလူးချောင်းပေါ်ရှိ ဓာတ်အားပေးစက်ရုံများ ရေလုံလောက်စွာရရှိရေးအတွက် တည်ဆောက်ထားသော ရေလှောင်တမံဖြစ်သည်။ ရေလှောင်တမံ တည်ဆောက်ထားခြင်းကြောင့် ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရန်သာမက ဒေသခံပြည်သူများ၏ လယ်မြေဧက(၂၀၀၀၀)အား တစ်နှစ်ပတ်လုံး စိုက်ပျိုးရေပေးဝေနိုင်သည့်အပြင် အင်းလေးကန်နှင့် လွိုင်ကော်မြို့ကြား ရေကြောင်းဖြင့်သွားလာနိုင်သည့်အတွက် လမ်းပန်းဆက်သွယ်မှုကို အထောက်အကူဖြစ်သော ရေလှောင်တမံတစ်ခုဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ညနေ ၄ နာရီတွင် ပင်လောင်းမြို့နယ် တီကျစ် ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံ ရှင်းလင်းဆောင်၌ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ စက်များ ကြံ့ခိုင်မှုရှိအောင် စနစ်တကျ ထိန်းသိမ်းပြုပြင်ရေး၊ လုပ်ငန်းခွင် အန္တရာယ်မရှိအောင် ကြပ်မတ်ဆောင်ရွက်ရေးတို့ကို မှာကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ညနေ ၆ နာရီခွဲတွင် ညောင်ရွှေမြို့နယ်ရှိ အထက်ဘီလူးချောင်း ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်ရေးစီမံကိန်း၌ ကွန်ကရစ်ရေလွှဲတမံရေထိန်းကန်၊ ရေသွယ်မြောင်း၊ ဖိအားမြှင့် သံမဏိပိုက်လိုင်း ဓာတ်အားပေးစက်ရုံ တည်ဆောက်ခြင်း လုပ်ငန်းခွင်နေရာများအား လှည့်လည် ကြည့်ရှုစစ်ဆေးခဲ့ပြီး **(အပေါ်ပုံ)** သတ်မှတ်ကာလအတွင်း ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးနိုင်အောင် ဆောင်ရွက်ရေး၊ သတ်မှတ်ထားသော ရေပမာဏအတိုင်း သိုလှောင်နိုင်မှု ရှိ/ မရှိ ပြန်လည်စိစစ်ရေး၊ မြို့ပြလုပ်ငန်းများ ဆောင်ရွက်မှုနှင့်အတူ စက်ကိရိယာပိုင်းဆိုင်ရာများကိုလည်း ဟန်ချက်ညီညီ တည်ဆောက်ရေးနှင့် ဝန်ကြီးဌာနက ကူညီပံ့ပိုးရမည့်ကိစ္စရပ်များကို မှာကြားခဲ့သည်။

အဆိုပါ အထက်ဘီလူးချောင်း ရေအားလျှပ်စစ် စီမံကိန်းသည် ဝန်ကြီးဌာနနှင့် ပုဂ္ဂလိကကုမ္ပဏီအကြား BOT စနစ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော စီမံကိန်းတစ်ရပ်ဖြစ်ကာ ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် အနောက်တောင်ဘက် (၄ ဒသမ ၄)မိုင်ခန့်အကွာ ဘီလူးချောင်းပေါ်တွင် တည်ရှိသည်။ စီမံကိန်းကာလမှာ ၂၀၀၉-၂၀၁၀ မှ ၂၀၁၅-၂၀၁၆ ခုနှစ်အထိဖြစ်ပြီး စက်တပ်ဆင်အင်အား (၂ × ၁၀ဒသမ၂)၂၀ ဒသမ ၄ မဂ္ဂါဝပ်ဖြစ်ပြီး ဘီလူးချောင်းမှ ရေအားရေထိန်းတမံဖြင့် ထိန်းသိမ်း၍ ရေသွယ်မြောင်းမှ တစ်ဆင့် ဗို့အားမြှင့် သံမဏိပိုက်လိုင်းဖြင့် ဓာတ်အားပေးစက်ရုံသို့ ပေးပို့ကာ ဓာတ်အား ထုတ်လုပ်သွားမည်ဖြစ်သည်။ အဆိုပါ စီမံကိန်းဆောင်ရွက်ခြင်းကြောင့် ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အရေးများ ရရှိရုံသာမက ဒေသအတွင်း လမ်းပန်းဆက်သွယ်မှု ပိုမိုတိုးတက်ကောင်းမွန်လာကြောင်းနှင့် စီမံကိန်းပြီးစီးပါက ဒေသအတွင်း လျှပ်စစ်ဓာတ်အား တိုးတက်ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

လွှတ်တော်ကိုယ်စားလှယ်အဖွဲ့ အင်ဒိုနီးရှားမှပြန်ရောက်

ရန်ကုန် ဇွန် ၂၁

ပြည်သူ့လွှတ်တော် ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အတွင်းရေးမှူး ဦးကြည်သာနှင့် အမျိုးသားလွှတ်တော် တောင်သူလယ်သမားရေးရာကော်မတီအဖွဲ့ဝင် ဦးဖိုးဇော်တို့သည် ဇွန် ၁၆ ရက်မှ ၁၉ ရက်အထိ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့၌ ကျင်းပသည့် Striving For best Practices- from AIPA and ASEAN Resolutions to National Law အလုပ်ရုံဆွေးနွေးပွဲသို့တက်ရောက်ခဲ့ပြီး ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ လွှတ်တော်ရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။ **(သတင်းစဉ်)**

ယာဉ်အိုယာဉ်ဟောင်းအပ်နှံဖျက်သိမ်း၍ အစားထိုးတင်သွင်း

၁။ နိုင်ငံတော်အစိုးရသည် ယာဉ်အိုယာဉ်ဟောင်းများဖျက်သိမ်း၍ အစားထိုးတင်သွင်းခြင်းစီမံချက်ကို ၁၁-၉-၂၀၁၁ ရက်မှစတင်၍ နိုင်ငံပိုင်သတင်းစာများ၌ သတင်းထုတ်ပြန်ကြေညာခဲ့ပြီး ဆောင်ရွက်လျက်ရှိပါသည်။

၂။ ထိုသို့ဆောင်ရွက်ရာတွင် ပထမအဆင့်အနေဖြင့် ၁-၉-၂၀၁၁ ရက်တွင် မှတ်ပုံတင်သက်တမ်း အနှစ်(၄၀)ကျော် "စ"၊ "ဆ"၊ "ဇ" အက္ခရာများကိုလည်းကောင်း၊ ဒုတိယအဆင့်အနေဖြင့် ၈-၁၁-၂၀၁၁ ရက်တွင် အနှစ် (၃၀)ကျော်မှ အနှစ် (၄၀)ကျော်အတွင်း "ဈ"၊ "ည" အက္ခရာများကိုလည်းကောင်း၊ တတိယအဆင့်အနေဖြင့် ၂-၁-၂၀၁၂ ရက်တွင် အနှစ် (၂၀)ကျော်မှ အနှစ် (၃၀)ကျော်အတွင်း "ဏ"၊ "ထ"၊ "ဒ"၊ "ဓ"၊ "န"၊ "ပ"၊"ဗ"၊ "ဘ" "လ" အက္ခရာယာဉ်များကို စီမံချက်ဖြင့် ဆောင်ရွက်ပေးခဲ့ရာ ၂၀-၆-၂၀၂၃ ရက်အထိ ယာဉ်အိုယာဉ်ဟောင်း အပ်နှံမှုစီးရေ ၈၄၈၅၆ စီးဖြစ်၍ ဆောင်ရွက်ပြီးစီးမှုမှာ ၈၇ ဒသမ ၁၇ ရာခိုင်နှုန်းဖြစ်ပါသည်။ ထို့အပြင် လေလံပြန်လည်မှတ်ပုံတင်ယာဉ်များဖြစ်သည့် Mazda အုပ်စုဝင်ယာဉ်များအားလုံး ၁၂-၇-၂၀၁၂ ရက်မှစ၍လည်းကောင်း၊ ကျန်လေလံပြန်လည်မှတ်ပုံတင်ယာဉ်များကို ၁၆-၁၁-၂၀၁၂ ရက်မှစ၍လည်းကောင်း စီမံချက်တွင် ထည့်သွင်းအပ်နှံဆောင်ရွက်ပေးလျက်ရှိရာ ၅၁၈၂ စီးဆောင်ရွက်ပြီး ဖြစ်ပါသည်။

၃။ ယာဉ်အိုယာဉ်ဟောင်းအပ်နှံဖျက်သိမ်း၍ အစားထိုးတင်သွင်းခြင်းတွင် "သ" အက္ခရာယာဉ်များ အပ်နှံဆောင်ရွက်ခြင်းကို ၂၅-၆-၂၀၂၃ ရက်မှ စတင်၍ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ရုံး /တိုင်းဒေသကြီးရုံးများတွင် လက်ခံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန

✻ ရှေ့ဖုံးမှ

စီမံကိန်းဧရိယာ ၅၀ ဒသမ ၃၇ ဧကအပေါ်တွင် တည်ဆောက်နေခြင်းဖြစ်သည်။

လဂွန်းပြင်ရေပေးဝေရေးစီမံကိန်း၏ ရေအရင်းအမြစ်ရယူခြင်းကို ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် အစပ်တွင်ရှိသော လဂွန်းပြင် ရေလှောင်တမံမှ ရေများကို ဆည်မြောင်းဦးစီးဌာနခွင့်ပြုချက်အရ ရေသွယ်မြောင်းဖြင့်ရယူကာ မစိုချောင်းမှတစ်ဆင့် စက်ဖြင့်သောက်သုံးရေသန့်များကို ပြည်သူများသို့ ဖြန့်ဖြူးပေးသွားမည်ဖြစ်သည်။

"လဂွန်းပြင်ရေပေးဝေရေးစီမံကိန်းဟာ သောက်သုံးရေသန့် တစ်နေ့လျှင် ဂါလန်သန်း ၄၀ ခန့် ထုတ်လုပ်ပေးနိုင်မှာဖြစ်ပြီး ရေဂါလန် သန်း ၃၀ ကို ပြည်သူတွေအား ဖြန့်ဖြူးပေးမှာဖြစ်သလို ကျန်ရေဂါလန် ၁၀ သန်းကို သီလဝါအထူးစီးပွားရေးဇုန်အား ဖြန့်ဖြူးပေးသွားမှာဖြစ်ပါတယ်။ ဒီစီမံကိန်းက ရရှိမယ့် သောက်သုံးရေသန့်ဂါလန် သန်း ၃၀ ကို ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ဒဂုံမြို့သစ်(ဆိပ်ကမ်းမြို့နယ်)၊ ယုဇနဥယျာဉ်မြို့တော်၊ သဃ်န်းကျွန်းမြို့နယ်၊ သာကေတမြို့နယ်၊ ဒေါပုံမြို့နယ်အထိ ဖြန့်ဖြူးပေးသွားမယ့်အပြင် ရေအရ နည်းတဲ့နေရာတွေနဲ့ ရေလုံးဝမရသေးတဲ့နေရာတွေအထိ ပေးဝေသွားဖို့လည်း စီစဉ်ထားပါတယ်"ဟု လက်ထောက်ဌာနမှူး ဦးသက်လွင်က ပြောကြားသည်။

လဂွန်းပြင် ရေပေးဝေရေးစီမံကိန်းကို မြေကြီးလုပ်ငန်းများ ပြုလုပ်ပြီးနောက် ၂၀၂၃ ခုနှစ် မေ ၅ ရက်မှစတင်ကာ ဘိုးပိုင်လုပ်ငန်းကို ဆောင်ရွက်နေခြင်းဖြစ်သည်။ စီမံကိန်းကာလအား နှစ်နှစ်သတ်မှတ်ထားပြီး သတ်မှတ်ကာလအတွင်း ပြီးစီးရန်အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ကိုယ်ပိုင်နည်းပညာ ကိုယ်ပိုင်လုပ်အားများဖြင့် ဆောင်ရွက်နေခြင်းဖြစ်သည်။ **(မြန်မာ့အလင်း)**

ပြည်တွင်းသတင်း

နိုင်ငံတော်တိုးတက်ဖွံ့ဖြိုးရေးအတွက် လက်ဆင့်ကမ်းဆောင်ရွက်ကြမည့် မျိုးဆက်သစ်များအတွက် ကောင်းမွန်သောအမွေကောင်းအဖြစ်ပေးနိုင်ရန် ရည်သန်ဆောင်ရွက်နေခြင်းဖြစ်

နေပြည်တော် ဇွန် ၂၁

ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့ နံနက် ၈ နာရီတွင် ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ်ဆိုဘောသဲကျေးရွာ၌ ကျင်းပသည့် (၁၃၈)ကြိမ်မြောက် ကရင်နီအမျိုးသားနေ့အခမ်းအနားသို့ တက်ရောက်အားပေးသည်။ **(ယာပုံ)**

ကျင်းပ

ကရင်နီအမျိုးသားနေ့ အခမ်းအနား သဘာပတိများအဖြစ် ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့် ဦးသန်းဌေး၊ ဒုတိယဗိုလ်ချုပ်ကြီး အောင်သန်းထွဋ်နှင့် ဒုတိယဥက္ကဋ္ဌ ခူဦးရယ်တို့က ဆောင်ရွက်ကြပြီး အခမ်းအနား အစီအစဉ်များအတိုင်း ကျင်းပကြသည်။

ထို့နောက် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) ဒုတိယဥက္ကဋ္ဌ ခူဦးရယ်က ကရင်နီအမျိုးသားနေ့ ဖြစ်ပေါ်လာပုံသမိုင်းအကျဉ်းကို ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ကရင်နီအမျိုးသားနေ့ကို ကယားပြည်နယ်အတွင်း ပထမဦးဆုံးကျင်းပနိုင်သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ ကယားပြည်နယ်သည် ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်တွင် အရေးကြီးသောနေရာတွင် ပါဝင်ကြောင်း၊ နိုင်ငံတော်သမ္မတ အနေဖြင့် အမျိုးသားစည်းလုံးညီညွတ်ရေးကို အလေးအနက်ထား ကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ ထိုသို့ ကြိုးပမ်းဆောင်ရွက်ခြင်းသည် နိုင်ငံတော်ရေရှည်တိုးတက်ဖွံ့ဖြိုးရေးအတွက် လက်ဆင့်ကမ်းဆောင်ရွက်ကြမည့် မျိုးဆက်သစ် လူငယ်များအတွက် ကောင်းမွန်သောအမွေကောင်းအဖြစ် ပေးနိုင်ရန် ရည်သန်ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေး သဘောတူညီချက်များ လက်မှတ်ရေးထိုးနိုင်ခြင်းဖြင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများ ပြီးဆုံးခြင်းလည်းမဟုတ်ပါကြောင်း၊ တိုင်းရင်းသားအားလုံး ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ပြည်သူများ၏ဆန္ဒကို လျင်မြန်စွာ ဖြည့်ဆည်းပေးနိုင်မှာဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး အောင်သန်းထွဋ်က ဂုဏ်ပြုအမှာစကားပြောကြား၍ ကရင်နီအမျိုးသားနေ့ အထိမ်းအမှတ်အဖြစ်ပေးပို့သည့် သဝဏ်လွှာများကို တာဝန်ရှိသူများက ဖတ်ကြားတင်ပြသည်။

ယင်းနောက် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) အတွင်းရေးမှူး(၂) ဦးရွှေမျိုးသန့်က ကျေးဇူးတင်စကားပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်သန်းထွဋ်၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယရှေ့နေချုပ်နှင့် Myanmar Peace Center မှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP)မှ ဒုတိယဥက္ကဋ္ဌ ခူဦးရယ် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ အနယ်နယ်အရပ်ရပ်မှ တိုင်းရင်းသားလူမျိုးစု ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့်ဦးသန်းဌေး၊ ဒုတိယဗိုလ်ချုပ်ကြီး အောင်သန်းထွဋ်တို့သည် လွိုင်ကော်မြို့ ရွှေတောင်ကျောင်းတိုက်၌ ပြည်နယ်သံဃနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညာသာမိ အမှူးပြုသောအဖွဲ့ဝင်ဆရာတော်များအား ဖူးမြော်ကြည်ညို၍ သာသနာရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပြည်နယ်ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းများကို ရှင်းလင်းတင်ပြလျှောက်ထားကြသည်။

ထိုမှတစ်ဆင့် နောင်ယားရပ်ကွက်ရှိ ကက်သလစ်သာသနာပြုကျောင်းသို့ သွားရောက်ပြီး ဂိုဏ်းချုပ်ဆရာတော် ဆိုတေးရို-ဖားမောအားတွေ့ဆုံ၍ ငြိမ်းချမ်းရေးဆွေးနွေးမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။ **(သတင်းစဉ်)**

◆ *ကျောဖုံးမှ*

ပြန်လည်ရှာဖွေပေးဖို့လိုပါတယ်။ ခြံလုပ်တဲ့သူတွေကလည်း ခြံပြန်လုပ်မှာပေါ့။ တခြားသူတွေကိုလည်း လုပ်ငန်းကိုင်ငန်း ဖန်တီးပေးဖို့ဆိုပြီးတော့ ဆွေးနွေးခဲ့ကြပါတယ်။

မေး။ ။ တပ်ပိုင်းဆိုင်ရာ ကိစ္စတွေလည်း ဆွေးနွေးတယ်လို့ သိရပါတယ်။ ဒါနဲ့ပတ်သက်ပြီး နည်းနည်းလောက် ပြောပြပေးနိုင်မလားခင်ဗျာ။

ဖြေ။ ။ တပ်ပိုင်းဆိုင်ရာမှာ နှစ်ဖက်တပ်တွေလိုက်နာရမယ့်ဟာတွေကိုလည်း ဆွေးနွေးပါတယ်။ ဒါတွေကိုလည်း နောက်တစ်ခါ ဆွေးနွေးတဲ့အခါမှာလည်း ဆက်ပြီးဆွေးနွေးဖို့ ရှိပါတယ်။ တပ်ပိုင်းဆိုင်ရာကိစ္စတွေမှာ တိုးတက်မှုအများကြီးရှိပါတယ်။ ဘာလို့လဲဆိုတော့ ဒီနယ်မြေမှာ တိုက်ပွဲလုံးဝမရှိတော့တာကိုက တိုးတက်မှုရှိလို့ ဆိုရမှာပါ။ ဒါကြောင့် ဆက်ပြီးဆွေးနွေးဖို့ဆိုပြီးတော့ ဒီအချက်အလက်တွေ ပါပါတယ်။ နောက်တစ်ချက်ကတော့ ဒီမှာအကြီးစား စီမံကိန်းတွေလုပ်လို့ရှိရင် စီမံကိန်းတွေကြောင့် ဖြစ်လာမယ့် သဘာဝဘေးထွက်ဆိုးကျိုးတွေ ပြည်သူလူထုကို ထိခိုက်စေမယ့် ကိစ္စရပ်တွေကို နှစ်ဦးနှစ်ဖက် တိုင်ပင်ပြီးလုပ်ဖို့ဆိုတာကိုလည်း ဆွေးနွေးခဲ့ကြပါတယ်။ ဆွေးနွေးတဲ့ အကြောင်းအရာတွေကတော့ အများကြီးပါ။

မေး။ ။ အခုဆွေးနွေးပွဲက အောင်မြင်တယ်လို့ ပြောနိုင်ပါသလားခင်ဗျာ။

ဖြေ။ ။ အောင်မြင်တဲ့ ဆွေးနွေးပွဲဖြစ်ပါတယ်။ ဒါကလည်း ကျွန်တော်တို့ တစ်ဦးတည်း၊ တစ်ဖက်တည်း လုပ်လို့မရပါဘူး။ နှစ်ဖက်လိုက်နာလို့ အောင်မြင်တာဖြစ်ပါတယ်။ ဒီလုပ်ငန်းတွေ အားလုံးကလည်း နိုင်ငံတော်သမ္မတကြီး ချမှတ်ပေးထားတဲ့ မူဝါဒတွေအတိုင်း တစ်ဆင့်ပြီးတစ်ဆင့် လုပ်ဆောင်ခဲ့တာပါ။ နိုင်ငံတော်သမ္မတကြီး ရည်မှန်းထားတာတော့ တစ်မျိုးသားလုံး ပြန်လည်စည်းလုံးညီညွတ်ရေးပဲဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ တိုင်းရင်းသားတွေအားလုံး ပြည်သူတွေအားလုံးသာ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြစ်မယ်ဆိုရင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အများကြီး အထောက်အကူဖြစ်မှာ ဖြစ်ပါတယ်။ တစ်ကြိမ်တစ်ခါမှ မရဖူးတဲ့ အမျိုးသားအားလုံးပြန်လည်စည်းလုံးညီညွတ်ရေးကို သမ္မတကြီးက ဦးဆောင်လုပ်နေတာဖြစ်ပါတယ်။ ဒါကို အခု ဆွေးနွေးပွဲမှာလည်း ယုံယုံကြည်ကြည်နဲ့ ဆက်လက်လုပ်ဆောင်ကြမယ်၊ သူတို့လည်းပါဝင်ပြီး လုပ်ဆောင်နိုင်ကြမယ်ဆိုတဲ့ကတိကဝတ်တွေ ရရှိခဲ့ပါတယ်။ဒါကြောင့်မို့ ဒီဆွေးနွေးပွဲဟာ အောင်မြင်တဲ့ ဆွေးနွေးပွဲဖြစ်ခဲ့တယ်လို့ ပြောရမှာဖြစ်ပါတယ်။

ယနေ့ နံနက်ပိုင်းတွင်လည်း ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ တက်ရောက်လာသူအချို့အား ဆက်လက်တွေ့ဆုံမေးမြန်းခဲ့ပါသည်။

ဖားဆောင်းမြို့နယ် ခဲမဖြူ(မိုထာ)ကျေးရွာမှ ဒေါက်တာစောစံလင်းက "ဒီအခမ်းအနားကို တက်ရောက်တော့ တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေ တက်ညီလက်ညီ တစ်ဦးနဲ့တစ်ဦး ချစ်ချစ်ခင်ခင် အပြန်အလှန်မေတ္တာထားပြီး လုပ်ကိုင်နေတာတွေ့ရလို့ ကျွန်တော်စိတ်ထဲဝမ်းသာကြည်နူးမိတယ်။ တကယ်တော့ ကျွန်တော်တို့ ဒီလိုပဲ ထာဝရငြိမ်းချမ်းရေး ရရှိတာကိုပဲ မြင်ချင်ပါတယ်။ ပြည်သူလူထုတွေလည်း ဒီလိုပဲဆန္ဒရှိကြပါတယ်။ ဒေသအခက်အခဲမှာတော့ ကျွန်တော်တို့ ကျန်းမာရေးရယ်၊ ပညာရေးရယ်၊ လမ်းပန်းဆက်သွယ်ရေးရယ်၊ စီးပွားရေးရယ် အခက်အခဲရှိပါတယ်။ ဆန်ရေစပါးကို အောက်ပြည်ကနေ မှီခိုနေရပါတယ်။ ဒေသမှာက တောင်ယာစပါးစိုက်ပျိုးပါတယ်။ ရာသီဥတုဖောက်ပြန်တော့ စိုက်ပျိုးရေးမှာ အခက်အခဲဖြစ်ပါတယ်။

သေနတ်သံမကြားရတာတော့ တစ်နှစ်ကျော်ကျော်တော့ရှိပြီ။ နောက်အမြဲတမ်းထာဝရ ဒီလိုမကြားရရင်တော့ ပိုကောင်းပါတယ်။ အထူးသဖြင့် စစ်နဲ့ပတ်သက်လို့ရှိရင် အားလုံးက ဖြစ်စေချင်တာကတော့ စစ်ကို တိုးချဲ့တည်ဆောက်ခြင်းမပြုဘဲ လျှော့လိုက်ခြင်းအားဖြင့် ငြိမ်းချမ်းရေးရလဒ်ပိုမိုကောင်းမွန်ပါမယ်။ ဖွံ့ဖြိုးရေးလုပ်ငန်းနဲ့ပတ်သက်ပြီး ပူးတွဲဆောင်ရွက်တာပိုကောင်းပါတယ်။ နောက်ပြီးတော့ စောင့်ကြည့်ရေးအဖွဲ့တွေကို ယုံယုံကြည်ကြည်နဲ့ အသိအမှတ်ပြုစေချင်ပါတယ်။ အများအားဖြင့်အဖွဲ့တွေမှာ လူငယ်တွေ ပါဝင်တာများပါတယ်။

ပြည်နယ်ငြိမ်းချမ်းရေးရပြီး တိုးတက်ဖို့အတွက် ပထမဦးဆုံးကတော့ ကျွန်တော်တို့ ပညာရေးကို အဓိကထားသွားမယ်။ ဘာလို့လဲဆိုတော့ ကလေးသူငယ်တွေရော၊ လူလတ်ပိုင်းတွေရော ပညာမသင်ကြားခဲ့ရတော့ အကြားအမြင်အားနည်းသွားတယ်။ တည်ဆောက်မှုအတွက် နှောင့်နှေးသွားတယ်။ ပညာရေးကို ဦးစားပေးမယ်။ ကျန်းမာရေး ဦးစားပေးသွားမယ်။ ပြီးတော့ မြေမြှုပ်မိုင်းတွေ ရှင်းလင်းဖို့လိုအပ်ပါတယ်။ ဒါမှသွားလာစိုက်ပျိုးတဲ့အခါမှာ အန္တရာယ် ကင်းဝေးမယ်။ အခုချိန်ကတော့ သွားလာရတာ ဘယ်နားမှာမိုင်းရှိတယ်မသိတော့ စိုးရိမ်စိတ်နဲ့ သွားလာနေရတယ်။ တချို့ကျတော့လည်း မသိလို့သွားတော့ ထိခိုက်မှုတွေရှိတယ်။

ကျွန်တော်တို့နိုင်ငံရဲ့ သဘာဝပစ္စည်းတွေကို အကုန်အစင်ထုတ်မရောင်းချဘဲ စံတစ်ခုအနေနဲ့ ထိန်းသိမ်းရောင်းချသလို ကုန်ကြမ်းကနေ ကုန်ချောထုတ်လုပ်ဖို့လိုတယ်။ နောက်ပြည်သူပြည်သားတွေက လက်မှုပညာအတတ်တတ်မြောက်လာဖို့အတွက် ပညာရှင်တွေကိုမွေးထုတ်မယ်။ သဘာဝဘေးဒဏ်လျှော့ချတဲ့အခါမှာလည်း တောတောင်သစ်ဝါးတွေကို ခုတ်တာများလွန်းတဲ့အတွက် ရာသီဥတုပြောင်းလဲလာတယ်။ ဒါကြောင့် သစ်တောတွေ ပြန်လည်ပြုစုပျိုးထောင်တဲ့ စနစ်လည်းလိုအပ်ပါတယ်။ နောက်ပြီးတော့ လမ်းပန်းဆက်သွယ်ရေး ပိုပြီးချောမွေ့ဖို့လိုပါတယ်။ အခုလမ်းကကျဉ်းတယ်။ ပြီးတော့ ကျွန်တော်တို့နိုင်ငံမှာ လျှပ်စစ်မီးရရှိရင် စီးပွားရေးထုတ်လုပ်မှုက အမျိုးမျိုး လုပ်လို့ရပါတယ်။ လျှပ်စစ်ဓာတ်အားလိုတယ်။ နောက်ဒီဒေသက ခဲထွက်တဲ့ဒေသဖြစ်တဲ့အတွက် ရေသိပ်မကောင်းဘူး။ ကျန်းမာရေးအတွက် စိုးရိမ်ရပါတယ်။ ဒီရေကောင်းရေသန့်ရရှိဖို့လည်း လိုအပ်ပါတယ်။

နောက်တတ်နိုင်လို့ရှိရင် အသေးစားရေအားလျှပ်စစ်တွေထုတ်လုပ်ဖို့အတွက်လုပ်လို့ရှိရင် ကျေးရွာမှာလည်း မီးလင်းပြီး တီဗွီကြည့်နိုင်မယ်။ ချောင်းမြောင်းတွေမှာ အသေးစားရေအားလျှပ်စစ်ထုတ်ဖို့ သဘာဝအနေအထားပေးနေတာရှိပါတယ်။

ပြည်နယ်သူပြည်နယ်သားအားလုံးကတော့ ထာဝရငြိမ်းချမ်းရေးကိုပဲ လိုချင်ပါတယ်။ နိုင်ငံတော်အပိုင်းက သဘောထားကြီးကြီးထားပြီးတော့မှ ငြိမ်းချမ်းရေးဖော်ဆောင်သွားတဲ့အခါမှာ စနစ်တကျဖြစ်ဖို့၊ တော်လှန်ရေးအဖွဲ့တွေလည်း ပူးပေါင်းပြီးတော့ ထာဝရငြိမ်းချမ်းရေး တည်ဆောက်ဖို့အတွက် လိုအပ်ပါတယ်။ အထူးသဖြင့် ကယားပြည်နယ်ကို မြန်မာနိုင်ငံထဲမှာ စံပြထာဝရငြိမ်းချမ်းရေးတည်ဆောက်နိုင်တဲ့ **စစ်မဲ့ဇုန်တစ်ခု**၊ အေးချမ်းတဲ့ဇုန်တစ်ခု ထူထောင်နိုင်မယ်ဆိုရင် အခြားတိုင်းနဲ့ပြည်နယ်တွေလည်း နမူနာယူပြီးတော့လုပ်ကြမယ်ဆိုရင် တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ အေးချမ်းသွားမှာဖြစ်ပါတယ်။

တိုင်းပြည်အေးချမ်းစေချင်ပါတယ်။ ပြည်သူလူထုတွေလည်း ဒီလိုသဘောထားရှိပါတယ်။ အေးချမ်းမယ်ဆိုအကောင်းဆုံးပေါ့။ ကမ္ဘာ့အလယ်မှာ မြန်မာဆိုတာကိုလည်း ကျွန်တော်တို့က ပြန်ပြီးတော့ ထင်ပေါ်စေချင်တယ်။ ကျွန်တော်တို့ ညီညွတ်မယ်ဆိုရင်တော့ ဆင်းရဲစရာ အကြောင်းမရှိဘူးလေ။ စစ်ဖြစ်တဲ့အခါမှာ နိုင်ငံတော်အတွက် ကုန်ကျတဲ့စရိတ်စကတွေလည်း အများကြီးထိခိုက်မှုရှိပါတယ်" ဟု ပြောကြားသည်။

ဆိုဘောသဲရွာမှ ဒေါ်နိုမေထူးက "ဒီဒေသအနေနဲ့ကျတော့ ကျွန်မတို့ လမ်းမဘေးမှာရှိသော်လည်း လမ်းအသွားအလာမှာ အခက်အခဲတွေရှိပါတယ်။ နောက်ပြီးတော့ ကျွန်မတို့ကျေးရွာတွေအနေနဲ့ လျှပ်စစ်မီးအလွန်လိုချင်ပေါ့လေ။ ကျန်းမာရေးအနေနဲ့ကျတော့ အခုလောလောဆယ် ဒီကျေးရွာအုပ်စုအနေနဲ့ ဆေးခန်းတော့ရှိပါတယ်။ လုံလောက်မှုတော့ မရှိပါဘူး။ ဆရာမတစ်ဦးတော့ ဒီမှာထိုင်ပါတယ်။ ဆေးဝါးအနေနဲ့ ပြည့်စုံမှုမရှိတော့ အရေးရယ်အကြောင်းရယ်ဆိုရင် ဒီးမော့ဆိုကိုသွားရတယ်။ မရဘူးဆိုရင် လွိုင်ကော်ကိုပြေးရတယ်။ တစ်ခါတလေ ဒီဆေးရုံတွေကိုရောက်တဲ့အခါမှာ ဒီဆေးရုံမှာအသုံးပြုနေတဲ့ အောက်ဆီဂျင်ဆိုလည်း အဆင်သင့်မဖြစ်နေဘူး။ သုံးတဲ့သူကများတယ်။ ရှိနေတာက နည်းနည်းလေးဆိုတော့ ထပ်ပြီးဖြည့်ဖို့လည်းရှိမယ်လို့ ကျွန်မအနေနဲ့မြင်ပါတယ်။

ပညာရေးအနေနဲ့ဆိုရင်တော့ ကျွန်မတို့ရွာမှာ မူလတန်းနဲ့အလယ်တန်းအဆင့် ကျောင်းတွေရှိတယ်။ အထက်တန်းကျတော့ မြို့ကိုသွားပြီးတက်ရတယ်။ ဒီကလေးတွေအနေနဲ့ အထက်တန်းတက်ဖို့ကို အဆင်မပြေနိုင်ဘူး။ စက်ဘီးရှိသူတွေနဲ့ ပိုက်ဆံရှိတဲ့သူတွေကတော့ မြို့သွားပြီးတက်နိုင်တယ်။ ဘော်ဒါတွေမှာတက်နိုင်တယ်။ ဒါပေမယ့် ပိုက်ဆံမရှိတဲ့သူတွေအတွက်ကျတော့ အထက်တန်းတက်ဖို့ အခက်အခဲရှိကြတယ်လေ။

ဒီဒေသမှာ အဓိကစိုက်ပျိုးရေးပဲ။ ဒီမှာက စပါး၊ ပြောင်း၊ မြေပဲ အဲဒါတွေစိုက်ပါတယ်။ ဒါပေမယ့် ရာသီဥတုကောင်းရင်တော့ စားရတာပေါ့နော်။ ရာသီဥတုက ဖောက်ပြန်ရင်တော့ ကျွန်မတို့ ထမင်းငတ်ပါတယ်။

ငြိမ်းချမ်းရေးဆွေးနွေးပွဲ ဒီတစ်ခေါက်ပြန်ပြီးတော့လုပ်တဲ့အခါမှာ ကျွန်မတို့တွေ အလွန်ဝမ်းသာပါတယ်"ဟု ပြောကြားသည်။

မြန်မာ့ဘောလုံးတိုးတက်ရေးကို အထောက်အကူပြုရန် စူပါစတား လူငယ်ဘောလုံးသင်တန်း မန္တလေးတွင် စတင်ဖွင့်လှစ်

သတင်း
ဖိုးသော်ဇင်

မန္တလေး ဇွန် ၂၁

အရည်အချင်း ပြည့်ဝသည့် လူငယ်ဘောလုံးသမားများ ထွက်ပေါ်လာစေရန်အတွက် ဖွင့်လှစ်လျက်ရှိသော Super Star ပရော်ဖက်ရှင်နယ် ဘောလုံးစင်တာ၏ လူငယ်ဘောလုံးသင်တန်းကို မန္တလေးမြို့တွင် ဇွန် ၂၀ ရက်မှ စတင်ဖွင့်လှစ်လျက်ရှိသည်။

အဆိုပါသင်တန်းကို မန္တလေးမြို့ရှိ ချမ်းမြသာစည် ဘောလုံးကွင်းတွင် ဖွင့်လှစ်ထားခြင်းဖြစ်ပြီး မြန်မာ့လက်ရွေးစင်ဟောင်း နည်းပြဆရာများက လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

သင်တန်းကို အမျိုးအစားနှစ်မျိုးခွဲ၍ ဖွင့်လှစ်နေပြီး သင်တန်း (A) တွင် ကျောင်းပညာသင်ကြားနေသောမူလတန်းမှ အထက်တန်းအထိ ကျောင်းနေရွယ် ကလေးများကို အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့များတွင်လည်းကောင်း၊ ဘောလုံးအခြေခံရှိပြီး ဘောလုံးနှင့်အသက်မွေးဝမ်းကျောင်းပြုလိုသည့် လူငယ်ကစားသမားများကို သင်တန်း (B) အဖြစ် အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိလည်းကောင်း ဖွင့်လှစ်လျက်ရှိသည်။ သင်တန်းကာလမှာ ခုနစ်လ ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

ယင်းသင်တန်းကို ရန်ကုန်မြို့တွင်လည်း ဇွန် ၂၁ ရက်က ထပ်မံဖွင့်လှစ်ခဲ့သည်။ မြန်မာ့ဘောလုံးတိုးတက် အောင်မြင်ရေးကို အထောက်အကူပြုနိုင်ရန်နှင့် အရည်အချင်းပြည့်ဝသည့် လူငယ်မျိုးဆက်သစ် ဘောလုံးသမားများ ထွက်ပေါ်လာစေရန်အတွက် ယခုသင်တန်းများကို ဖွင့်လှစ်နေခြင်းဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အကြို သံတောင်ကြီးတွင် သစ်ပင်စိုက်ပွဲတော်ကျင်းပ

သံတောင်ကြီး ဇွန် ၂၁

သံတောင်ကြီးမြို့နယ် သစ်တောဦးစီးဌာနမှ ကြီးမှူး၍ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အကြိုသစ်ပင်စိုက်ပွဲတော်ကို ဇွန် ၁၇ ရက် နံနက် ၉ နာရီက သံတောင်ကြီးမြို့ နှစ်သစ်ကူးတောင်တွင် ကျင်းပရာ ဌာနဆိုင်ရာအကြီးအကဲနှင့် ဝန်ထမ်းများ၊ သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ ဒေသနေပြည်သူများ စုစုပေါင်းအင်အား ၈၀ တက်ရောက်ကြသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် တက်ရောက်လာကြသူများက သစ်တောဦးစီးဌာန၏ ပျိုးပင်များဖြစ်သော မဟော်ဂနီ၊ ရေတမာ၊ ခရေ၊ ပျဉ်းကတိုး၊ ထင်းရှူးပင်များ စုစုပေါင်းအပင် ၁၂၀၀ စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂၁-၆-၂၀၁၃

သထုံမြို့
၃ ဒသမ ၈၂ လက်မ
မအူပင်မြို့
၂ ဒသမ ၉၅ လက်မ
ကျိုက်မရောမြို့
၂ ဒသမ ၈၃ လက်မ
မြစ်ကြီးနားမြို့
၂ ဒသမ ၆၄ လက်မ
ဘီးလင်းမြို့
၂ ဒသမ ၅၆ လက်မ

ပြည်တွင်းသတင်း

အခုမှပဲ ရှင်းသွားတော့တယ်

ကိုနိုင်-မဟန်း

မေ ၂၄ ရက်ထုတ် သတင်းစာတွေမှာ ဖော်ပြပါရှိခဲ့တဲ့ သတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီးအနီးမှ ထူးဆန်းသည့် ဆွဲငင်အားတစ်ခုဟူသောသတင်းကို ဖတ်ရှုကာ အခြေအနေမှန်ကို အများပြည်သူတို့ သိရှိနိုင်စေရန် ဘူမိဗေဒပညာရှင်တစ်ဦးဦး (သို့မဟုတ်) နားလည်တတ်ကျွမ်းတဲ့ အင်ဂျင်နီယာတစ်ဦးဦးကို တွေ့ဆုံမေးမြန်းပြီး အကျိုးအကြောင်း ခိုင်ခိုင်လုံလုံနဲ့ ပြန်လည်တင်ပြလိုစိတ် ကျွန်တော့်မှာ ဖြစ်ပေါ်ခဲ့ပါတယ်။

သို့သော်လည်း မအားလပ်တာကြောင့် အကောင်အထည် မဖော်ဖြစ်ခဲ့ဘူး။ ဒီတစ်ပတ် တနင်္ဂနွေအားလပ်ရက်မှာမှ သူငယ်ချင်းတွေနဲ့စုပြီး သတ္တသတ္တာဟစေတီတော်ဘက် မိုင်တိုင်အမှတ် ခြောက်မိုင် ငါးဖာလုံကို ရောက်ခဲ့ပါတယ်။

အဲဒီနေရာကိုရောက်တော့ စီတန်းရင်းစောင့်ဆိုင်းနေကြတဲ့ကားတွေ၊ မော်တော်ဆိုင်ကယ်တွေနဲ့ ဘုရားဖူးလာရင်း စူးစမ်းလေ့လာဖို့ ရောက်နေကြတဲ့လူတွေကို တွေ့ရတယ်။ ဩော် လူတွေရဲ့ စူးစမ်းလေ့လာလိုစိတ်နဲ့ စိတ်ဝင်စားမှုက ရှိနေသေးတုန်းပါပဲလားလို့ တွေးမိတယ်။

ဒါနဲ့ပဲ သူငယ်ချင်းတစ်ယောက်နဲ့အတူ အဆင့်ဆင့်မေးမြန်းပြီး နေပြည်တော်-တပ်ကုန်း အမှတ်(၁) လမ်းမကြီး ဖောက်လုပ်ရာမှာ ကိုယ်တိုင်ပါဝင်ခဲ့တဲ့ ရွှေတောင်ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ခံအင်ဂျင်နီယာတစ်ဦးဖြစ်သူ ကိုသက်ဝင်းကို သွားရောက်တွေ့ဆုံမေးမြန်းခွင့်ရခဲ့ပါတယ်။



အောင်သီရိကျေးရွာအနီး ဖောက်လုပ်ထားသော လမ်းမြေပြင်အနေအထားပြမြေပုံ။

ဆရာကိုသက်ဝင်းက သူ့ရဲ့ အင်ဂျင်နီယာအမြင်နဲ့ အတွေ့အကြုံကို စိတ်ရှည်လက်ရှည် ရှင်းပြခဲ့ပါတယ်။

အဲဒီလို ရှင်းပြရာမှာ "ကျွန်တော်တို့ အဲဒီလမ်းကို ဖောက်တုန်းက အောက်ခြေကုန်းဆင်းနားမှာရှိနေတဲ့ အောင်သီရိကျေးရွာကိုရှောင်ဖို့ရာ လမ်းကို ကွေ့ဖောက်ခဲ့ရတယ်။ အဲဒီမှာ မထင်မှတ်ဘဲ လမ်းကအကွေ့များသွားတယ်။ ဒီတော့ မျက်စိအမြင်အရ လမ်းဘေးဝဲယာ ပတ်ဝန်းကျင်မှာ နှိုင်းယှဉ်စရာလွှင်ပြင်ဧရိယာမရှိဘူး။ ဘေးဘီဝဲယာ နှစ်ဖက်စလုံးမှာကလည်း တောင်ပူစာလေးတွေ၊ လျှိုမြောင်တွေနဲ့ ချိုင့်ဝှမ်းတွေချည်း သက်သက်ရှိတဲ့အခါကျတော့ ဒီလမ်းပေါ်ကနေပြီး မျက်စိအမြင်နဲ့ ဆုံးဖြတ်တဲ့အခါ အမြင်မှားနိုင်ပါတယ်"။

"ဒီတော့ လူတွေက မော်တော်ယာဉ်မောင်းပြီး တက်သွားတဲ့အခါ ပြေပြေလေးတက်သွားရာကနေ ဆင်းသွားတယ်လို့ စိတ်မှာထင်မြင်ခံစားရတာပါ။ တကယ်တမ်းတော့ အတက်မဆုံးသေးပါဘူး။ တကယ်တမ်း တက်နေတယ်လို့ထင်တဲ့နေရာ (ယခု စမ်းသပ်နေကြသည့်နေရာ) မှာ အဆင်းအနေအထား ဖြစ်နေပါတယ်။ ပြောရရင် ပတ်ဝန်းကျင်ရဲ့ မြေမျက်နှာသွင်ပြင်အခြေအနေနဲ့ အများကြီး သက်ဆိုင်ပါတယ်။ ပတ်ဝန်းကျင်မှာ ရှိနေတဲ့ ကုန်းလေးတွေနဲ့ မြေပြင်အခြေအနေက အမြင့်ဆုံးပွိုင့်ကို ရောက်ပြီလို့ထင်မှတ်နေချိန်မှာ တကယ်တမ်းကတော့ အမြင့်ဆုံးနေရာကို ရောက်ရှိခြင်းမရှိသေးပါဘူး။ ဒီတော့ အတက်မကုန်သေးခင်မှာ အတက်ကုန်သွားပြီထင်ကြပြီး ထင်မှတ်မှားကြတာပါ။ မှားမယ်ဆိုရင်လည်း မှားလောက်ပါတယ်"။

"သာမန်မျက်စိနဲ့ကြည့်ပြီး ဆုံးဖြတ်မယ်ဆိုရင်တော့ ဒီအဆင်းနေရာကို အတက်နေရာလို့ထင်မှတ်ပြီးနောက် ပြန်တက်တယ်လို့ထင်ရမှာပဲ။ Survey Instrument (Total Station) တွေနဲ့ တိုင်းထွာစစ်ဆေးကြည့်တော့မှသာ ဒီနေရာလေးတစ်ဝိုက် ပေနှစ်ရာဝန်းကျင်၊ အတိအကျပြောရရင် ၁၈၈ ပေလောက်အတွင်းမှာ တဖြည်းဖြည်း နိမ့်ဆင်းနေသေးတာကို တိုင်းတာတွေ့ရှိရတယ်"။

"ဒီတော့ မြေတိုင်းကိရိယာနဲ့ တိုင်းတာတွက်ချက်တဲ့အခါ ပေ ၁၀၀ ဝန်းကျင်အတွင်းမှာ ၁ ဒသမ ၆၂၈ ပေ နိမ့်ဆင်းသွားတယ်။ တစ်ပေခွဲနီးနီးပေါ့။ ဒီလိုနဲ့ ၁၈၈ ပေမှာ အနိမ့်အမြင့်ကွာခြားချက် သုံးပေကျော်ကျော်လောက်၊ အတိအကျဆိုရင် ၃ ဒသမ ဝ၃ ပေ၊ အဲဒီဧရိယာမှာ နိမ့်ဆင်းသွားတာ။ ပြောရရင်တော့ Optical Illusion ပေါ့။ မျက်စိအမြင် မှောက်မှားမှုကြောင့် လူတွေရဲ့ အမြင်မှာ အတက်ကို အဆင်းလို့ထင်၊ အဆင်းကို အတက်လို့ထင်သွားတဲ့သဘောပါပဲ။ အဲဒီလို ထင်စေရလောက်အောင် ပတ်ဝန်းကျင်မှာကလည်း နှိုင်းယှဉ်ရလောက်စရာ မြေပြန့်လွှင်ပြင်မရှိတာရယ်၊ လမ်းနှစ်ဖက်စလုံးမှာ ချိုင့်ဝှမ်းတွေ၊ လျှိုမြောင်တွေ ရှိနေတာတွေရယ်ကြောင့် ဖြစ်ပါတယ်"။

"မြေပြင်မှာ ယခုလို ထင်မြင်နေကြလို့ ပိုမိုသေချာအောင် အဲဒီနေရာလေးကို Survey အသေးစိတ် သွားတိုင်းခဲ့ပါတယ်။ ကျွန်တော်တို့ ကုမ္ပဏီက တာဝန်ရှိ အင်ဂျင်နီယာတွေရယ်၊ နေပြည်တော်က Survey အဖွဲ့တွေ ပူးပေါင်းပြီး သွားရောက်တိုင်းတာခဲ့တာဖြစ်ပါတယ်" ဟု ပြောပြခဲ့ပါတယ်။

သူရှင်းပြတာဟာ ယုတ္တိရှိပြီး လက်တွေ့ကျတဲ့အတွက် ကျွန်တော့်အနေနဲ့ သဘောကျလက်ခံပါတယ်။ အဆင်းကို



အောင်သီရိကျေးရွာအနီး ဖောက်လုပ်ထားသည့် လမ်းမြေပြင် ချိန်ညှိမှုအနေအထားပြမြေပုံ။

အတက်လို့ ထင်မှတ်ထားခဲ့တဲ့ ကိစ္စရပ်တစ်ခုတော့ နားလည်တတ်ကျွမ်းသူ၊ လမ်းဖောက်လုပ်ရာမှာ ကိုယ်တိုင်ပါဝင်ခဲ့သူရဲ့ကူညီမှုကြောင့် ရှင်းရှင်းလင်းလင်း နားလည်သဘောပေါက်သွားခဲ့ရပြီ။

ယခုထက်တိုင် အဲဒီနေရာလေးကို ဗဟုသုတ အလို့ငှာ သွားရောက်လေ့လာရင်း စူးစမ်းနေကြတဲ့ ပြည်သူတွေ သုံးသပ်သိရှိနိုင်စေဖို့ အမြင်လွဲမှားနိုင်တဲ့ နေရာတစ်ခုရဲ့ အကြောင်းကို လေ့လာရရှိမှုအား တင်ပြရေးသားလိုက်ရပါတယ်။

ပြင်ဦးလွင်ခရိုင် တကောင်းမြို့နယ်ခွဲတွင် မဟုတ်မမှန်လုပ်ကြံဖန်တီးသော ကောလာဟလကြောင့် ဖြစ်ပေါ်မှုအခြေအနေအား တည်ငြိမ်အေးချမ်းစွာထိန်းသိမ်းနိုင်ခဲ့

မန္တလေး ဇွန် ၂၁

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် တကောင်းမြို့နယ်ခွဲ တကောင်းအထကတွင် ဇွန် ၂၁ ရက် နံနက် ၁၀ နာရီက မဟုတ်မမှန် လုပ်ကြံဖန်တီးသော ကောလာဟလ သတင်းကြောင့် မိဘများနှင့် အရပ်သားများ ကျောင်းသို့ စုရုံးရောက်ရှိလာရာ တာဝန်ရှိသူများနှင့် ကျောင်းအုပ်ကြီးတို့က ကျောင်းအတွင်း မည်သည့်ပြဿနာမှ ဖြစ်ပွားခြင်းမရှိကြောင်းနှင့် ကျောင်းဝင်းအတွင်းသို့ မည်သူ့ကိုမျှ အဝင်မခံကြောင်း ပြောပြရာ လူစုကွဲသွားခဲ့သည်။

အဆိုပါ လူစုထဲမှ လူအချို့သည် အဆိုပါရပ်ကွက်ရှိ ကြက်သားရောင်းသူ ဦးချစ်ကို၏ နေအိမ်အား အကာထရံ၊ ခြံစည်းရိုးနှင့် မော်တော်ဆိုင်ကယ်နှစ်စီးတို့အား ရိုက်ချိုးဖျက်ဆီးခြင်း၊ ဦးစံသိန်းပိုင် မြို့မေတ္တာကုန်စုံဆိုင်မှ ပစ္စည်းများ၊ ဦးချစ်တင်ပိုင် ရိုးရိုးလေး လက်ဖက်ရည်ဆိုင်၊ ကိုဇော်လင်း ပိုင် လူသုံးကုန် ပစ္စည်းအရောင်းဆိုင်တို့အား ဖျက်ဆီးခဲ့ရာ တာဝန်ရှိသူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ထိန်းသိမ်းမှုကြောင့် နံနက် ၁၁ နာရီ ၄၅ မိနစ်ခန့်တွင် လူစုကွဲသွားခဲ့သည်။

အဆိုပါ ဖြစ်စဉ်သည် မဟုတ်မမှန်လုပ်ကြံဖန်တီးသော ကောလာဟလသတင်းကြောင့် လူစုမိရာမှ ဆက်လက်ဖြစ်ပွားခဲ့ခြင်းဖြစ်၍ တာဝန်ရှိသူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ တည်ငြိမ်အေးချမ်းစွာ ထိန်းသိမ်းမှုကြောင့် ယခုအခါ တည်ငြိမ်အေးချမ်းလျက်ရှိကြောင်း သိရသည်။

(ဝ၄ဝ)

ဇွန် ၁၉ ရက်က Tetra Laval and Tetra Pak ကုမ္ပဏီ၏ လှူဒါန်းမှုဖြင့် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် အထက (၂၁) ကျောင်းခန်းမ၌ နွားနို့တိုက်ကျွေးပွဲ ကျင်းပရာ ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာအောင်ကြည်ဦး၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာမများက ကျောင်းသားကျောင်းသူ ၂၅၀ တို့အား နွားနို့များ တိုက်ကျွေးကြစဉ်။

တင်မောင်(မန်းကိုယ်ပွား)

ကွန်တိန်နာယာဉ်တိုက်မိ၍ စက်ဘီးသမားသေဆုံး

ရန်ကုန် ဇွန် ၂၁

ဇွန် ၁၇ ရက် ည ၉ နာရီက ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် သခင်မြပန်းခြံအနီး ကမ်းနားလမ်းသစ် ကွန်ကရစ်လမ်းမကြီးပေါ်၌ မြောက်မှ တောင်သို့ ယာဉ်မောင်း ဦးသန်းတင်လှိုင် မောင်းနှင်လာသည့် ၉ခ/---နစ်ဆန်းအမျိုးအစား ကွန်တိန်နာတင်ယာဉ်သည် ၄င်းကွန်ကရစ်လမ်းမကြီးပေါ်၌ စက်ဘီးစီးနင်းလာသည့် ပုသိမ်မြို့ ကန်ကြီးဒေါင့်မြို့နယ်ကိုအောင်ကျော်သက်(၂၀နှစ်)အား ဝင်ရောက်တိုက်မိခဲ့ကြောင်း သိရသည်။

ယာဉ်တိုက်မှုကြောင့် ကိုအောင်ကျော်သက်မှာ ရန်ကုန်ပြည်သူ့ဆေးရုံသို့ ကုသရန် ရောက်ရှိခဲ့သော်လည်း ည ၉ နာရီခွဲတွင် သေဆုံးသွားခဲ့သည်။

ကွန်တိန်နာတင် ယာဉ်မောင်း ဦးသန်းတင်လှိုင်အား အလုံမြို့နယ် ယာဉ်ထိန်းတပ်ဖွဲ့မှ ရဲအုပ်ဟန်ကို ကိုဝင်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ထို့အတူ ဇွန် ၁၄ ရက် ည ၈ နာရီခွဲက အလုံမြို့နယ် ကမ်းနားလမ်း ကတ္တရာလမ်းမကြီးပေါ် သခင်မြပန်းခြံမှတ်တိုင်အနီး၌ ခရီးသည်ပါ အငှားယာဉ်တစ်စီးကို ကိုယ်ပိုင်ယာဉ်ငယ်တစ်စီးက တိုက်မှုတစ်ရပ်ဖြစ်ခဲ့ကြောင်း သိရသည်။

ဒဂုံဆိပ်ကမ်းမြို့နယ် သဘော်ကျင်းအိမ်ရာနေ ယာဉ်မောင်း ဦးဩမောင်းနှင်လာသည့် ၈ခ/--- ယာဉ်က ခရီးသည် အမျိုးသမီးတင်နင်းလာသည့် ဦးအောင်ကျော်၏ အငှားယာဉ်ဆိုက်ကားကို ဝင်တိုက်မိသဖြင့် ဒဏ်ရာရသူ အမျိုးသမီးနှစ်ဦးအား ရန်ကုန်ဆေးရုံကြီးသို့ တင်ပို့ကုသသော်လည်း အမျိုးသမီးတစ်ဦးမှာ သေဆုံးခဲ့ကြောင်း သိရသည်။

သုံးသပ်ပြောကြား

ယာဉ်တိုက်မှု ဖြစ်စဉ်များနှင့်ပတ်သက်၍ ယာဉ်ထိန်းရဲအရာရှိတစ်ဦးက "ယခုအခါမှာ ရန်ကုန်မြို့က ယာဉ်စီးရေတွေလည်း များလာတယ်၊ လမ်းတွေကလည်း ကျယ်လာတယ်၊ အခုဖြစ်တဲ့ ညအချိန်မျိုးဆိုရင် အရှိန်မြင့်မောင်းကြတယ်၊ မော်တော်ယာဉ်အများစုက စည်းကမ်းမရှိကြသလို၊ အငှားယာဉ်တွေကလည်း စည်းကမ်းမဲ့ကြတယ်၊ ဒါ့ကြောင့်လည်း ယာဉ်တိုက်မှုတွေ ပိုများလာတယ်။ ညအချိန်နင်းတဲ့ဆိုက်ကားတွေ၊ စက်ဘီးတွေအနေနဲ့ သတ်မှတ်တဲ့လမ်းကြောင်းမှန်အတိုင်းပဲ စီးနင်းကြဖို့ အရေးကြီးပါတယ်။ ရောင်ပြန်တွေ ကပ်ထားဖို့လည်းလိုပါတယ်။ မဖြစ်မနေ စီးနင်းရတဲ့ ညခရီးမှာ စီးနင်းတဲ့သူတွေအနေနဲ့ အဝေးကမြင်ရတဲ့ အင်္ကျီအဖြူ စသည်တို့သာ ဝတ်သင့်တယ်၊ ဒါမှ ကားတွေက အန္တရာယ်ကို အဝေးကမြင်ပြီး ကြိုတင်ရှောင်ကွင်းနိုင်မှာပါ"ဟု သုံးသပ်ပြောကြားခဲ့သည်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

▲ *ကျောဖုံးမှ*

ကုမ္ပဏီ ဒိုင်နာမော်တော်ယာဉ်တစ်စီး၊ မော်တော်ဆိုင်ကယ်တစ်စီးတို့ကို ဆက်တိုက်မိကာ ထိုမှတစ်ဆင့် ယာဉ်ထိန်းရဲဂိတ်ကို ကပ်၍ရပ်ထားသော ဆိုင်ကယ်တစ်စီးကို ထပ်ဆင့်တိုက်မိပြီး ယာဉ်ထိန်းဂိတ် အဆောက်အအုံနံရံကို တိုက်မိခဲ့ကြောင်း၊ ဆိုင်ကယ်များလည်း ပျက်စီးခဲ့ပြီး အဆိုပါ ဝင်တိုက်သည့် ကားရှေ့ပိုင်းပျက်စီးသွားခဲ့ကြောင်းနှင့် ယာဉ်မောင်းသူအား သက်ဆိုင်ရာမှ အမှုဖွင့်အရေးယူထားကြောင်း သိရှိရသည်။

(ဝ၄ဝ)

နိုင်ငံတကာသင်္ချာပြိုင်ပွဲ ဆုရရှိသူများ ပြန်လည်ရောက်ရှိ

မန္တလေး ဇွန် ၂၁

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ဇွန် ၁၀ ရက်က ကျင်းပသည့် နိုင်ငံတကာ စိန်မော့ပေသီး စိတ်တွက်သင်္ချာပြိုင်ပွဲတွင် ထူးချွန်ဆုရရှိခဲ့ကြသည့်ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုကြိုဆိုပွဲကို ဇွန် ၁၇ ရက် မွန်းလွဲ ၂ နာရီက မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကျင်းပသည်။

ကြိုဆိုနှုတ်ဆက်

အဆိုပါပြိုင်ပွဲသို့ နိုင်ငံပေါင်း ခုနစ်နိုင်ငံမှ ကျောင်းသား ကျောင်းသူစုစုပေါင်း ၉၈၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး မြန်မာနိုင်ငံမှ ပြိုင်ပွဲဝင်ငါးဦး ပါဝင်ယှဉ်ပြိုင်ခဲ့ရာ မန္တလေးမြို့မှ မသဥ္ဇာဇော်နှင့် မသင်းစုဝေအောင်တို့ Level (6) ၌ ထူးချွန်ဆုများကို လည်းကောင်း၊ တောင်ကြီးမြို့မှ မအိဇဉ်စန်းက Level (5) ထူးချွန်ဆု၊ မောင်ရှိန်ဝင့်အောင်က Level (4) ပထမဆုနှင့် မြစ်ကြီးနားမြို့မှ မယုယုမွန်က Level (4) ထူးချွန်ဆုတို့ကိုလည်းကောင်း ကျောင်းတံခွန်စိုက်ဆု အသီးသီးရရှိခဲ့ကြပြီး နိုင်ငံတကာအသိအမှတ်ပြု ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ဆုပစ္စည်းများရရှိကာ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိကြရာ **(ဝဲပုံ)** မန္တလေးလေဆိပ်၌ လေဆိပ်မှတာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများ၏ မိဘဆွေမျိုးများ၊ စိန်မော့ပေသီးသင်္ချာကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ ရှမ်းတိုင်းရင်းသားများ၊ သာရေး နာရေးအသင်း(မန္တလေး)မှ မိသားစုများ၊ လူမှုရေးအသင်းအဖွဲ့များက အောင်ပွဲရ ကျောင်းသား ကျောင်းသူများအား ပန်းကုံးများစွပ်၍ လိုက်လိုက်လှဲလှဲ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

တင်မောင်(မန်းကိုယ်ပွား)

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

ပေါက်တောမြို့နယ် ဆင်အိုင်ကျေးရွာမှ ဆင်တက်မော် အထကသို့ ကျောင်းသား ကျောင်းသူများ ကျောင်းတက်ရေး အခက်ကြုံ

ပေါက်တော ဇွန် ၂၁

ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် အလယ်ဖရုံကာကျွန်းပေါ်ရှိ ဆင်အိုင်ကျေးရွာနှင့် ဆင်တက်မော်ကျေးရွာအသွားလမ်းပေါ်တွင် ယာယီတဲများ ပိတ်ဆို့ဆောက်လုပ်ထားကြခြင်းကြောင့် ဆင်အိုင်ကျေးရွာမှ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများ ဆင်တက်မော်အထကသို့ နေ့စဉ်သွားရောက်ပညာသင်ကြားရန် အခက်ကြုံနေကြရကြောင်း ဒေသခံများက သတင်းပေးပို့သည်။

ဆင်အိုင်ကျေးရွာတွင် မူလတန်းလွန်ကျောင်းသာရှိသဖြင့် ကျောင်းသား ကျောင်းသူများမှာ အဋ္ဌမတန်းမှ တက္ကသိုလ်ဝင်တန်းအထိ ဆင်တက်မော် အထကသို့ နေ့ချင်းပြန် ခြေကျင်သွားရောက်ပညာသင်ကြားကြရသည်။

မဟာစင်မုန်တိုင်း အန္တရာယ်ကြောင့် ၄က်ချောင်းဒုက္ခသည်စခန်းမှ ထွက်ပြေးရောက်ရှိလာသော ဘင်္ဂါလီဒုက္ခသည်များက ဆင်အိုင်ကျေးရွာနှင့် ဆင်တက်မော်ကျေးရွာကြား သွားလမ်းကို ပိတ်ဆို့ကာ ယာယီတဲများ ဆောက်လုပ်ထားကြရာ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် နှစ်စမှစ၍ သွားရေးလာရေးအခက်အခဲကြောင့် ပညာသင်ကြားရေးအခက်ကြုံနေရကာ ယခုဇွန်လ တတိယပတ်ထိ ရောက်ခဲ့ပြီဖြစ်သည်။ ဆင်အိုင်ကျေးရွာတွင် တက္ကသိုလ်ဝင်တန်း ကျောင်းသား ကျောင်းသူ ၂၀၊ နဝမတန်းတွင် ၁၅ ဦး၊ အဋ္ဌမတန်းတွင် ၁၅ ဦးရှိသည်။

ကျောင်းသားများအခက်အခဲကြုံနေရခြင်းနှင့်ပတ်သက်၍ ဆင်အိုင်ကျေးရွာမှ ကျေးရွာအုပ်ချုပ်ရေးမှူးက "ကျွန်တော်တို့တစ်ရွာလုံး အခက်အခဲပါပဲ။ ကျောင်းသား ကျောင်းသူတွေ အခုထိ ကျောင်းမတက်ရသေးပါဘူး။ ဘင်္ဂါလီတွေ လမ်းပိတ်ဆို့ထားတော့ မသွားရဲဘူးပေါ့ဗျာ။ တတ်နိုင်တဲ့သူအချို့ကတော့ တခြားရွာတွေကို သွားထားကြတာပေါ့။ မတတ်နိုင်တဲ့သူတွေကတော့ ဒီနေ့အထိ ရွာမှာ စာမသင်ရဘဲ နေရတာပါ။ ကျွန်တော်တို့လည်း သက်ဆိုင်ရာကို တင်ပြဖို့ စီစဉ်နေကြပါတယ်" ဟု ပြောပြသည်။

အလယ်တန်းပြဆရာတစ်ဦးက ပြောကြားရာတွင် "ဘင်္ဂါလီများ ယာယီတဲများ ဆောက်လုပ်ထားသော နေရာသည် ကျောင်းသား ကျောင်းသူများ ဆင်တက်မော် အထကသို့ သွား၍ ကျောင်းတက်သောလမ်းဖြစ်ကြောင်း၊ လူငယ်များသာမက လူကြီးများလည်း ယင်းနေရာကို ဖြတ်မသွားရဲကြပါကြောင်း၊ သို့ဖြစ်ပါ၍ ယခုအချိန်အထိ စာမသင်ဘဲနေရခြင်း ဖြစ်ပါကြောင်း၊ ရပ်ရွာတွင် လုံခြုံရေးချပေးထားသော်လည်း သွားရေးလာရေးတွင် လုံခြုံရေးမရှိပါကြောင်း၊ ကျောင်းသား ကျောင်းသူများလည်း ပညာမသင်ရ၍ စိတ်အားငယ်နေရပါကြောင်း၊ ကျေးရွာကျောင်းသည် မူလွန်ကျောင်းဖြစ်၍ သတ္တမတန်းထိသာရှိကြောင်း" စသည်ဖြင့် ပြောပြသည်။

ကိုကြီးစော

ဇွန် ၂၁ ရက်က ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ် ကျောက်ဖြူလေးကျေးရွာ သီရိမင်္ဂလာဘုန်းတော်ကြီးကျောင်းအတွင်းရှိ ပျက်စီးယိုယွင်းနေသော သိမ်ကျောင်းဆောင်ကို ပြန်လည်ပြုပြင်မွမ်းမံရန်အတွက် မန္တလေးမြို့ မဟာဇေယျာဘုံရပ်ကွက်နေ အငြိမ်းစားပါမောက္ခ အထူးကုဆရာဝန်ကြီး ဦးပေတိုး-ဒေါ်အေးမြင့် မိသားစုတို့က ငွေကျပ် ၂၅ သိန်းကို ကျောင်းထိုင်ဆရာတော် ဦးဇောတိကထံ ဇွန် ၁၉ ရက်က ပေးအပ်လှူဒါန်းစဉ်။ (ဝ၉ဝ)

ပညာဒါနအလှူ လှူဒါန်းပွဲကျင်းပ

ရန်ကုန် ဇွန် ၂၁

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ကျိုက်ရေ... ကျိုက်တော်ရပ်ကွက် အမက ၁၂ အခြေခံပညာ မူလတန်းလွန်ကျောင်း၌ ဇွန် ၂၀ ရက်က ကျိုက်တော်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၏ ဦးဆောင်မှု၊ ရပ်ကွက်တွင်းရှိ မိဘပြည်သူများ၏ စေတနာဖြင့် ကျောင်းသား ကျောင်းသူလေးများကို ငွေကျပ် ၇၁၈၈၅၀ တန်ဖိုးရှိ ဗလာစာအုပ်၊ ခဲတံ၊ ခဲဖျက်၊ ခဲတံချွန်စက်၊ ကွန်ပါဘူး၊ ထီးတို့ကို ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစိုးလွင်က တစ်ဆင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စီထံ ပေးအပ်လှူဒါန်းခဲ့သည်။

ထို့နောက် အလှူရှင်များက ကျောင်းသား ကျောင်းသူလေးများအား နွားနို့အာဟာရတိုက်ကျွေးခဲ့ကြောင်း သိရသည်။ **မြတ်စန္ဒီသင်းဇော်**

မိုးစပါးစိုက်ပျိုးရေးစရိတ် ချေးငွေများထုတ်ပေး

မြိတ် ဇွန် ၂၁

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့နယ်အတွင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မြိတ်မြို့နယ်ဘဏ်ခွဲမှ တုံးပျောကျေးရွာအုပ်စု မိုးစပါးစိုက်တောင်သူ ၁၀၇ ဦး စိုက်ဧက ၈၃၀ အတွက် ချေးငွေကျပ်သိန်းပေါင်း ၈၃၀ ကို ထုတ်ပေးခဲ့ပြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ မြိတ်ခရိုင်ဘဏ်ခွဲအနေဖြင့် ၂၀၁၃ ခုနှစ် စိုက်ပျိုးရေးရာသီတွင် မြိတ်မြို့နယ်သို့ ချေးငွေကျပ် ၂၀၁၃၅ သိန်း၊ ကျွန်းစုမြို့နယ်သို့ ၄၂၈၅ သိန်း၊ တနင်္သာရီတိုင်းဒေသကြီးသို့ ချေးငွေကျပ် ၆၄၇၅ သိန်း၊ ကော့သောင်းမြို့နယ်နှင့် ခမောက်ကြီးမြို့နယ်ခွဲသို့ ချေးငွေကျပ် ၅၃၄ သိန်း၊ ဘုတ်ပြင်းမြို့နယ်သို့ ချေးငွေကျပ် ၇၉၂ သိန်း စုစုပေါင်းချေးငွေကျပ် ၃၂၂၂၁ သိန်း ထုတ်ချေးဆောင်ရွက်သွားမည်ဖြစ်၍ တောင်သူများသည် မိုးစပါးရာသီအတွက် စိုက်ပျိုးစရိတ် နိုင်ငံတော်မှထောက်ပံ့ပေးမှုကြောင့် ဝမ်းသာလျက်ရှိကြောင်း သိရသည်။ **မိုးဟိန်း(မြိတ်)**

ပဲခူးတိုင်းဒေသကြီး မိုးစပါးစိုက်ပျိုးရေးစရိတ် ချေးငွေပေးအပ်

ပဲခူး ဇွန် ၂၁

ပဲခူးတိုင်းဒေသကြီးအတွင်း တောင်သူလယ်သမားများသို့ မိုးစပါးစိုက်ပျိုးရန် ချေးငွေခွင့်ပြုရန်ပုံငွေကျပ် ၂၃၁ ဒသမ ဝ၈၂ ဘီလီယံဖြစ်ပြီး အမှန်တကယ်စိုက်ပျိုးလုပ်ကိုင်သူများကို ကျေးရွာအလိုက် ချေးငွေစိစစ်ရေးအဖွဲ့ ဖွဲ့စည်းကာ ထုတ်ချေးပေးသွားမည်ဖြစ်ပြီး တစ်ဧကလျှင် ငွေကျပ်တစ်သိန်းနှုန်း၊ ၁၀ ဧကထုတ်ချေးခြင်းဖြစ်သည်။ ချေးငွေများကို ၂၀၁၄ ခုနှစ် မတ် ၃၁ ရက် နောက်ဆုံးထားပြီး ပြန်လည်ပေးဆပ်ရမည်ဖြစ်ကြောင်း သိရသည်။ **သန့်စင်**

မိုးရာသီသီးနှံထုတ်လုပ်မှုအတွက် ချေးငွေထုတ်ပေး

မိုးမိတ် ဇွန် ၂၁

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မြို့နယ်ဘဏ်ခွဲ မိုးမိတ်မြို့မှ ၂၀၁၃ ခုနှစ် မိုးရာသီသီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေကို မိုးမိတ်မြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဦး၏ ကြီးကြပ်မှုဖြင့် သဲနီကျေးရွာအုပ်စုသို့ ဇွန် ၁၈ ရက်က စတင်ထုတ်ချေးပေးခဲ့ပြီး မိုးမိတ်မြို့နယ်ဘဏ်ခွဲမှ ကျေးရွာအုပ်စု ၁၃ အုပ်စု၊ ချေးငွေကျပ် ၉၄၈၂ သိန်းနှင့် မဘိမ်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ခုနစ်အုပ်စုသို့ ချေးငွေကျပ် ၃၆၈၀ သိန်းကို ထုတ်ချေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အိတ်ဖွင့်တင်ဒါ (open Tender) ခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အဆောက်အအုံဆောက်လုပ်ရေးစီမံကိန်းအထူးဖွဲ့(၂)မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်မည့် ကျိုင်းတုံတက္ကသိုလ် တည်ဆောက်ရေးလုပ်ငန်းများအတွက် အသုံးပြုရန်လိုအပ်သည့် အောက်ဖော်ပြပါ တည်ဆောက်ရေးပစ္စည်းများကို မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမည်	အရေအတွက်	
၁။	မြစ်သဲ	၁၃၄၅	ကျင်း
၂။	chipping	၇၀၀	ကျင်း
၃။	6"x9" ကျောက်ကြီး	၂၀၀	ကျင်း
၄။	အုတ်	၉၃၀၀၀၀	ချပ်
၅။	တောသစ်	၇၀	တန်
၆။	ဒေသသစ်မာ	၉၀	တန်
၇။	ဘိလပ်မြေ	၁၀၆၀	တန်
၈။	သံချောင်းလုံးရှယ်စုံ	၂၂၅	တန်

၂။ **တင်ဒါစိစစ်ရွေးချယ်မည့်ရက်နှင့်အချိန်** - ၁၀-၇-၂၀၁၃ ရက် ၁၀း၀၀နာရီ
တင်ဒါရွေးချယ်မည့်နေရာ - ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ကျိုင်းတုံခရိုင်၊ ကျိုင်းတုံမြို့

၃။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အဆောက်အအုံအထူးအဖွဲ့(၂) ကျိုင်းတုံတက္ကသိုလ်တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်ရုံးတွင် ၂၁-၆-၂၀၁၃ ရက်မှစ၍ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ကျိုင်းတုံမြို့နှင့် ဖုန်း-၀၈၄-၂၁၀၃၅၊ ၀၈၄-၂၁၀၃၁၊ ၀၉-၅၀၂၂၄၈၇ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုစေရန်

အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)

တောင်ဥက္ကလာပမြို့နယ်တရားရုံးတော်၌

၂၀၁၁ ခုနှစ် တရားမကြီးမှုအမှတ်-၅၈ နှင့် ဆက်သွယ်သည့်

၂၀၁၃ ခုနှစ် တရားမဇာရီမှုအမှတ်-၁၂

ဒေါ်နွဲ့နွဲ့မာ **နှင့်** ဒေါ်အေးအေးမာ
ဒီကရီအနိုင်ရသူ **တရားရှုံး**

ဒေါ်အေးအေးမာ အမှတ် ၃၈၄၊ သူရလမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၁ခုနှစ် တရားမကြီးမှုအမှတ်-၅၈ တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒီကရီအနိုင်ရသူက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် အမိန့်ကို မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင်ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်ရ ရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၃ခုနှစ် ဇွန် ၂၈ရက် (၁၃၇၅ ခုနှစ် နယုန်လပြည့်ကျော် ၅ ရက်)မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၃ ခုနှစ် ဇွန် ၁၉ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးလိုက်သည်။

(ချစ်ကိုကို)
မြို့နယ်တရားသူကြီး
တောင်ဥက္ကလာပမြို့နယ်တရားရုံး

ပြည်တွင်းသတင်း

ဆတ်သွားအခြေခံပညာမူလတန်းကျောင်းဖွင့်လှစ်

တောင်တွင်းကြီး ဇွန် ၂၁

တောင်တွင်းကြီးမြို့နယ် ဆတ်သွားကျေးရွာ အခြေခံပညာမူလတန်းကျောင်းသစ်ဖွင့်ပွဲကို ဇွန် ၂၀ ရက် နံနက် ၈ နာရီခွဲက ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးစောဝင်းမောင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကြည်သိန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ထွန်းနှင့်မြို့နယ်ပညာရေးမှူး ဦးကျော်လွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ယင်းကျောင်းဆောင်သစ်ကြီးသည် အလျားပေ ၁၂၀၊ အနံပေ ၃၀၊ သွပ်မိုး၊ အုတ်ကာ တစ်ထပ်ကျောင်းဆောင်ဖြစ်၍ စေတနာရှင်၊ အလှူရှင်များ၊ ဒေသခံပြည်သူများက ငွေကျပ်သိန်း ၂၆၀ ဖြင့် ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **နိုင်ဝင်း**

သစ်ပုလွေကျေးရွာ အခြေခံပညာမူလတန်းကျောင်းခွဲဖွင့်

သာစည် ဇွန် ၂၁

သာစည်မြို့နယ် ကြပ်စခန်းကျေးရွာအုပ်စု သစ်ပုလွေကျေးရွာ အခြေခံပညာမူလတန်းကျောင်းခွဲ ဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၁ ရက် နံနက် ၈ နာရီက ယင်းကျောင်း၌ ကျင်းပရာ ခရိုင်ပညာရေးမှူး၊ သာစည်မြို့နယ် အုပ်ချုပ်ရေးမှူးနှင့် ရွှေပေါက်ပေါက်သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်စန္ဒာအေးတို့က ဖွင့်လှစ်ပေးခဲ့သည်။ ကျောင်းဆောင်ဆောက်လုပ်ရေးတွင် ရွှေပေါက်ပေါက်သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်က ငွေကျပ်သိန်း ၁၀၀ မတည်လှူဒါန်းပြီး ယင်းကျောင်းဆောင်သည် အလျားပေ ၄၀၊ အနံ ၃၅ ပေ၊ သွပ်မိုး၊ အုတ်ကာ အဆောက်အအုံဖြစ်ပြီး စုစုပေါင်း ငွေကျပ်သိန်း ၁၈၀ အကုန်အကျခံ ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ရေထွက်ကျေးရွာ၌ မူလတန်းကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်

သပိတ်ကျင်း ဇွန် ၂၁

အဆိုပါသတင်းအရညောင်တုန်းမြို့နယ် မဲဇလီရဲစခန်းမှ ရဲအုပ်ကျော်ကျော်နှင့်အဖွဲ့သည် ရပ်မိရပ်ဖအသိသက်သေများနှင့်အတူ သွားရောက်စုံစမ်းစစ်ဆေးရာ သေဆုံးသူသည် ညောင်တုန်းမြို့နယ် တောကြီးကျေးရွာနေ သန်းထွန်း(၄၂နှစ်)ဖြစ်ပြီး မဲဇလီရေတံခါးတူးမြောင်းအတွင်း ငါးဖမ်းရန် ပိုက်တန်းချရာမှ ရေနစ်သေဆုံးခြင်းဖြစ်ကြောင်း သိရသဖြင့် မဲဇလီရဲစခန်းက အမှုဖွင့်အရေးယူ စစ်ဆေးလျက်ရှိသည်။ **(၀၇၇)**

အရက်အတူသောက်စားပြီး စကားများရန်ဖြစ်ရာမှ လူသတ်မှုဖြစ်

မြန်အောင် ဇွန် ၂၁

မြန်အောင်မြို့နယ် ထိန်သေးကြီးကျေးရွာ၌ ဇွန် ၁၃ ရက်က တစ်ရွာတည်းသားချင်း အရက်အတူ သောက်စားရာမှ အချင်းများပြီး လူသတ်မှု ဖြစ်ပွားခဲ့သည်။

ဖြစ်ပွားပုံမှာ ဇွန် ၁၃ရက် ညနေ ၆ နာရီ မိနစ် ၅၀က မြန်အောင်မြို့နယ် ထိန်သေးကြီးကျေးရွာနေ ကိုကိုနိုင် (၃၈နှစ်)သည် နေအိမ်၌နေစဉ် အစ်မဖြစ်သူ ဒေါ်သန်းလှရောက်ရှိလာပြီး ဖခင်ဦးမောင်ညိုသည် တောင်ပေါ်ပဲစိုက်ခင်းသို့သွားရာမှ ပြန်လည်ရောက်ရှိမလာ၍ ဖခင်သွားတတ်သော အုတ်ရှစ်ကျောင်း တောင်ပေါ်နေ ကိုစိုးလှိုင်၏ နေအိမ်တဲသို့ လိုက်လံမေးမြန်းကြည့်ရာ ၄င်းတို့၏ဖခင်ဖြစ်သူ ဦးမောင်ညိုသည် မင်းမင်းစိုး(၂၄နှစ်) ထိန်သေးကြီးကျေးရွာနေသူနှင့်အရက်အတူ သောက်စားကြရာမှ စကားများရန်ဖြစ်ကြသဖြင့် မင်းမင်းစိုးက ဓားမြှောင်နှင့်လိုက်လံထိုးသတ်ရာ ဦးမောင်ညိုတွင် ဒဏ်ရာရရှိသွားပြီး အုတ်ရှစ်ချောင်းအတွင်းသို့ လိမ့်ကျသွားသည်ဟုဆို၏။

ထို့ကြောင့် ဦးမောင်ညို၏ အလောင်းကို အုတ်ရှစ်ချောင်းအတွင်း လိုက်လံရှာဖွေသော်လည်း မတွေ့ရသဖြင့် ဇွန် ၁၆ ရက် မွန်းတည့် ၁၂ နာရီတွင် ကိုကိုနိုင်၏ တိုင်တန်းချက်အရ အင်ပင်ရဲစခန်းက အမှုဖွင့်၍ စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(၀၇၇)**

ဆေးရုံအိမ်သာအတွင်း ကြိုးဆွဲချသေဆုံး

တာချီလိတ် ဇွန် ၂၁

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ဆေးရုံဝင်းရှိ အမျိုးသားဖျားနာဆောင် အိမ်သာတွင် ဇွန် ၁၈ ရက် နံနက် ၉ နာရီခွဲက အခန်းသုံးခန်းအနက် အတွင်းအစွန်ဆုံးအခန်း၌ ဆေးရုံတက်လူနာနှင့် လူနာအစောင့် မဟုတ်သည့် အမျိုးသားတစ်ဦးကြိုးဆွဲချသေဆုံးနေကြောင်း အလှည့်ကျ ဆရာဝန် ဒေါက်တာဗိုလ်ဟိန်းက ဖုန်းဖြင့် အကြောင်းကြားချက်အရ တာချီလိတ် ရဲတပ်ဖွဲ့ဝင်များကသွားရောက်ကြည့်ရှုစစ်ဆေးရာ ဦးမောင်မောင် (၃၇ နှစ်) ခန့်ရှိ မိတ္ထီလာမြို့နေသူသည် ထုပ်တန်းတွင် ကြိုးချည်နှောင်ပြီး ကြိုးဆွဲချသေဆုံးပြီး ပြင်ပဒဏ်ရာ မတွေ့ရပေ။

ဆက်လက်စုံစမ်းရာ အခင်းမဖြစ်မီတစ်ရက်က သေဆုံးသူသည် အမျိုးသား ဖျားနာဆောင်ထိပ်၌ တာဝန်ကျ ဆရာ ဆရာမများ ထိုင်ခုံအနီးရှိ ခုံဘေးတွင် တရားထိုင်နေသည်ကို ဆေးရုံ၌ ဆိုင်ကယ် အပ်နှံဂိတ်စောင့်ဖြစ်သူ ကိုအောင်သန်းက တွေ့မြင်ရသည်ဟု ပြောကြားသည်။

ဆက်လက်စစ်ဆေး

ဦးမောင်မောင် သေဆုံးခြင်းအပေါ် တာချီလိတ်မှ ရဲစခန်း ရဲအုပ်တင်ဌေးက အမှုကို ဆက်လက်စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြင့်မိုရ်(တာချီလိတ်)

မယ်ဆိုင်ချောင်း၌ လူတစ်ဦး ရေနစ်သေဆုံး

တာချီလိတ် ဇွန် ၂၁

တာချီလိတ်မြို့ ဆန်ဆိုင်း(က) ရပ်ကွက် မေဖလားဝါးကွင်းအနီး မယ်ဆိုင်ချောင်းတွင် အမျိုးသားတစ်ဦး ရေနစ်သေဆုံးနေကြောင်း ဇွန် ၁၈ ရက် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်က သတင်းပေးပို့သဖြင့် တာချီလိတ်ရဲစခန်းမှူး ရဲအုပ်တင်ဌေးနှင့်အဖွဲ့က သွားရောက်ကြည့်ရှုရာ မယ်ဆိုင်ချောင်းအတွင်း ရေငါးပေခန့်အနက်တွင် ဆံရှည် (၃၂ နှစ်ခန့်) ဆန်ဆိုင်း(ခ)ရပ်ကွက် တာချီလိတ်မြို့နေသူသည် ဇွန် ၁၇ ရက် ညနေ ၃ နာရီခွဲခန့်က အရက်အလွန်မူးပြီး ချောင်းအတွင်း ရေဆင်းချိုးရာမှ ရေနစ်သေဆုံးကြောင်း စုံစမ်းသိရှိရသည်။

ဆံရှည်သေဆုံးမှုနှင့်ပတ်သက်၍ ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်မဟုတ် တာချီလိတ်ရဲစခန်းမှ ရဲအုပ်တင်ဌေးက အမှုဖွင့် အရေးယူစစ်ဆေးဆောင်ရွက်လျက်ရှိဖြစ်ကြောင်း သိရသည်။

မြင့်မိုရ်(တာချီလိတ်)

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၂၃၁

ဒေါ်လှလှအေး အမှတ်(၃၃၁)၊ ကမ်းနားလမ်း၊ လွတ်လပ်ရေးရပ်ကွက်၊အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။	**နှင့်**	မောင်သူရကျော် အမှတ်(၉၂)၊ သူရလမ်း၊ (၉)ရပ်ကွက်၊ ကမ္ဘာအေး၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (ယခုနေရပ်လိပ်စာမသိသူ)
တရားလို		**တရားပြိုင်**

တရားပြိုင် မောင်သူရကျော် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ် တရားလိုက ပဋိညာဉ်အတိုင်းဆောင်ရွက်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဇွန် ၂၈ရက် (၁၃၇၅ခုနှစ် နယုန်လပြည့်ကျော် ၅ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့် နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသော စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဇွန် ၁၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်သစ်ဆွေ)
ဒုတိယခရိုင်တရားသူကြီး(၈)၊ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်၌
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၁၇၃

ဦးကျော်လင်း အမှတ် ၂၀၊ သုံးလွှာ၊ ဇောတိကလမ်း၊မြေနီကုန်းမြောက် ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။	**နှင့်**	ဦးရဲညွှန့် အမှတ် ၃၀၆၊ယုဇနတာဝါ၊ ဓမ္မစေတီလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
တရားလို		**တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဓမ္မစေတီလမ်း၊ ယုဇနတာဝါ၊ အမှတ် ၃၀၆နေ ဦးရဲညွှန့် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးကျော်လင်းက နောက်တွဲယာဉ် ၄ားရမ်းခကျန်ငွေကျပ် ၉၅၀၀၀၀၀/-တိတိနှင့် နစ်နာကြေးငွေကျပ် ၁၂၀၀၀၀၀/- စုစုပေါင်းငွေကျပ် ၁၀၇၀၀၀၀၀/-တိတိ ရလိုမှုလျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးစကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော် အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဇူလိုင် ၁၇ရက် (၁၃၇၅ခုနှစ် ဝါဆိုလဆန်း ၁၀ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဇွန် ၁၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(တင်မောင်လတ်)
ဒုတိယခရိုင်တရားသူကြီး(၆)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၇၅

ဦးနေလင်းထွန်း	**နှင့်**	၁။ ဒေါ်ခင်ကြူသင်း ၂။ ဦးဇော်အောင်သိမ်း
တရားလို		**တရားပြိုင်များ**

၁။ ဒေါ်ခင်ကြူသင်း၊ အမှတ် ၁၁၂၊ ဓမ္မရိပ်သာလမ်း၊ (၅)ရပ်ကွက်၊ လားရှိုးမြို့နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း(ယခုနေရပ်လိပ်စာမသိ)

၂။ ဦးဇော်အောင်သိမ်း၊ အမှတ် ၄၇၆၊ အေးရိပ်သာ ၃ လမ်း၊ (၄၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင်တို့အပေါ်၌ တရားလိုဦးနေလင်းထွန်းက ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဇူလိုင် ၁ရက် (၁၃၇၅ခုနှစ် နယုန်လပြည့်ကျော် ၈ရက်) မွန်းမတည့်မီအချိန်အတွင်း အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာမရောက်ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်များနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဇွန် ၁၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

(အေးမြင့်)
မြို့နယ်တရားသူကြီး
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ ၁ နှင့် ၅)
ဖျာပုံခရိုင် နယ်တရားမရုံးတော်၌
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၁၆

ဒေါ်သိန်းသိန်းတိုး	**နှင့်**	၁။ ဦးကြူမြင့် ၂။ ဒေါ်မြင့်မြင့်မူ (အတူနေလင်မယား)
တရားလို		**တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျိုက်လတ်လမ်း၊ အမှတ်(၁၃)၊ ပထမထပ်နေ (၁) ဦးကြူမြင့်၊ (၂) ဒေါ်မြင့်မြင့်မူသိစေရမည်။

သင့်အပေါ်၌ ဒေါ်သိန်းသိန်းတိုးက တိုက်ခန်းအရောင်းအဝယ် စရန်ငွေပေးကတိစာချုပ်၏ နှစ်ဆဖြစ်သောငွေ (၆၆၀၀၀၀၀၀/-)ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်သက်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဇူလိုင် ၂ရက် (၁၃၇၅ခုနှစ် နယုန်လပြည့်ကျော် ၉ရက်) မွန်းမတည့်မီ ၁၀နာရီအတွင်း အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဇွန် ၁၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ခင်မြင့်ချို)
ဒုတိယခရိုင်တရားသူကြီး
ဖျာပုံခရိုင်တရားရုံး

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၅/H)၊ လူနေရပ်ကွက်အမှတ် (ကျိုက္ကဆံ)၊ မြေကွက်အမှတ် ၈၁၆ဟုခေါ်တွင်သော အကျယ်အဝန်းပေ(၂၀×၄၀)ရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော အမှတ်(၁၄၁)၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ ကျိုက္ကဆံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဦးအောင်ကြည် အမည်ဖြင့် တည်ရှိပါသည်။ ၎င်းကွယ်လွန်သဖြင့် အမွေဆက်ခံ၍ လက်ရှိပိုင်ဆိုင်ပြီး၊ စီမံရောင်းချပိုင်ခွင့်ရှိသော ဇနီးဖြစ်သူ ဒေါ်ထွေးရီ ၇/ရတရ(နိုင်)၀၁၁၈၀၀ထံမှ ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ပိုင်းပေးအပ်ထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မွန်မွန်ချို LL.B	**ဒေါ်အိမ့်ဖြူနိုင် LL.B,D.B.L,D.M.L**
(စဉ်-၂၃၂၉၉)	**(စဉ်-၂၉၇၄၆)**
အထက်တန်းရှေ့နေ	**အထက်တန်းရှေ့နေ**

အာရှမြေ အိမ်-ခြံ-မြေ အကျိုးဆောင်ကုမ္ပဏီ
အမှတ်(၁၈)၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၃၉၄၄၁၅၊ ၃၉၄၄၁၆၊ ၃၉၄၁၆၀

အများသိစေရန်ကြေညာ

ညောင်ဦးမြို့၊ အောင်မြေသာရပ်ကွက် (သရဖီလမ်းနှင့် ၇ လမ်းထောင့်)၊ အိမ်အမှတ် ၄၂နေ ကျွန်ုပ်၏အမှုသည် ဒေါ်ခင်ဝင်း(ခ)ဒေါ်ကြည်ဝင်း ၉/ညဥန(နိုင်)၀၁၁၂၃၀၏ ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

၂၁-၃-၂၀၁၃ရက်က ညောင်ဦးမြို့၊ အောင်မြေသာရပ်ကွက်(သရဖီလမ်းနှင့် ၇ လမ်းကြား)၊ အိမ်အမှတ် ခ/၄၁နေ ဦးသိန်းအောင်၏နေအိမ်တွင် မီးလောင်မှုစတင်ဖြစ်ပေါ်ခဲ့ပါသည်။ ယင်းမီးမှတစ်ဆင့် ကျွန်ုပ်အမှုသည်၏နေအိမ်၊ ကားဂိုဒေါင်နှင့် ယာဉ်အမှတ် ၃ခ/၆၉၈၁ ဟီးနိုးကားတို့ပါ မီးကူးစက်လောင်ကျွမ်းပြီး ငွေကျပ်သိန်း ၄၀၀ ခန့် ဆုံးရှုံးခဲ့ရပါသည်။

ယင်းသို့ မီးကူးစက်လောင်ကျွမ်းဆုံးရှုံးမှုအတွက် နစ်နာကြေးများကို ဦးသိန်းအောင်က ပေးလျော်မည်ဖြစ်ကြောင်းကို ၂၂-၃-၂၀၁၃ရက်၌ လူကြီးများနှင့် အသိသက်သေများရှေ့မှောက်၌ နှုတ်ကတိပြုခဲ့ပါသည်။ ၎င်းတွင် ရှင်ပြုမင်္ဂလာပွဲရှိနေ၍ တစ်လခန့် အချိန်ဆိုင်းငံ့ပေးရန် ၎င်းဘက်ကလည်း ကတိတည်ပါတယ်ဟု အာမခံမှုလည်းရှိခဲ့ပါသည်။ သို့သော်လည်း ယနေ့အချိန်အထိ အဆိုပါနစ်နာမှု၊လျော်ကြေးငွေများကို ၎င်းကမပေးဘဲ ရှောင်ဖယ်လျက်ရှိနေပါသည်။

သို့အတွက် ဦးသိန်းအောင်အနေဖြင့် ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ကျွန်ုပ်၏အမှုသည်ထံသို့ လူကြီးမင်း ကတိပြုအာမခံထားသော နစ်နာကြေး၊ လျော်ကြေးငွေများကို မပျက်မကွက်ပေးလျော်ပါရန် အသိပေးတောင်းဆိုပါသည်။ ပျက်ကွက်ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ပါကြောင်း-

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအေးမြင့် LL.B, D.B.L (Advocate)
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၂၅၂)
တိုက် ၉/၁၁၊ ၃၆လမ်း၊ လေးလွှာ၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုတိုးမြှင့်လာရန် ပုလဲသွယ်မျိုးစပ်စပါး မျိုးစေ့ပေးအပ်

ပုဏ္ဏားကျွန်း ဇွန် ၂၁

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့၌ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု တိုးမြှင့်လာစေရန် ပုလဲသွယ် စပ်မျိုးစပါး မျိုးစေ့ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၁၆ ရက် နံနက် ၁၁နာရီက မြို့နယ် ဦးရာဇ်မင်္ဂလာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမိုးဇော်ထွန်းက ပုလဲသွယ်စပ်မျိုးစပါး စိုက်ပျိုးရေးနည်းလမ်းများနှင့် လယ်သမားများ ခံစားရမည့် အကျိုးရလဒ်များကို ရှင်းလင်းဆွေးနွေးပြီး တာဝန်ရှိသူများက ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့များကို လယ်သမားများအား အခမဲ့ပေးအပ်ရာ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများကလက်ခံကြကြောင်း သိရသည်။

(ယာပုံ) ညေသူ

ပညာသင် ထောက်ပံ့ကြေး ပေးအပ်

ရန်ကုန် ဇွန် ၂၁

စည်ပင်သာယာရေးတပ်ဖွဲ့(ရန်ကုန်) မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲက ၂၀၁၃-၂၀၁၄ ပညာသင်နှစ် ပညာသင်ထောက်ပံ့ကြေးနှင့် စာရေးကိရိယာပေးအပ်ပွဲကို ဇွန် ၁၅ ရက် မွန်းလွဲ ၂ နာရီက စည်းကမ်းထိန်းသိမ်းရေးတပ်ဖွဲ့ခွဲ တပ်တွင်းခန်းမ၌ကျင်းပရာ စည်ပင်သာယာရေးတပ်ဖွဲ့(ရန်ကုန်) မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်ခင်ဆွေငြိမ်းက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်သော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုငွေများချီးမြှင့်ပြီး တက္ကသိုလ်၊ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းသားကျောင်းသူ ၃၃၆ ဦးအတွက် ပညာသင်ထောက်ပံ့ကြေး ငွေကျပ် ၁၇၂၆၀၀၀ နှင့် ငွေကျပ် ၂၈၀၀၀၀ တန်ဖိုးရှိ ကျောင်းသုံးပစ္စည်းများကို ပေးအပ်ကြောင်း သိရသည်။

(သတင်းစဉ်)

ကွာရှင်းထားသည့်ခင်ပွန်း ဓားချက်ကြောင့် ဇနီးသည်ပြင်းထန်စွာဒဏ်ရာရပြီး ဆေးရုံတင်

တောင်ငူ ဇွန် ၂၁

တောင်ငူမြို့ (၁၁) ရပ်ကွက်၊ ဆင်ခြေဖုံး ကင်းဆိပ်လမ်းနေ ဒေါ်ခင်စန်းမြင့်၏ နေအိမ်သို့ တောင်ငူမြို့နယ် ကင်းဆိပ်ကျေးရွာအုပ်စု ဇောတိရွာနေ တွင်ခုံလုပ်သား မင်းမင်းစိုး ၂၉နှစ်(ဘ)ဦးအောင်မြင့်သည် ဇွန် ၁၅ ရက် ည ၁၀ နာရီခန့်ကရောက်ရှိလာပြီး ထိုအိမ်ရှိ ၎င်းနှင့်တရားဝင်ကွာရှင်းထားပြီးဖြစ်သည့် ဇနီးသည် မနေခြည်ဖြိုး (၂၅)နှစ် (ဘ) ဦးလှမိုးဈေးရောင်းအား အရေးပေါ်တွေ့လိုကြောင်းပြောဆို၍ အိမ်ထဲသို့အတင်းဝင်ရောက်ပြီး ၎င်းတွင်အသင့်ပါလာသည့် ၁၀ လက်မခန့်ရှိ ဓားဦးချွန်ဖြင့် မနေခြည်ဖြိုးအား ထိုးခုတ်ရာမှ မနေခြည်ဖြိုးတွင် ဦးခေါင်း၊ ဝဲယာလက်မောင်း၊ လက်ကောက်ဝတ်၊ ညာပခုံးနှင့်ဝမ်းဗိုက်တို့တွင် ဒဏ်ရာများ ပြင်းထန်စွာ ရရှိသွားသည်။

အဆိုပါဖြစ်စဉ်တွင် မုဆိုးမမိခင်ကြီး ဒေါ်ခင်စန်းမြင့်နှင့်ပတ်ဝန်းကျင်မှ အော်ဟစ်အကူအညီ တောင်းခံမှုကြောင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်မျိုးနှင့် အဖွဲ့ဝင်များ၊ သက်ဆိုင်ရာ ရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များရောက်ရှိလာပြီး တရားခံ မင်းမင်းစိုးကို ၎င်းကိုင်ဆောင်ထားသည့် ဓားနှင့်အတူ လက်ရဖမ်းဆီးမိလိုက်ပြီး ဓားဒဏ်ရာရှစ်ချက်ရရှိသူ မနေခြည်ဖြိုးအား တောင်ငူအထွေထွေရောဂါကုဆေးရုံကြီး၌ အတွင်းလူနာအဖြစ် တင်ပို့ကုသထားရသည်။

အမှုကို မိခင်ဖြစ်သူ ဒေါ်ခင်စန်းမြင့်၏ တိုင်တန်းချက်အရ တောင်ငူမြို့ အမှတ်(၂)ရဲစခန်းမှ (ပ)၂၀၆/၂၀၁၃ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၅၁/၃၂၆/၅၀၆ အရ အရေးယူထားကြောင်း သိရသည်။ **(၁၁၅)**

နယ်သတင်းနှင့်ကြော်ငြာ

အမျိုးသား တံခွန်စိုက်နှင့် အသက် ၁၈နှစ်အောက် အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဇွန် ၂၁

အားကစားဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်မှကြီးမှူး၍ ၂၀၁၃ခုနှစ် အမျိုးသားတံခွန်စိုက် အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲနှင့် အသက် (၁၈)နှစ်အောက် အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲကို ဇူလိုင်၂၂ရက်မှ ဩဂုတ်၂ရက်အထိ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံ၌ ကျင်းပမည်ဖြစ်သည်။

အသက်(၁၈)နှစ်အောက် အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲအတွက် ၁၉၉၅ ခုနှစ်မွေးဖွားသူဖြစ်၍ အသက်စိစစ်နိုင်ရေးအတွက် မှတ်ပုံတင်မူရင်းတင်ပြနိုင်ရမည်ဖြစ်ပြီး ပွဲစဉ်မဲနှိုက်ရေးဆွဲခြင်းနှင့် အသက်စိစစ်ခြင်းကို အောင်ဆန်းကွင်း မိုးလုံလေလုံအားကစားရုံ၌ ဇူလိုင် ၂၁ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။

ကျင်းပ

အဆိုပါ ပြိုင်ပွဲနှင့်အတူ (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် စခန်းသွင်းလေ့ကျင့်နေသော ပဏာမ မြန်မာလက်ရွေးစင် အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောအသင်းနှင့် အမေရိကန်နိုင်ငံVision Sports အားကစားအဖွဲ့တို့၏ ဆီးဂိမ်းအကြို လက်ရည်စမ်းပွဲများကို ပူးတွဲကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

တင်စိုး (မြန်မာ့အလင်း)

(၂၁)ကြိမ်မြောက် နိကာယ်စာမေးပွဲ ဖြေဆိုကျင်းပပြီးစီး

ရန်ကုန် ဇွန် ၂၁

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ရွာမပရိယတ္တိစာသင်တိုက် ဂန္ဓဝင်ခန်းမဆောင် စာပေဌာန၌ နိုင်ငံတော်အစိုးရ သာသနာရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသော (၂၁) ကြိမ်မြောက် နိကာယ်စာမေးပွဲကြီး ကို မြို့နယ်သံဃနာယကအဖွဲ့ ဆရာတော်ကြီးများနှင့် မြို့နယ်သာသနာရေးဦးစီးဌာနတို့ ကြီးကြပ်၍ ကျင်းပလျက်ရှိသည်။

စာမေးပွဲကို သံဃာတော် ၁၅၂ ပါးနှင့် သီလရှင် ခြောက်ပါးတို့ ဝင်ရောက်ဖြေဆိုကြသည်။ စာမေးပွဲတွင် နိကာယ်ပါဠိစာဖြေလွှာ ငါးပိုင်းကို ဇွန် ၁၁ ရက်မှ ဇွန်၁၅ရက်ထိ မွန်းလွဲ ၁နာရီမှ ညနေ ၅နာရီထိ ဖြေဆိုသည်ဟု သိရသည်။

(မြင့်ဦး အင်းစိန်)

ပြင်ဆင်မှုကိုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို ပြင်ဆင်မှုလျှောက်ထားခံရသူသို့ကြားသိစေသည့်

အကြောင်းကြားစာ

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်

၂၀၁၃ခုနှစ် တရားမပြင်ဆင်မှုအမှတ်-၇၁

ဒေါ်ခင်ရွှေ **နှင့်** ဦးမြင့်သိန်း
အမှတ် ၈၁၊ လမ်းသစ်လမ်း၊
နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်။

လျှောက်ထားသူ **လျှောက်ထားခံရသူ**

၂၀၁၃ခုနှစ် ဇန်နဝါရီ ၃ ရက်နေ့စွဲပါ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၁၀၆/၂၀၁၁ အမိန့်ကိုပြင်ဆင်မှု။

အထက်အမည်ပါအမှုမှ လျှောက်ထားခံရသူ ဦးမြင့်သိန်း(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

ယခုအမှုတွင် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်က ချမှတ်ပေးသည့်အမိန့်ကို လျှောက်ထားသူက ပြင်ဆင်မှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်တမ်းတင် စာရင်းသွင်း၍ ဤပြင်ဆင်မှုကို ၂၀၁၃ ခုနှစ် ဇူလိုင် ၁၂ ရက် (၁၃၇၅ခုနှစ် ဝါဆိုလဆန်း ၅ရက်) တွင် ဆိုင်ရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။

သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ပြင်ဆင်မှုတွင် သင့်အတွက်ရှက်ဆောင်ရန် တရားဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ ဤရုံးသို့မလာမရောက်ရှိခဲ့လျှင် ၎င်းပြင်ဆင်မှုကို သင်၏ မျက်ကွယ်တွင် စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၃ခုနှစ် ဇွန် ၁၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **အမိန့်အရ-**

(ကျော်စွာငြိမ်း)၊ ဒုတိယညွှန်ကြားရေးမှူး
တိုင်းဒေသကြီးတရားလွှတ်တော်

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်၌

၂၀၁၁ ခုနှစ် တရားမဇာရီမှုအမှတ်-၂၂၀

ဦးစန်းတင့် **နှင့်** ၁။ ဒေါ်နွဲ့နွဲ့ရီ
၂။ ဒေါ်ဥမ္မာကျော်
၃။ ဦးတင်အောင်ကျော်
၄။ ဦးကျော်မင်းနိုင်
၅။ ဒေါ်လတ်လတ်ကျော်
၆။ ဦးမောင်မောင်စိန်
(ကွယ်လွန်သူဦးကျော်(ခ)
ဦးကျော်ငွေ၏
တရားဝင်ကိုယ်စားလှယ်များ)
၇။ ဦးအောင်ချိုဦး
၈။ ဒေါ်တင့်တင့်
၉။ ဦးတင်မောင်ချို
(ကွယ်လွန်သူ
ဒေါ်သန်းသန်း၏
တရားဝင် ကိုယ်စားလှယ်များ)
၁၀။ ဒေါ်သန်းသန်းကြည်

တရားနိုင် **တရားရှုံးများ**

ရန်ကုန်တိုင်းတရားရုံး၊ ၂၀၀၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၇၂တွင်ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါ မရွှေ့မပြောင်းနိုင်သောပစ္စည်းများကို ၂၀၁၃ခုနှစ် ဩဂုတ် ၇ ရက် (၁၃၇၅ခုနှစ် ဝါခေါင်လဆန်း ၁ ရက်) မွန်းမတည့်မီ နံနက် ၁၀နာရီတွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

၁။ မရမ်းကုန်းမြို့နယ်၊ အင်းစိန်စီရင်စု၊ ရပ်ကွက်အမှတ် ၁၇၊ ခြံအမှတ် ၅၂၊ မြေကွက်အမှတ် ၁၁(က)[၁]၊ ဧရိယာ ၀ ဒသမ ၄၈၀ဧကရှိ မြေနှင့်မြေပေါ်ရှိ ၄ပင် သွပ်မိုး၊ ပျဉ်ထောင်အိမ်တစ်လုံး။

၂။ မရမ်းကုန်းမြို့နယ်၊ အင်းစိန်စီရင်စု၊ ရပ်ကွက်အမှတ် ၁၇၊ ခြံအမှတ် ၅၂၊ မြေကွက်အမှတ် ၁၁(က)[၂]၊ ဧရိယာ ၀ ဒသမ ၅၇၀ဧကရှိ မြေကွက်နှင့်မြေကွက်ပေါ်ရှိဆောက်လုပ်စ ရပ်ရှင်ရုံအဆောက်အအုံ။

အထက်ပါပစ္စည်းများ၏ လေလံကြမ်းခင်းဈေး ကျပ်သိန်း ၂၅၀၀၀။

(ကျပ်သိန်းနှစ်သောင်းငါးထောင်)

လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

၁။ အထက်အမည်ပါတရားနိုင်သော်လည်းကောင်း၊ တရားနိုင်အတွက်သော်လည်းကောင်း၊ ဆွဲဝယ်သည်ကို လက်ခံမည်မဟုတ်သည်သာမက၊ ၎င်းတို့သို့ တစ်စုံတစ်ရာ ရောင်းချခြင်းသည် ရုံးတော်အခွင့်အမိန့်တစ်ရပ် အတိအလင်းမရရှိနိုင်လျှင် ခိုင်မာလိမ့်မည်မဟုတ်။

၂။ စာရင်းတွင် ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။

၃။ လေလံတင်ရောင်းချရာတွင် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ တရားမပြင်ဆင်မှုအမှတ် ၇၃/၂၀၁၂၌ ၁၉-၁၂-၂၀၁၂ရက်က ချမှတ်သော အမိန့်အရ အမြင့်ဆုံးဈေးပေးနိုင်သူတွင် အမွေဆိုင်များပါရှိပါက လက်ရှိဖြစ်သူ တရားရှုံးများအား ဦးစွာဝယ်ယူပိုင်ခွင့်ပေးရန်ဖြစ်သည်။

၄။ လေလံတင်ရောင်းချသည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်ထားသည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၅။ ဈေးနှုန်းအမြင့်ဆုံးပေးသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ယူဆလျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၆။ လေလံတင်ရောင်းချမည့်ပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ငွေကျပ် ၁၀၀လျှင် ၂၅ကျပ်နှုန်းဖြင့် လေလံတန်ဖိုးအပေါ် ၂၅ ရာခိုင်နှုန်းကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်၍ လေလံတင်ရောင်းချလိမ့်မည်။

၇။ ကျန်ငွေများကို လေလံတင်ရောင်းချသည့်ရက်ကိုပယ်၍ ၁၅ ရက်မြောက်ရက်တွင် တရားရုံးသို့အပြေအကျေပေးသွင်းရမည်။ ၁၅ရက်မြောက်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်ရက်တွင် ပေးသွင်းရမည်။

၈။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးဆောင်ရန်ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၉။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းချသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက် မတိုင်မီ ရုံးချိန်အတွင်းလာရောက်စုံစမ်းနိုင်သည်။

၂၀၁၃ခုနှစ် ဇွန်၁၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ယဉ်ယဉ်ဟန်)
ဒုတိယခရိုင်တရားသူကြီး(၇)၊ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

ကန့်ကွက်နိုင်ပါသည်

ဒဂုံဆိပ်ကမ်းမြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်၊ အခန်း ၁၀၄၊ တိုက် ၃၂၊ ၁ လမ်း(င) ဘလောက်၏မူလပိုင်ရှင် ဒေါ်သန်းဝင်း ၁၂/ဗဟန(နိုင်) ၀၀၅၅၉၅၏ ပိုင်ဆိုင်သော မူရင်းစာချုပ်မှာ ပျောက်ဆုံးနေပါသဖြင့် ယုဇနဆောက်လုပ်ရေးအဖွဲ့သို့ ထပ်မံလျှောက်ထားခြင်းကို ကန့်ကွက်လိုပါက ယနေ့မှ ခုနစ်ရက်အတွင်း လာရောက်ဆက်သွယ် ကန့်ကွက်နိုင်ပါသည်။

ဆက်သွယ်ရန်-ယုဇနစင်တာ
အမှတ်(၁၃၀)၊ တတိယထပ်၊ ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း-၅၄၀၇၄၂

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးဝေလင်းနှင့်ဒေါ်ကေသွယ်မြင့်တို့ အမည်ဖြင့် ဝယ်ယူ၍ မြေချပါမစ်ရရှိထားသော ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၁၊ မြေကွက်အမှတ် ၅၇၊ ဧရိယာ ၇ဒသမ ၃၄၉ဧကရှိ စက်မှုမြေကွက်နှင့်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်တို့ကို ကျွန်မ၏မိတ်ဆွေများက အပြီးအပိုင် ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်လှတင် LL.B
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၅၄)
အမှတ် ၈၅(မြေညီထပ်)၊ ၃၇ လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၃၉၂၀၉၀၊ ၀၁-၅၇၂၆၈၁၊ ၀၉-၅၀၂၁၂၄၄

ရောင်းရန်ကြော်ငြာစာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)

ရှမ်းပြည်နယ်တရားလွှတ်တော်၊ တောင်ကြီးမြို့

၂၀၁၃ ခုနှစ် တရားမဇာရီမှုအမှတ်-၁

ဒေါ်မီမီသက် **နှင့်** ၁။ ဦးတုန်းလှိုင်
၂။ ဒေါ်ဆိုင်းသောင်

တရားနိုင် **တရားရှုံးများ**

၂၀၁၂ခုနှစ် တရားမကြီးမှုအမှတ်-၇တွင် ရရှိသောဒီကရီအရ အောက်ပါပစ္စည်းများကို ၂၀၁၃ခုနှစ် ဇူလိုင် ၂၃ရက် (၁၃၇၅ခုနှစ် ဝါဆိုလပြည့်ကျော် ၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

တောင်ကြီးမြို့၊ ရေအေးကွင်းရပ်ကွက်၊ ကမ္ဘောဇလမ်းခွဲ(၁)၊ အကွက်အမှတ် (၉-က)၊ (အစိုးရရပ်)၊ ဦးပိုင်အမှတ်(၁၃)၊ မြေကွက်အမှတ်(ဂ)၊ ဧရိယာ ၀ဒသမ၃၆၇ ဧကရှိမြေနှင့် မြေပေါ်ပါအိမ်အမှတ် ၄၇၊ ၄၈/၁၂ နှစ်ထပ်အဆောက်အအုံ။

လေလံကြမ်းခင်းဈေး

ငွေကျပ်သိန်း ၆၀၀၀(ကျပ်သိန်းခြောက်ထောင်တိတိ)

ရောင်းချရန်စည်းကမ်းချက်များ

(၁) စာရင်းတွင် ဖော်ပြပါရှိသောအချက်များသည် တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။

(၂) လေလံတင်ရောင်းရမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းချသူအရာရှိထံ လေလံရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၁၃ခုနှစ် ဇွန် ၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်ကိုယ်တိုင်လက်မှတ်ရေးထိုး ထုတ်ပေး လိုက်သည်။

ဥမ္မာတင်
လက်ထောက်ညွှန်ကြားရေးမှူး
ရှမ်းပြည်နယ်တရားလွှတ်တော်

အများသိသာရန်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ကံဘဲ့၊ မြေကွက်အမှတ် ၁၁၇/၀-၂၊ ဧရိယာ ၀ဒသမ၀၃၂ဧကရှိ နှစ် ၆၀ဂရန်မြေကွက် စွဲကပ်လျက်ရှိသော အကျိုးခံစားခွင့်များသည် ဒေါ်မေသန်းစိန် ၁၂/မဂတ(နိုင်)၀၁၅၈၀၅ အမည်ဖြင့် မှတ်သားတည်ရှိပါသည်။

ဒေါ်မေသန်းစိန်ထံမှ အဆိုပါမြေကွက်ကိုဝယ်ယူရန်စရန်ငွေ ပေးချေထားပါသည်။ အကျိုးသက်ဆိုင်ခွင့်ရှိသူများသည် ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးစိန်ရီ (စဉ်-၃၀၃၆)
တရားလွှတ်တော်ရှေ့နေ
အမှတ် (၂၂)၊ ဌာနာလမ်း၊
အလုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၂၂၃၉၅၆၊ ၀၉-၅၀၃၀၃၇၄

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေးအထူးဇုန် (၂)ရှိ မြေကွက်အမှတ် ၁၀၅အားပိုင်ရှင် ဒေါ်မောင်းရင်း ၁၃/ကတန(နိုင်)၀၃၅၆၀၂ ထံမှ ဦးသောင်းငွေ ၁၂/ဥကမ(နိုင်) ၀၄၄၆၇၆သည် အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပြီးဖြစ်ပါ၍ သက်ဆိုင်ရာဌာနတွင် ကျွန်တော် ဦးသောင်းငွေအမည်သို့ ပြောင်းလဲလျှောက်ထားမည်ဖြစ်ရာ အဆိုပါမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက အမည်ပြောင်းဆက်လက် ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးသောင်းငွေ ၁၂/ဥကမ(နိုင်)၀၄၄၆၇၆

လူမှုရေးကြော်ငြာများ

ဗုဒ္ဓဂယာမြေမြတ်မဟာ၌ သာသနာရေးဝါထွန်းလင်းစေဖို့ သာသနိကအဆောက်အအုံ လှူကြစို့

ဘုရားအဆူဆူတို့ ပွင့်ထွန်းတော်မူရာ မဇ္ဈိမဒေသဖြစ်သော ဗုဒ္ဓဂယာမြေမြတ်မဟာတွင် အိန္ဒိယနိုင်ငံ၊ကိုးလ်ကတ္တားမြို့ ဗောဓိသုခပရဟိတ မြန်မာကျောင်းဆရာတော် ဒေါက်တာနန္ဒောဘာသ အရှင်မြတ်ဦးဆောင်၍ မြန်မာနိုင်ငံနှင့်နိုင်ငံတကာတို့မှ အလှူရှင်ဒါယကာ၊ဒါယိကာမအပေါင်းတို့၏ထက်သန်သောစေတနာသဒ္ဓါတရားတို့ဖြင့်စုပေါင်း၍ (၃၂၄၀၀)စတုရန်းပေအကျယ်အဝန်းရှိသောမြေကိုသာသနာ့ဝတ္ထုကမြေအဖြစ်အောင်မြင်စွာဝယ်ယူထားပြီးဖြစ်ပါသည်။

(၇. ၁၂. ၂၀၁၂)သောကြာနေ့တွင်မြေသန့် မင်္ဂလာအခမ်းအနားကိုပရဒေသီသံဃဥက္ကဋ္ဌ၊ဗုဒ္ဓဂယာမြန်မာကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တ ဉာဏိန္ဒ မထေရ်မြတ်ဦးစီးပြုလုပ်ပေးပြီးပြည်တွင်းပြည်ပသာသနာပြုကမ္ဘာကျော်မဇ္ဈိမကထိက၊သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်အဓိပတိချုပ်၊ဗုဒ္ဓဂယာမဟာဗောဓိမြန်မာကျောင်းတိုက်ကြီး၏ဩဝါဒစရိယဆရာတော်ဒေါက်တာအရှင်ဉာဏိဿရ မထေရ်မြတ်(သီတဂူဆရာတော်)ဘုရားကြီးမှသာသနာ့ဝတ္ထုကမြေရေစက်ချအခမ်းအနားကိုပြုလုပ်ပေးပြီးအနုမောဒနာတရားတော်များဟောကြားပေးသောကြောင့်မြေသန့် မင်္ဂလာနှင့်မြေရေစက်ချအခမ်းအနားတို့ ကိုအောင်မြင်စွာပြုလုပ်နိုင်ခဲ့ ပြီးဖြစ်ပါသည်။

၂၀၁၃ခုနှစ်၊ဧပြီလတွင်ဝယ်ယူပြီးဖြစ်သောအဆိုပါမြေကွက်ကြီးပေါ်တွင်ပထမဦးဆုံးသော ဗောဓိရုက္ခမူလ(၅)ထပ်ကျောင်းဆောင်တော်ကြီးဆောက်လုပ်ရန်မြေညီထပ်မှငါးထပ်အထိစုစုပေါင်း(၃၁၅၀၀)စတုရန်းပေရှိမည်ဖြစ်ပါသည်။

စေတနာရှင် ဒါယကာ၊ဒါယိကာမများအနေဖြင့်ကျောင်းအဆောက်အအုံ တစ်စတုရန်း (၁)ပေလျှင်မြန်မာငွေ (၂၂၀၀၀) ကျပ်ဖြင့် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်ကိုအကျိုးမျှော်၍ တိုက်တွန်းနှိုးဆော်အပ်ပါသည်။

အလှူခံဌာနများ

၁။ ဆရာတော် ဒေါက်တာနန္ဒောဘာသ (M.A.,Ph.D)
VisitingProfessor(New Age International University.USA)
မဟာဗောဓိပရဟိတမြန်မာကျောင်း (ဗုဒ္ဓဂယာ၌ ယခုဆောက်လုပ်ဆဲယာယီကျောင်း)ဗုဒ္ဓဂယာ၊ ဂယာမြို့၊ဗီဟာပြည်နယ်၊ အိန္ဒိယနိုင်ငံ၊ ဖုန်း-၀၀၉၁-၉၈၃၁၀၅၃၉၅၇
,Email-ndbatha@gmail.com, web-www.bmission.net;
www.bmission.blogspot.com.

၂။ ဆရာတော်ဒေါက်တာနန္ဒောဘာသကိုယ်စားဆရာတော် ဦးဉာဏဝရဘိဝံသ ပရိယတ္တိသာသနာဟိတဓမ္မာစရိယ၊ ဂဏဝါစကပဏ္ဍိတသ.စ.သ.အ-ဓမ္မာစရိယ၊မောင်မီး(ဓမ္မဝါစက)ကျောင်း၊ ဗိုလ်တထောင်ဘု ရားကြီးတိုက်ဗိုလ်တထောင်ဘုရားဝင်း ရန်ကုန်။ ဖုန်း- ၀၁- ၂၉၁၈၆၅၊၀၉-၅၀၂၄၆၅၃။

၃။ ဆရာတော်ဒေါက်တာနန္ဒောဘာသကိုယ်စားဆရာတော် ဦးနန္ဒဝံသ (ဓမ္မဝါစက) ခါတ်မီးကျောင်း။ ဖုန်း-၀၉-၄၉၂၈၀၉၀၆၊၀၉-၄၃၁၆၆၄၅၀။

၄။ ဒေါ်သီတာ-မဇ္ဈိမဂုဏ်ဗုဒ္ဓဂယာဘုရားဖူးပို့ ဆောင်ရေးအဖွဲ့ (မင်္ဂလာတောင်ညွန့် မြို့နယ်)
ရန်ကုန်-ဖုန်း-၀၁-၂၉၆၄၄၆၊ ၀၁၃၉၄၈၈၉၊ ၀၉၅၀၁၃၅၂၂။
မန္တလေး-ဖုန်း-၀၉-၄၂၀၁၀၉၉၄၊ ၀၉-၄၂၅၀၂၈၁၀၂။

၅။ ဒေါ်တင်တင်ကြည်-ခင်နန္ဒာအပြည်ပြည်ဆိုင်ရာခရီးသွားလုပ်ငန်း
ရန်ကုန် ဖုန်း-၀၁-၆၅၅၅၂၀၊ ၀၉-၅၀၄၂၄၃၉။
မန္တလေး ဖုန်း-၀၂-၇၅၄၂၇၊ ၀၉-၄၄၄၀၁၂၀၂၆။

၆။ ဒေါ်ကြည်ကြည်မြင့်-ရွှေမဟာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့။
ရန်ကုန် ဖုန်း-၀၁-၅၁၈၀၉၆၊ ၀၉-၅၁၈၈၃၇၆။
မန္တလေး ဖုန်း-၀၂-၇၃၆၇၇၊ ၀၉-၄၃၀၇၀၂၉၄။

၇။ မေသူမောင်- ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့။ (ကမာရွတ်)
ဖုန်း-၀၉-၅၁၉၂၄၄၈၊၀၉-၇၃၂၄၁၆၈၇၊၀၉-၅၀၁၂၄၇၀။

၈။ သမားတော် ဦးဘိုကြီး(အဂ္ဂမဟာသိရိသုဓမ္မမဏိဇောတဓရ) ဒေါ်သန်းသန်း(သိရိသုဓမ္မသီရီ)ပြည်လုံးချမ်းသာဆေးတိုက် (ဗဟန်း) ဖုန်း-၀၉-၅၄၁၇၅၃၅၊ ၀၁-၅၄၉၀၄၃။

၉။ ဦးအောင်သန်း(တာမွေ) ဖုန်း-၀၁-၅၅၇၆၄၉၊ ၀၉-၄၃၀၂၄၀၈၃။

၁၀။ ဒေါ်ခင်ခင်ဦး (တာမွေ) ဖုန်း-၀၉-၅၀၈၂၄၈၉။

၁၁။ ကိုရဲထွဋ်စိုး၊ဒေါ်မြမြစိုး (ရန်ကင်း) ဖုန်း-၀၉-၅၀၂၆၅၆၇။

၁၂။ ဒေါ်မာမာချို (လှိုင်) ဖုန်း-၀၁-၅၂၁၀၄၈။

၁၃။ ဦးတင်ဦး-ဒေါ်ခင်အေးမူ(ပန်းလှိုင်အိမ်ရာ-စမ်းချောင်း)
ဖုန်း-၀၉-၈၆၃၄၁၆၇၊ ၀၉-၅၁၆၆၅၇၈။

၁၄။ ဦးသန်းအောင်(အောင်ကားအလှနှင့်ကားအပိုပစ္စည်းဆိုင်) (ကျွန်တောလမ်း၊စမ်းချောင်း) ဖုန်း-၀၉-၅၀၂၀၂၆၄

၁၅။ သီတာအောင် ကားအလှဆင်ပစ္စည်းနှင့် မော်တော်ယာဉ်အပိုပစ္စည်းဆိုင်(ဘုရင့်နောင်ဈေးကြီး၊ရန်ကုန်မြို့) ဖုန်း-၀၉-၇၃၁၀၇၄၆၆

၁၅။ ဦးတိုး (ပဲခူး) ဖုန်း-၀၉-၅၃၀၀၆၉၇။

၁၆။ ဦးစိုးမြင့် (မန္တလေး) ဖုန်း-၀၂-၆၆၉၁၂။

၁၇။ ဦးအောင်ကြည်လှိုင် (မန္တလေး) ဖုန်း-၀၉-၂၀၆၀၉၃၅။

၁၈။ ကိုနေဇော်လင်း (မန္တလေး) ဖုန်း-၀၉-၆၅၀၄၄၃၅။

၁၉။ ဒေါ်ကြည်မြ (မန္တလေး) ဖုန်း-၀၂-၆၁၆၈၆။

၂၀။ ကိုနေဝင်းမောင် (မန္တလေး) ဖုန်း-၀၉-၆၄၆၃၁၀၄။

၂၁။ ဒေါက်တာဝင်းအောင်(ဒု-ညွှန်ကြားရေးမှူး)(ငြိမ်း)(မန္တလေး) (နန်းတော် သက်န်းတိုက်) ဖုန်း-၀၉-၂၀၀၁၁၅၀၊ ၀၂-၇၈၇၇၁။

၂၂။ ဒေါ်ခင်သန်းညွှန့်(မိုးမခစတိုး) (မိတ္ထီလာ) ဖုန်း-၀၆၄-၃၅၀၈၃။

၂၃။ ဒေါ်နွဲ့နွဲ့ဝင်း (မုံရွာ) ဖုန်း-၀၉-၅၁၉၈၀၇၅။

၂၄။ ဒေါ်သန်းစိန် (ဦးငြိမ်းနှင့်သားများစက်နှင့်စက်ပစ္စည်းရောင်းဝယ်ရေး) (မုံရွာ) ဖုန်း-၀၇၁-၂၁၄၁၃။

၂၅။ ကိုရွှေမောင် (မြင်းခြံ) ဖုန်း-၀၉-၂၂၁၆၂၂၀။

၂၆။ ဒေါ်လှလေး (အောင်လံ) ဖုန်း-၀၉-၅၃၃၀၇၆၉။

၂၇။ ဒေါ်မြင့်မြင့်ဆွေ (ပြည်) ဖုန်း-၀၅၃-၂၄၂၀၈။

၂၈။ ဦးကျော်မြင့်-ဒေါ်ရီရီမြင့် (ပခုက္ကူ) ဖုန်း-၀၆၂-၂၁၂၄၃။

၂၉။ ဦးကျော်မိုး-ဒေါ်သန်းသန်းဆွေ (ပခုက္ကူ) ဖုန်း-၀၉-၂၃၀၁၃၃၀။

၃၀။ ဦးစံကုလား-ဒေါ်မိုးမိုး(ကျောက်ပန်းတောင်း) ဖုန်း-၀၆၁-၅၀၇၃၀။

၃၁။ ကိုညီညီလွင်(ဗိတောက်ဂါ လျှပ်စစ်ပစ္စည်းရောင်းဝယ်ရေး) (ပြင်ဦးလွင်) ဖုန်း-၀၉-၂၀၄၅၅၁၁။

၃၂။ ဒေါ်စိုးစိုးခိုင်(စာပန်းအိမ်)(ပြင်ဦးလွင်) ဖုန်း-၀၉-၄၇၁၂၉၅၉၇။

၃၃။ ဦးဇော်ထွန်း-ဒေါ်မိုးမိုးနှင်း(နေပြည်တော်) ဖုန်း-၀၉-၄၃၀၃၇၂၉၃။

၃၄။ ဒေါ်အေးမာလာလွင် (နေပြည်တော်) ဖုန်း-၀၉-၄၉၂၉၉၆၅၅။

၃၅။ ဦးမောင်အိုက် (မုဆယ်) ဖုန်း-၀၉-၅၂၃၀၇၇၃။

၃၆။ မနန်းထွေးခမ်း (မုဆယ်) ဖုန်း-၀၉-၄၀၃၇၁၂၆၇၅၊၀၈၂-၅၂၈၁၁

၃၇။ ဦးဝင်းလွင်(ရွှေသံလွင် စည်ရိပ်မွန်)(ပုသိမ်) ဖုန်း-၀၄၂-၂၂၉၅၄။

၃၈။ ဒေါ်မြထွေး (ပုသိမ်) ဖုန်း-၀၉-၄၉၇၁၆၆၀၈။

၃၉။ မခင်သိန်းဌေး(ခ)မငယ်(စိန်ဆေးဆိုင်)(မော်လမြိုင်) ဖုန်း-၀၉-၈၇၀၁၆၈၂၊ ၀၅၇-၂၄၃၆၈၊ ၀၅၇-၂၆၁၆၆၊လိုင်းခွဲ ၁၁၅၀။

၄၀။ ဦးဂျာနူး+ဒေါ်ဥမ္မာမောင်(ဂျာနူးဆေးဆိုင်)M.O.M(ကချင်ပြည်နယ်၊မိုးကောင်းမြို့နယ်) ဖုန်း-၀၉-၄၇၀၂၄၆၂၅၊၀၇၄-၄၀၅၂၂

၄၁။ ဦးစဋ္ဌေသွင် အမှတ်(၇)ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး(ဘားအံ) ဖုန်း-၀၉-၄၂၅၀၅၀၉၉၅

၄၂။ ဒေါ်စန်းစန်းမြင့်(သန့်စင်စတိုး)(အင်းစိန်) ဖုန်း-၀၁-၆၄၂၅၅၂။

မြေအလှူရေစက်ချအနုမောဒနာတရားပွဲတွင်သီတဂူဆရာတော်ဘုရားကြီးဟောကြားတော်မူခဲ့သောသာသနာတော်တွင်ကျောင်းများဖြစ်ပေါ်လာရခြင်းအကြောင်းများ တရားတော်အခွေကိုမဇ္ဈိမဂုဏ် ဗုဒ္ဓဂယာဘုရားဖူးပို့ ဆောင်ရေးအဖွဲ့ မှဓမ္မဒါနလှူဒါန်းမည်ဖြစ်ပါသောကြောင့်အလှူခံဌာနများတွင်ရယူပူဇော်နိုင်ပါသည်။

ချမ်းသာသုခ

သစ်မွှေးပျိုးပင်အထူးနှုန်း
၄-ပေ၊၁-ပင် - ၁၅၀၀ိ/-
၅-ပေ၊၁-ပင် - ၁၈၀၀ိ/-
Ph:09-5198301,09-49202418

ရောင်းရန်

ပေ(၁၂ ၁/၂×၆၀)တိုက်ခန်း၊
ပထမထပ်၊ ဦးဖိုးလမ်း၊
စမ်းချောင်း။
ဖုန်း-၀၉-၇၃၁၅၁၅၅၉

ပျောက်ဆုံး

ကျွန်တော် ဦးအောင်ခင်သိန်း၏ နိုင်ငံကူးလက်မှတ်အမှတ် နံပါတ်မမှတ်မိ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ကျေးဇူးပြုပြီး အကြောင်းကြားစေလိုပါသည်။
ဖုန်း-၀၉-၄၂၀၀၄၆၀၈၀

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ဝါဆို၊ မြေကွက်အမှတ် ၅၀၀၊ မြေကွက်တည်နေရာအမှတ် ၂၃၊ အောင်တံခွန်လမ်း၊ ဝါဆိုရပ်ကွက်၊ ဒေါပုံမြို့နယ် ဦးလှဝင်း အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးလှဝင်း ကွယ်လွန်သဖြင့် ဒေါ်သန်းရီ ၁၂/ဒပန(နိုင်)၀၁၅၅၇၅က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာဒုံမြို့နယ်၊ ကာယဉာဏရပ်ကွက်၊ ဂရန်ပေးရေးစီမံချက်ရှိ မြေတိုင်းရပ်ကွက်အမှတ်(၅၃၂/စီ³)၊ မြေကွက်အမှတ်(၃/၁၇၅)၊ မြေကွက်တည်နေရာအမှတ် (၂၅၃)၊ ကာယ ၁၀ လမ်း၊ သဃ်န်းကျွန်းကြီးကျေးရွာရှိ တည်နေရာမြေကွက်အား ငယ်စာရင်းတွင် အမည်မသိအား မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတို့၏ ထောက်ခံချက်များအရ ဒေါ်မြင့်မြင့်စန်း ၇/ပခန(နိုင်)၁၁၂၄၇၆ ကိုယ်တိုင်က နှစ် ၆၀ မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာခြင်းအား ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊နည်းဥပဒေ-၂၀)
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး
၂၀၁၃ခုနှစ်၊ တရားမကြီးမှုအမှတ်-၇၄

ဦးညီညီသက်	နှင့်	၁။ ဒေါ်ယုယုဆွေ ၂။ ဦးကျော်ထွန်းလင်း
(တရားလို)		(တရားပြိုင်များ)

၁။ ဒေါ်ယုယုဆွေ၊အမှတ်(၂၇၈)၊သိမ်ဖြူလမ်း၊ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့(ယခုနေရပ်လိပ်စာမသိ)။
၂။ ဦးကျော်ထွန်းလင်း၊အမှတ်(၅၈)၊ကွေ့ရာဇ်လမ်း၊(၁၁၀)ရပ်ကွက်၊ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ရန်ကုန်မြို့(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင်တို့အပေါ်၌ တရားလိုဦးညီညီသက်က ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးစကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူသင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်အလက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၁၃ခုနှစ်၊ဇူလိုင်လ(၁)ရက်(၁၃၇၅ခုနှစ်၊နယုန်ဆုတ်(၈)ရက်) မွန်းမတည့်မီအချိန်အတွင်း အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင်သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာမရောက်ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုကြည့်ရှုလိုသည်များနှင့်သင်တို့ကထုချေတင်ပြအဆိုပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ်သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၃ ခုနှစ်၊ ဇွန်လ (၁၈)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

(အေးမြင့်)
မြို့နယ်တရားသူကြီး
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ထားဝယ်ခရိုင်တရားမရုံး၌
၂၀၁၃ခုနှစ် တရားမကြီးအမှုအမှတ်-၁၄

ဒေါ်လဲ့လဲ့ထွေး	နှင့်	ဒေါ်စန်းစန်းအေး
တရားလို		**တရားပြိုင်**

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဘုမ္မော်ရပ်၊ ဗိုလ်ဗထူးလမ်း၊ အမှတ် ၄၈၂နေ ဒေါ်စန်းစန်းအေး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဒေါ်လဲ့လဲ့ထွေးက ယုံကြည်အပ်နှံထားသော ငွေ(၁၄၀၀၀၀၀ိ/-)ပြန်ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဇူလိုင် ၁ရက် (၁၃၇၅ခုနှစ် နယုန်လပြည့်ကျော် ၈ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ ခုနှစ် ဇွန် ၁၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သိန်းဝင်း)
ဒုတိယခရိုင်တရားသူကြီး
ထားဝယ်ခရိုင်တရားရုံး

သွေးသည်အသက်

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်စိုးသန်းနိုင် ၁၁/ပဏတ(နိုင်)၀၄၆၉၇၂၏ နိုင်ငံကူးလက်မှတ် အမှတ် A-၄၄၉၈၄၂ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။ ဖုန်း-၀၉-၄၂၁၇၄၆၅၆၅

USA တွင်ကျောင်းတက်ရန်စဉ်းစားနေပါသလား?

USA အဆင့်မြင့်ကောလိပ်များတွင် ကျောင်းစရိတ် တစ်နှစ် မြန်မာငွေကျပ် သိန်းငါးဆယ်ခန့်ဖြင့် UK, Australia တို့ထက် သက်သာစွာ ပညာသင်ကြားနိုင်ပါသည်။

USA ၏ အကောင်းဆုံး College and University များတွင် IELTS, TOEFL, SAT မလိုအပ်ဘဲ စရိတ်သက်သာစွာဖြင့် နိုင်ငံတကာတွင်အလုပ်အကိုင်အခွင့်အလမ်းကောင်းသောဘာသာရပ်များကို မိမိစိတ်တိုင်းကျ ရွေးချယ် တက်ရောက်နိုင်ပါသည်။ ပညာသင်ဆုအခွင့်အလမ်းများလည်း ရှိသောကြောင့် မည်သူမဆိုအခမဲ့လာရောက်ဆွေးနွေးနိုင်ပါသည်။

AcademicTelesis Call Us: 01- 527168, 09 - 420087726
No. (73), 2nd Floor, corner of Ma Po St and Myaynigone Zay St, Sanchaung Tsp:, Yangon.
www.academictelesis.com

အကောင်းကြိုက်သူများအတွက်

သန့်

စပါယ်ရှယ်ပေါ်ဆန်းမွှေး၊ပဲဆီမွှေး၊ရှမ်းဆန်၊ဘာစမာတီ၊ဆန်မျိုးစုံ ရွေးချယ်သန့်စင်ပြီး(ခပ်ချက်)ဆန်များကိုအိမ်အရောက်ပို့ပေးပါသည်။ ယနေ့မှာကြားလျှင် ယနေ့အရောက်ပို့ ဝန်ဆောင်မှုဖြစ်ပါသည်။ (ပိတ်ရက်မရှိပါ။) ဆန်သားနှင့်ထမင်းအား နှစ်သက်မှုမရှိပါက တစ်ပတ်အတွင်း ပြန်လည် လဲလှယ်ပေးပါမည်။
ရွှေဘိုပေါ်ဆန်းမွှေးချပ်ပြီ။
ဘုရင့်နောင်ပွဲရုံမျက်နှာစာတန်း၊ဘုရင့်နောင်လမ်းမကြီး။
ဖုန်း-681209, 681504, 682934, 09 73249922

ဒေါ် စုစုလင်း (Silver Medalist)

B.A (Eng-UFL), DA, CAT, ACCA (Affiliate)
LCCI, FIA, ACCA & Dip IFR စာရင်းကိုင်သင်တန်းများ
၁၀ ယောက်သီးသန့် Special
June, July တန်းခွဲသစ်များစမည်။ (သင်တန်းအပ်လက်ခံပြီ)
၃၁(က)၊သီရိမင်္ဂလာလမ်း(အာတီးယားလမ်း)၊(လှည်းတန်း)၊ကမာရွတ်မြို့နယ်။
☎: 09-73059082 : 0950 39256, 0950 91636

မြေကွက်ရောင်းမည် (ညှိနှိုင်းဈေး)

(၁) မြောက်ဒဂုံ၊ဘေလီတံတား (နဂါးရုံဘုရားအနီး)၊
(၃၃)ရပ်ကွက်၊ငါးမာန်အောင်ဘုရားလမ်း၊လမ်းမထောင့်ကွက်၊
(၂) မြို့တောင်းအရှေ့ရပ်ကွက်၊ဇီးကုန်းလမ်းမကြီး၊
သန်လျင်မြို့နယ် (20×85)ပေ။ ဖုန်း -09 421070439
09 450012567 ပိုင်ရှင်ကိုယ်တိုင် ရောင်းမည်

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် ၁၂၃၊ မြေကွက်အမှတ် ၂၆၂ အမည်ပေါက် ဒေါ်သန်းကြည် ၁၂/ကမရ(နိုင်)၀၄၅၄၉၈က မြေချပါမစ်မိတ္တူမှန်ထုတ်ပေးပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ လာရောက်၍ သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများ တင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်မိတ္တူမှန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။
မြေနှင့် အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

Holiday အခြေခံယာဉ်မောင်းစက်ပြင်သင်တန်းကျောင်း

၂၀၁၃-ဇူလိုင်လ (၃)ရက်နေ့ ဖွင့်မည်
❖ အခြေခံယာဉ်မောင်းစက်ပြင်တစ်လပုံမှန်သင်တန်း
❖ စက်ပြင်အထူးသီးသန့် (၂)လသင်တန်း
(နယ်ဝေး ကျောင်းသား/သူများအတွက် နေရေး ထိုင်ရေး စီစဉ်ပေးမည်။)
အမှတ်၄၉(ခ)၊ သာစည်လမ်း၊ ၁၀ရပ်ကွက်၊
ထန်းခြောက်ပင်မှတ်တိုင်အနီး၊ ရွှေပြည်သာမြို့နယ်။
၀၉-၈၆၃၆၄၆၇၊ ၀၉-၄၂၂၂၀၆၁၅၇၊ ၀၉-၄၃၁၀၉၃၈၄

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မိုးမခလမ်း၊ အမှတ် ၅၈နေ ဦးကြည်ဝင်း၊ ဒေါ်ခင်စောဦးတို့၏ ညွှန်ကြားချက်များအရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

သားဖြစ်သူ စောငြိမ်းချမ်းလင်း ၁၂/စခန(နိုင်)၀၆၀၉၅၄သည် မိဘများအား နေ့စဉ်နဲ့အမျှအမျိုးမျိုးစိတ်ဆင်းရဲအောင် လုံးဝခွင့်မလွှတ်နိုင်သောအပြုအမူနှင့် အရှက်ရစေမည့်လုပ်ဆောင်မှုများကို အကြိမ်ကြိမ်ပြုလုပ်ခဲ့ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာလိုက်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဒေါ်နန်းမိုခမ်းအောင် LL.B၊ အထက်တန်းရှေ့နေ
အမှတ် ၃၉၊ အောင်မေတ္တာလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၂၂၀၇၇၃

ခရုသင်း - အမြန်ပျောက်စေသည့်သောက်ဆေး/ရောင်ခြည်နှင့်အထူးကုသည်။
လှေ/ရင်သား/သားအိမ်ကင်ဆာ-ခွဲစိတ်စရာမလိုဘဲပျောက်ကင်းအောင်ကုသပေးသည်။
ခုခံအားကျ ဟီးဘီး ရက်ရှည်ဖျား - CD4 တက်ပြီးပျောက်ကင်းအောင်ကုသည်။
ရေယုန်း၊(ဘီ)(စီ)အသဲရောဂါ - ရက်ပိုင်း/လပိုင်းပျောက်ကင်းအောင်ကုပေးသည်။
ဆီးချို/ဆီးတြိုက်/ကျောက်ပေါင်း - အထူးသောက်ဆေးလပိုင်းနှင့်အပြီးကုသည်။
(ဖုန်းဆက်မှာလျှင်အိမ်/နယ်အရောက် ဆေးပို့ပေးသည်)
ဂန္ဓီရသုခဆေးတိုက် (ဝေဠုလမ်းအနီး) ☎ ၀၁၆၉၁၄၉၂
ယ/၂၀၉၊ ဘောသိလမ်း၊ မ/ဥက္ကလာ၊ ရန်ကုန်။ ၀၉-၅၀၁၀၁၀၉၆

စီးပွားရေးကြော်ငြာများ

Victoria University College

၃/၂၀၁၃ ကျောင်းသားသစ်များလျှောက်လွှာခေါ်ယူခြင်း

၁။ ကမ္ဘာ့အဆင့်မီ Honours Degree ဘွဲ့အတွက် အောက်ဖော်ပြပါ ဘာသာရပ်များကို မြန်မာနိုင်ငံ Victoria University College တွင် ကျောင်းသားဗဟိုပြုသင်ကြားရေး WBL ပုံစံဖြင့် သင်ကြားပို့ချသည်။

1. Engineering (Civil / Electronics / Electrical / Mechanical / Architect)
2. Business (HR / Marketing / Management / Finance)
3. Computing and System Development
4. Health & Social Care / Medical Study Linked with Universities of Medicine UK / India / China / Russia

၂။ တက္ကသိုလ်ဝင်/GCSE / Uniprep စာမေးပွဲအောင်မြင်ပြီးသူများသည် First Degree=Level 5 =HND အတွက် Worked Based Learning ပုံစံဖြင့် ၂ နှစ်ခွဲကြာသင်ယူပြီးနောက် Victoria University နှင့် UK / USA တက္ကသိုလ်တို့ ပူးတွဲဖွင့်လှစ်သည့် Top Up Hons : Degree ကိုဆွတ်ခူးရန် မြန်မာနိုင်ငံ VUC တွင်ပင်တစ်နှစ် ဆက်လက်သင်ယူနိုင်သည်။ ပြည်ပနိုင်ငံတက္ကသိုလ်များသို့လည်းသွားရောက်သင်ယူနိုင်သည်။

၃။ အထက်ဖော်ပြပါသင်တန်းများကို ဇွန်လတွင်စတင်သင်ကြားမည်။

၄။ လျှောက်ထားသူများသည်ပညာအရည်အချင်းအထောက်အထားမိတ္တူ၊ပတ်စပို့အရွယ်ဓါတ်ပုံ(၃ပုံ)ပူးတွဲတင်ပြရမည်။ (နယ်ကျောင်းသား၊ ကျောင်းသူများကိုသာ VUC ၏ စည်းကမ်းတကျအုပ်ချုပ်သည့် အဆောင်၌နေခွင့်ပြုပါသည်။)

ကျောင်းသားရေးရာဌာန MMB Campus-အမှတ်(၁၆၆) အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ရန်ကုန်မြို့။ဖုန်း-၃၈၃၁၃၂၊ ၃၈၃၁၃၃၊ ၀၉၅၁၀၄၇၄၈ ၊ ၀၉၅၁၂၇၃၀၀။

KYN

ဒဂုံမြို့သစ်

အရှေ့ပိုင်း
မြောက်ပိုင်း
တောင်ပိုင်း
ဆိပ်ကမ်းမြို့နယ်ရှိ
မြေကွက်များ ဈေးကောင်း
ပေးဝယ်မည်။

ဖုန်း-၀၉-၇၃၀၂၂၃၀၊
၀၉-၃၁၁၂၂၅၀

ကျေးဇူးဆပ်ပါမည်

ကျွန်တော်ကျော်လွင် C.D.C အမှတ် (၁၄၆၈၃)၏ SID ကတ်ပျောက်ဆုံးသွားပါ၍ တွေ့ရှိထားပါက ဖုန်း-၀၉-၄၅၀၀၅၂၇၂၂ သို့ ဆက်သွယ်အကြောင်းကြားပါရန်နှင့် တွေ့ရှိသူအား ကျေးဇူးဆပ်ပါမည်။

သစ်မွှေးပျိုးပင် / မျိုးစေ့

- သစ်မွှေးပျိုးပင် (၁)ပေစွဲ ၊ **အပင်(၅၀၀၀)** အထက်မှာယူပါက **တစ်ပင်** (၅၀ဝိ/) နှုန်းမန္တလေးအရောက်ပို့ပေးမည်။
- လားရှိုး၊ တောင်ကြီး၊ပခုက္ကူ၊မုံရွာ၊တောင်ငူ၊ကျောက်ပန်းတောင်း၊ မင်းဘူး၊ ပြည်၊ ပဲခူး၊ ရန်ကုန်၊ မော်လမြိုင်၊ လှိုင်ကော်၊ ဘားအံ မြို့များသို့ **အပင်(၅၀၀၀)** အထက်မှယူက **တစ်ပင်** (၆၀ဝိ/) နှုန်းအရောက်ပို့ပေးမည်။
- **မျိုးစေ့ရောင်းပြီ၊ နယ်အရောက်ပို့ပါသည်။**

ဖုန်း - ၀၉-၃၃၀၈၁၃၇၉

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံအရှေ့မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၄၊မြေကွက်အမှတ်၁၃၈၇၊ မြေကွက်တည်နေရာအမှတ်၁၃၈၇၊ (၄)ရပ်ကွက်၊ ဒဂုံအရှေ့မြို့နယ် ဦးခင်မောင်မြင့်၊ ဒေါ်မေရီခင်မောင်မြင့် အမည်ပေါက် နှစ် ၆၀ဂရန်မြေအားအမည်ပေါက်ဦးခင်မောင်မြင့် ကွယ်လွန်သဖြင့် ဒေါ်မေရီခင်မောင်မြင့်၁၂/ဗဟန(နိုင်)၀၃၇၃၄၇ကတရားဝင်တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်းကျမ်းကျိန်လွှာနှင့်သေစာရင်းများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

အမျိုးသမီးများဘဝပြည့်စုံဖို့စက်ချုပ်ပညာသင်ထားစို့

အေးမွန်ရတနာ

အမျိုးသမီးအပ်ချုပ်သင်တန်း

သိုးမွှေးတစ်ချောင်းထိုး၊ ဘလောက်(စ်)မြန်မာဝတ်၊ ကလေးဝတ်၊ ရှပ်၊ စကပ်၊ ဘောင်းဘီ၊ ဂါဝန်

ဒေါ်ခင်ဝင်းရီ(B.A, BEd.)

အမှတ်(၃၉/ဂ)၊အောင်ဇေယျလမ်းမကြီး၊ကျောက်တုန်းမီးပွိုင့်အနီး၊ရန်တင်းမြို့နယ်။

အိမ်သို့လာရောက်သင်ပေးမည်။

တာမွေ၊သဃ်န်းကျွန်း၊ဗဟန်း၊ရန်တင်း၊တောင်ဥက္ကလာမြို့နယ်များအတွက်သာ

နယ်ဝေးသင်မည့်သူ နေစရာစီစဉ်ပေးမည်။

Ph: 579825, 564736, 09-420006809, 09-5193491

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ လက်ယက်စမ်းကျေးရွာအုပ်စု၊ ကွင်းအမှတ် ၆၅၂၊ ဦးပိုင်အမှတ် ၅၄၊ အလယ်ရွာ၊ အမှတ် (၃)နယ်မြေ၊ အိမ်အမှတ် ၃၉၂ဟုခေါ်တွင်သော အလျားပေ ၁၀၀×အနံပေ ၄၀အကျယ်ရှိ မြေကွက်နှင့်အကျိုးခံစားခွင့်များအားလုံးတို့ကို လက်ရှိပိုင်ဆိုင်သော ဦးမြင့်အောင်(ခ)ဗေလုဝ ၁၂/ဥကတ(နိုင်)၀၇၅၉၉၅ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ မြေကွက်အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားများဖြင့် ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အပြီးအပိုင်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးတင်ထွဋ် H.G.P, LL.B (Advocate)	**ဦးအေးဇော်မင်း LL.B**
တရားလွှတ်တော်ရှေ့နေ (စဥ်-၅၆၇၀/၉၁)	**အထက်တန်းရှေ့နေ(စဥ်-၂၈၅၁၄)**
ဒေါ်မြတ်သီတာအောင် LL.B	**ဒေါ်ကြာညိုနှင်းရည် LL.B**
အထက်တန်းရှေ့နေ (စဥ်-၃၂၄၁၈)	**အထက်တန်းရှေ့နေ(စဥ်-၃၄၄၁၆)**

အမှတ် ၁၃၂၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၁၁၉၂၅၆၊ ၀၉-၇၃၁၈၀၈၈၄၊ ၀၉-၇၃၁၃၅၇၄၅၊ ၀၉-၄၃၁၉၈၃၂၀

စင်ကာပူပေါ်လီ Nursing Diploma

ဝင်ခွင့်အထူးသင်တန်းဖွင့်မည်

ဦးဝင်းမြင့် ဖုန်း-၀၉-၇၃၁၉၃၅၆၁၊ ၀၉-၅၁၄၃၁၇၆
အမှတ်(၁)၊ ဝင်းသော်တာလမ်း၊(၃)ရပ်ကွက်၊ ကမာရွတ်

အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၁)ရပ်ကွက်၊ အနော်မာ၄လမ်း(အရှေ့)၊ အမှတ် ၅၉၄နေ ဒေါ်ခင်မာချို ၇/သနပ(နိုင်)၀၆၀၅၈၀၈၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၊ မြေကွက်အမှတ် ၈၃၀/ခဟုခေါ်တွင်သော အလျား×အနံပေ (၂၀×၆၀)ဘေးကပ်မြေပို ပေ (၁၀×၆၀)(ခေါင်းရင်း ဘက်ခြမ်း)မြေကွက်ပေါ်ရှိ အုတ်ညှပ်နှစ်ထပ်အိမ်အား ၂၄-၁၁-၂၀၁၂ရက်စွဲပါ**အိမ်နှင့်မြေ အရောင်းအဝယ်ပြုလုပ်ခြင်းဆိုင်ရာ ပဋိညာဉ်စာချုပ်** ပြုလုပ်ပြီး (၁)ဒေါ်ခင်သန်းလှိုင်နှင့် (၂)ဒေါ်ခင်သန်းနွယ်တို့ထံမှ စာချုပ်စာတမ်းအဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ခင်မာချိုမှ အရောင်းအဝယ်ပြုလုပ်သောအိမ်မြေနှင့် စာချုပ်စာတမ်းမူရင်းတို့ကို လက်ရောက်လွှဲပြောင်းနေထိုင်ခဲ့ပြီးဖြစ်ပါသည်။

အဆိုပါမြေနှင့်အိမ်အား ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ခင်မာချို သာတရားဝင်ပိုင်ဆိုင်ပြီး ၄င်း၏အတိအလင်းခွင့်ပြုချက်မရဘဲ ဝင်ရောက်ကျူးကျော်နေထိုင်ခြင်း၊ ငှားရမ်းခြင်း၊ ရောင်းချခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများမပြုလုပ်ရန် သတိပေးကြေညာအပ်ပါသည်။ အကယ်၍ ပြုလုပ်ခဲ့ပါက ပြုလုပ်သူနှင့် ပါဝင်ပတ်သက်သူများအပေါ် တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးထွန်းလင်းအောင် LL.B,D.B.L, D.M.L — **ဒေါ်ဖြူဖြူနိုင် LL.B,D.B.L, D.M.L**

တရားလွှတ်တော်ရှေ့နေများ

အမှတ် ၂၇ဘီ၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

စမ်းချောင်းမြို့နယ်၊ မင်းလမ်း၊ အမှတ် (၆၃)ရှိ နှစ်ခန်းတွဲ ခုနစ်ထပ်တိုက်၏ ငါးလွှာ/B(ခြေရင်း)၊ ပေ(၁၇×၄၀)တိုက်ခန်း ဝယ်ယူရန် ကန့်ကွက်နိုင်ပါသည်

အထက်ပါတိုက်ခန်းအား လက်ရှိနေထိုင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ကျော့ကျော့ခိုင် ၁၂/မဂတ(နိုင်)၀၇၀၈၁၂ထံမှ အပျောက်စနစ်ဖြင့် ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ အကျိုးခံစားခွင့် ပိုင်ရေးဆိုင်ခွင့်ရှိသူများ ယနေ့မှစ၍ လေးရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဦးဘုန်းမြင့် (ငါးသိုင်းချောင်း) LL.B (အောင်သပြေမိုးအကျိုးဆောင်)
တရားလွှတ်တော်ရှေ့နေ (၃၁၄၈/၈၅)၊ Japan Tokyo 4 years, Legal Consultant
အမှတ် ၂၂၊ ဝါးခယ်မလမ်း၊ စမ်းချောင်းမြို့နယ်၊
ဖုန်း-၀၉-၄၂၀၇၁၀၈၈၈၊ ၀၉-၄၂၀၇၂၆၉၉၉၊ ၀၁-၅၁၈၁၄၈

ကန့်ကွက်ရန်ကြော်ငြာ

